www.burmeseclassic.com

# သိုးဆောင်း

BURMESE CLASSIC

# မိုးမိဃော

# အိမ်မက်များ





www.burmeseclassic.com

www.burmeseclassic.com




ပုံနှိပ်မှတ်တမ်း
၂၀၁၀ ခုနှစ်၊ (ဇီဖင်ဘာလ)၊ အုပ်ရေ (၅၀၀)၊ ပထမအကြိမ်။
ဦး[illegible]၊ ကောင်းမြတ်နှင့်ပုံနှိပ်တိုက် (မြဲ-၀၀၀၇၇)၊ အမှတ် (၁၄၅)၊ နှင်းဆီ[illegible]လမ်း၊ [illegible]။
[illegible] (မြဲ-၀၀၂၇၆)၊ အမှတ် (၇) သီတာ[illegible]လမ်း၊ ကျောက်[illegible]၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# သိုးဆောင်း

BURMESE CLASSIC

မိုးမိဃော

# အိမ်မက်များ

www.burmeseclassic.com

www.burmeseclassic.com



# မိုးမိသောအိမ်မက်များ

www.burmeseclassic.com

www.burmeseclassic.com





မိုး တွေ ဝုန်းဒိုင်းကျဲရွာနေသော ညတစ်ည။

ကြီးမားသော အိမ်ကြီးတစ်လုံးတွင်းမှ အော်ဟစ်သံနှစ်သံကို ကြားနေရသည်။ တစ်သံက အဖွားအိုကြီးတစ်ယောက်ရဲ့ အသံ၊ နောက်တစ်သံက ကလေးမလေးတစ်ယောက်ရဲ့ အသံ။

အိမ်ကြီး၏ အိမ်ရှေ့တံခါးကို အဖွားကြီးက ဝုန်းခနဲ ဆွဲဖွင့်လိုက်သည်။ ရေစက်တွေ အိမ်ထဲ ဖွားခနဲ လာစင်သည်။

"ဖွားဖွား. . . ဘာလုပ်မလို့လဲ"

"ဟီးဟီးဟီး. . . ညည်း ဘာမှမမေးနဲ့ လာစမ်း"

အဖွားကြီးက ကြောက်မက်ဖွယ်ကောင်းအောင် ရယ်ပြီး ကောင်မလေးကို အတင်းဆွဲခေါ်သွားသည်။

အပြင်မှာ မိုးသည်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးရေထဲသို့ ကောင်မလေးကို တွန်းလွှတ်လိုက်သည်။ တွန်းအားကြောင့် အရှိန်မထိန်းနိုင်ဘဲ ကောင်မလေး လဲပြိုသွားသည်။

အဖွားကြီးက ပါးစုံကြီးနှစ်ဖက်ကို ပြဲအောင်ရယ်ရင်း. . .

"ညည်း မိုးရေထဲ နေခဲ့၊ ညည်းချမ်းနေတာကို ငါကြည့်မယ်"

အဖွားကြီးက အိမ်ကြီးထဲ ပြန်ဝင်ကာ အိမ်တံခါးကို ဝုန်းခနဲ ပိတ်လိုက်သည်။ မိုးသံတွေကြောင့် တံခါးပိတ်သံက သိပ်ကျယ်လောင်မသွား။ ကောင်မလေး လဲနေရာက ထပြီး အဖွားကြီးနောက် အတင်းပြေးလိုက်၏။ ဒါပေမဲ့ မမှီလိုက်. . .

တံခါးကို တဒုန်းဒုန်းထုကာ ကလေးမလေး အော်ငိုနေသည်။

"ဖွားဖွား. . တံခါးဖွင့်ပေးပါ"

"ဖွားဖွား. . တံခါးဖွင့်ပေးပါ"

ကလေးမလေးက အော်ပေမယ့် တံခါးက ပွင့်မလာ။

အဖွားကြီးက အိမ်အပေါ်ထပ် ဝရံတာမှ ကောင်မလေးကို ငုံ့ကြည့်ပြီး သွားအိုကြီးများပေါ်အောင် တဟီးဟီးရယ်နေသည်။

"ဟီးဟီးဟီးဟီး. . "

"ဖွားဖွား သမီးကို အိမ်ထဲ ဝင်ခွင့်ပေးပါ"

"ဟီးဟီးဟီးဟီး. . "

"ဖွားဖွား သမီးကြောက်တယ်၊ သမီးကို အဲ့လိုမလုပ်ပါနဲ့"

"ဟီးဟီးဟီးဟီး. . "

လျှပ်ပြက်သောအခိုက် အဖွားကြီးသွားများက ကြောက်စရာကောင်းအောင် လင်းလက်သွားသည်။ မိုးတွေကလည်း ဘာကိုမှန်းမသိ စိတ်ဆိုးမာန်ဆိုးဖြင့် ဝုန်းဒိုင်းကျဲ ရွာသွန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အေးစက်သောမိုးရေတွေကြားမှာ ကလေးမလေး တဖြည်းဖြည်း အချမ်းလွန်လာသည်။ နောက်ဆုံး မျက်ဖြူလန်ကာ မေ့မျောသွားလေတော့သည် ။

ဝရံတာမှ အဖွားကြီးသည်လည်း တပြိုင်တည်းဆိုသလို တဟီးဟီးရယ်နေရာမှ အရုပ်ကြိုးပြတ် ခွေလဲကျသွားတော့သည် ။



www.burmeseclassic.com

www.burmeseclassic.com






မယုံရင်နေ၊ မစော်ကားနဲ့. . .
မယုံရင်နေ၊ မလှောင်ပြောင်နဲ့. . .
ကောင်းကင်ဆိုတာ. . .
. . . .
. . . . . . .
အပေါ်ကမိုးပြီး ငါတို့ကို ငုံ့ကြည့်နေတဲ့အရာလေ. . .။



www.burmeseclassic.com

www.burmeseclassic.com





# I

**စင်**ပေါ်ကဆိုနေသည့် သီချင်းကြောင့်လည်း ပူလောင်သည်။ အပြင်က ရာသီဥတု အခင်းကျင်းကြောင့်လည်း ပူလောင်သည်။ ရင်ထဲက အကြောင်းအရာကြောင့်လည်း ပူလောင်နေသည်။

သူမကို ဖွင့်ပြောမည့်အရေး သူငယ်ချင်းတွေကို လင်းနေ အားကိုးတကြီး တိုင်ပင်နေမိသည်။ ဘီယာဆိုင်ကလည်း ညနေခင်းနှင့်လျော်ညီစွာ အေးအေးလူလူစကားပြောလို့မရအောင် ဆူညံပွက်လောရိုက်နေသည် ။

"ဟေ့ကောင်တွေ. . ငါ့ကိုကြည့်ဦး"

လင်းနေ အော်လိုက်သည်။ သူငယ်ချင်းသုံးယောက်အနက် ဆွေဦးတစ်ယောက်ပဲ စွေကြည့်လာသည်။ ကျန်တဲ့ကောင်တွေက စင်ပေါ်က ကီးချော်ရုံမဟုတ် ပေါင်ပါပေါ်အောင် ဆိုနေသည့် အဆိုရှင်ကောင်မလေးကိုပဲ ကြည့်နေသည်။ သူ့ကို လှားလားမျှ ဂရု



www.burmeseclassic.com

www.burmeseclassic.com



*မှစိုက်၊ ဒီလိုဆိုတော့ give & take သဘောတရားအရ လင်းနေ*
တင်းလာရသည်။

"အေး. . မင်းတို့ အဲ့ဒါပဲ ငမ်းနေမယ်ဆို ငါဒိုးတော့မယ်၊ ဒီဝိုင်းလည်း ကိုယ့်ဟာကိုယ် ရှင်းလိုက်ကြတော့"

"ဟမ်. ."

"ဟေ. ."

"အဲ. . သူငယ်ချင်း ဘာပြောမလို့လဲ ပြောလေကွာ. . ."

ဒီတော့မှ မျက်ခွက်တွေ၊ ခေါင်းတွေ၊ နှာခေါင်းတွေ သူ့ဘက်ပြန်လှည့်လာသည်။ ထထွက်သွားဖို့ပြင်နေသော သူ့ကိုလည်း အတင်းဆွဲထိုင်ခိုင်းလိုက်ကြ၏။

"မင်းကလည်း စိတ်ချည်းပဲ"

"ဆိတ်တင်မကဘူး. . ကြက်ဆာတေးတွေလည်း မှာထားတယ်၊ အမြည်းတွေကျ အစုံမှာတယ်. . ငါ့စကားကျ ဘယ်ကောင်မှ သောက်ဖတ်မလုပ်ကြဘူးလေ"

"အေးအေး. . လုပ်မယ်. . ပြောပြော"

"ပြောပြီးပြီလေ"

"ဟင်. . အခုမှ အာရုံစိုက်မလို့ဟာ၊ ပြန်ပြောပြပါ သူငယ်ချင်းရာ. . နော်"

လင်းနေ တစ်ခေါက်ပြန်ပြောရဦးမည်။ ပြန်ပြောရမည်ဆိုတော့ မျက်လုံးထဲမှာ ချစ်စရာကောင်းသည့် မှည့်ကလေးနှင့် မိန်းမပျိုတစ်ဦးကို မြင်ယောင်လာသည်။ ရင်တွင်းမှာ ရှတတ အရသာတစ်မျိုးကို ခံစားလိုက်ရ၏။ မြင်ယောင်ရုံနှင့် ရင်ခုန်စေသည့် မိန်းမလေးကြောင့် သူ့နှုတ်ခမ်းတွေ ပြုံးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဆုကို အတိအလင်း ဖွင့်ပြောသင့်ပြီလို့ ထင်တယ်ကွ၊ အဲ့ဒါ ငါဘယ်လိုလုပ်ရမလဲ. . ဘယ်လိုဖွင့်ပြောသင့်လဲ"

သော်ကြီးက လင်းနေကို ဆွေဦးလို စွေမကြည့်ဘဲ တည့်တည့်ကြည့်ကာ. . .

"ဘာလဲ. . မင်းအချစ်ရေးကို ငါတို့က မြန်မာဗွီဒီယိုတွေထဲက ဇာတ်ရံတွေလို့ အားကျိုးမာန်တက် စဉ်းစားပေးရမယ်ပေါ့လေ ဟုတ်လား. ."

"မင်းကလည်းကွာ. . ဇာတ်ရံတွေ, အမိကတွေ မရှိပါဘူး တိုယ့်သူငယ်ချင်းကိစ္စပဲ မင်းတို့ကလည်း. . . တစ်ဝိုင်းကြီးတောင် တိုက်ထားရတဲ့ဥစ္စာ"

"အေးပါ. . ငါတို့ကလည်း ထူးထူးခြားခြား ဘီယာသောက်ဖို့ မင်းလာခေါ်တည်းက တစ်ခုခုလို့တော့ ထင်ထားပြီးသားပါ. . ."

"ထင်ထားပြီးသားဆိုတော့လည်း ပိုကောင်းတာပေါ့. . လုပ်ဦး ဆုကို ဘယ်လိုဖွင့်ပြောရင်ကောင်းမလဲ၊ ငါ့စိတ်ထဲမှာတော့ နှေ့ရှေ့ညရှေ့ မလုပ်ချင်တော့ဘူး. . မနက်ဖြန်လောက်ကို ဖွင့်ပြောဖို့ စဉ်းစားထားတယ်. . ."

"လွယ်ပါတယ်ကွာ. . . ပန်းကုံးစွပ်လိုက်"

"ဟင်. . ."

ခန့်တည် အကြံပေးတာပါ။

လင်းနေ မျက်နှာရှုံ့မဲ့သွားရင်း. . .

"ဘာကို ပန်းကုံးစွပ်ရမှာလဲ"

"အော်. . အေး. . ဆောရီး. . စင်ပေါ်က ကျောင်းမလေးတို ပန်းကုံးစွပ်ချင်တာနဲ့ ရောသွားလို့. . ပန်းစည်းပေးလိုက်လို့

www.burmeseclassic.com



ပြောတာ၊ သူ သင်တန်းကအထွက်. . သူ့ရှေ့ ဘွားခနဲ ခုန်ဝင်ပြီး
[illegible]"

ရိုးလွန်း၏။ ခန့်တည်ပေးတဲ့ အကြံကလည်း သမားရိုးကျ
ထက် နည်းနည်းမှမပို။ ဘာ ဆွဲဆောင်မှုမှ မရှိ။ လင်းနေ ခန့်တည်ကို
အလိုမကျသလို တစ်ချက်ကြည့်ပြီးမှ သော်ကြီးဘက်လှည့်တော့. .

"ဒါဆို. . ဘောက်ဆူးပေးလိုက်ကွာ. . ."

"ဟေ. . ."

"အော်. . . အေး. . . ငါ စင်ပေါ်က ကောင်မလေးကို
ဘောက်ဆူးပေးချင်တာနဲ့ ရောသွားလို့. .၊ ဒီလိုကွာ. . တိရိစ္ဆာန်
အကောင်လေးတစ်ကောင် လက်ဆောင်ပေးလိုက်၊ ဆုက တိရိစ္ဆာန်
ချစ်တတ်တာ မင်းအသိပဲ၊ ပြီးတော့ မင်းနဲ့ဆု စခင်တော့လည်း အဲ့ဒီ
လို အကောင်ပလောင်တွေကြောင့်ပဲ စခင်တာလေ၊ အဲဒါကြောင့်
အကောင်လေးတစ်ကောင်လောက် လက်ဆောင်ပေးပြီး ချစ်ရေး
ဆိုလိုက်"

လင်းနေ နည်းနည်းပြုံးသွားသည်။ သော်ကြီးခေါင်းကမှ
မဆိုး။ ဘယ်ဘက်ဦးနှောက် အလုပ်လုပ်သေးသည်ဟု ထင်ရသည်။
ထို့ကြောင့် လင်းနေ ထပ်မံအားကိုးတကြီးဖြင့် မေးလိုက်သည်။

"အဲ့တော့ ငါက ဘာအကောင်ပေးရမလဲ"

"တောက်တဲ့"

"ဟင်. ."

"တောက်တဲ့လေ. .၊ တောက်တဲ့က ကပ်ပြီးရင် တော်ရော
နဲ့ မကွာဘူးကွ၊ မိုးကြိုးပစ်မှ ကွာတာ. . အဲတော့. . မင်းအချစ်တွေ
ကလည်း သူ့ကိုယ်ပေါ်မှာ တောက်တဲ့လို မခွာတမ်းကပ်ညှိနေမယ်



www.burmeseclassic.com

www.burmeseclassic.com


ဆိုတဲ့ အမိပ္ပါယ်ပေါ့ကွာ"

ဘေးနားမှာ တောက်တဲ့ရှိရင် သော်ကြီးပါးစပ်ထဲသာ ပစ်ထည့်လိုက်ချင်တော့သည်။ ကိုယ့်ချစ်သူကို ပေးမယ့်လက်ဆောင်က တောက်တဲ့. . တဲ့။ ဒါကြောင့် ဒီကောင်တွေ တစ်ကောင်မှ ရည်းစားမရတာ။

အခြေနေ အချိန်ခါနဲ့ ဦးနှောက်အနေအထားတွေအရ ဆက်ထိုင်နေရင် အာရုံနောက်တာကလွဲပြီး ပိုထူးလာမည်မဟုတ်မှန်း သိလိုက်ရသည်။ လွန်ခဲ့သောဆယ်စုနှစ်များဆီကအတိုင်း ဒီကောင်တွေဦးနှောက်မှာ ဖွံ့ဖြိုးမလာခဲ့။ ဆရာတင်မိတာကိုက ကိုယ့်အမှားပင်။ ထို့ကြောင့် ပိုက်ဆံတစ်ချို့ကိုထုတ်ကာ. . .

"အလကားပဲ. . သူများတိုက်တာ ထိုင်သောက်ဖို့ကလွဲပြီး ခုချိန်ထိ မင်းတို့ဘာမှအားကိုးလို့ မရဘူး၊ အဲတော့. . . ငါကလည်း မင်းတို့ကို တစ်ဝိုင်းစာမတိုက်နိုင်ဘူး၊ သနားသောအားဖြင့် တစ်ဝက်ဖိုးတော့ ရှင်းပေးခဲ့မယ်၊ ကျန်တာမင်းတို့ဘာသာ ကြိုတ်ကြိုက်လိုက်ကြတော့. . .

"ဟာ. . ဟေ့ကောင်. . "

"လင်းနေ. . မလုပ်နဲ့လေ"


ပြောပြောဆိုဆို ထောင်တန်အချို့ စားပွဲပေါ်ပစ်တင်ပြီး ထွက်ခဲ့လိုက်သည်။ နောက်ဖက်မှ အောင်ဟစ်တားမြစ်သံများကို ကြားရ၏။ လှည့်ကြည့်မနေတော့. . .

တန်ရာတန်ရာပဲကောင်းသည်လေ. . .။


www.burmeseclassic.com

www.burmeseclassic.com





# II

ကား တွေပိတ်ကြပ်လွန်းသော ရန်ကုန်မြို့တော်ကြီးမှာ သူက Taxi မောင်းသူဖြစ်သည်။ ထုံးစံအတိုင်း ကျောင်းပြီးတော့ လုပ်စရာအလုပ်မရှိသည်မို့ ဦးလေးနှင့် Taxi တစ်စီး အတူစပ်ဝယ်ပြီး ကိုယ့်အလုပ်အကိုင်ကိုယ် ဖန်တီးထားရခြင်းဖြစ်၏။

အပြင်မှာ အလုပ်ရှာနေလို့ကတော့ ကိုယ့်ပညာအရည်အချင်းနှင့် ဘာအလုပ်မှ ဖြစ်ဖြစ်မြောက်မြောက် ရဖို့မလွယ်။ ကိုယ့်ထက်အစပေါင်းများစွာ ပညာရေးလိုက်စားထားသူတွေတောင် လကုန်ခါနီးတိုင်း ပုန်းကြောင်နေရတဲ့ခေတ်လေ။

ဘာပဲဖြစ်ဖြစ် Taxi မောင်းသူတစ်ယောက်အနေနဲ့ ရန်ကုန်မြို့မှာ မြင်မကောင်းအောင် ကားတွေကြပ်လာသည့် ကိစ္စကိုတော့ ကျေးဇူးတင်သည်။ ကားကြပ်တော့ လူတွေသွားရလာရ ခက်ခဲ၊



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာနဲ့တစ်နေရာ ဆွေမေ့မျိုးမေ့ကြာ၊ ကြာတော့ စိတ်မရှည်တဲ့လူတွေ ဘတ်စ်ကားပေါ်ကနေ Taxi ပေါ်ရောက်၊ ကိုယ်တွေကလည်း ကားပိတ်တာအကြောင်းပြ၊ ဆီဈေးကြီးတာအကြောင်းပြပြီး နှစ်ဆလောက်ပိုတောင်း၊ သွားရတဲ့ခရီးကနည်းနည်း ရတဲ့ပိုက်ဆံကတနင့်တပိုး၊ ဆိုတောကာ. . . Taxi ဆရာဖြစ်ပေမဲ့ လကုန်ရက်နီးတိုင်း ပုန်းကြောင်နေသူတွေထက်တော့ ဒီအလုပ်က အများကြီးပိုကိုက်သည်။ နောက်ပြီး ကားဆရာဆိုလေတော့ ဆရာလည်းအခေါ်ခံရသေး. . .

ခုလည်း ဘီယာတစ်ဝက်ဖိုးရှင်းခဲ့တာတောင် နေ့ထွက်ကိုက်နေပြီမို့ ကားကို လူရှင်းသောလမ်းဘက်ဆီ ချိုးကွေ့မောင်းလာခဲ့သည်။ လောလောဆယ် သူ့ရင်ထဲမှာ ဆုဆိုသော မိန်းကလေးတစ်ဦးနဲ့ပတ်သက်ပြီး ရှိန်းမြပူနွေးနေသည်လေ၊ ရှေ့ဆက်ရန်လမ်းစဉ်များကိုလည်း စဉ်းစားရဦးမည်။ ဆုကတော့ မီးနီမပြထား၊ ဒါပေမဲ့ ကိုယ့်ဘက်က အခင်းကျင်းကောင်းဖို့တော့ လိုအပ်သည်။

စဉ်းစားရင်း မောင်းလာလိုက်တာ တစ်နေရာအရောက်တွင် ထင်မှတ်မထားသော အချိုးကွေ့တစ်ခုကို ရင်ဆိုင်လိုက်ရ၏။

"ဟာ. ."

"ကျွိ. . ."

ကားမီးနှစ်လုံးရှေ့သို့ အမှတ်မထင် ရောက်လာသော အရိပ်မဲတစ်ခု၊ ကားတစ်စင်းလုံး ဖရိုဖရဲ ယိမ်းခါသွားသည်။ ဘရိတ်နင်းသံ၊ လမ်းနှင့် ကားဘီးပွတ်တိုက်သံတို့လည်း ဆူညံသွားသည်။

တိုက်မိသံတော့ မကြား။ ဒါပေမဲ့ အရှိန်ပြင်းသည့်အကြောင့် သူ့မျက်နှာနှင့် စတီယာတိုင်တော့ ခွပ်ခနဲ ရိုက်မိသွားသည်။ တိစ္စ



www.burmeseclassic.com

www.burmeseclassic.com



မရှိ၊ အရာအားလုံးက တဒင်္ဂငြိမ်ကျသွားသည်။ အထိတ်တလန့် ခေါင်းထောင်ကြည့်မိတော့. . .

ကားရှေ့မှာ ဆံပင်,မုတ်ဆိတ် စုတ်ဖွားဖြင့် လူကြီးတစ်ယောက် မတ်တပ်ရပ်နေသည်။ မတိုက်မိဘူးဟူသည့် အသိကြောင့် ရင်ထဲမှာ တစ်ဝက်တော့ အေးသွားသည်။ ဒါပေမဲ့. . . ကားမီးရောင် ဖြင့်မြင်ရသော မြင်ကွင်းက လူကိုခြောက်ခြားသွားစေ၏။

သူ့ကိုစူးစူးကြည့်ပြီး မလှုပ်မယှက်မတ်တပ်ရပ်နေပုံက ကြောက်ရုပ်ကြီးတစ်ရုပ်အလား၊ အသက်ကိုတော့ ခန့်မှန်းဖို့မလွယ်၊ ဒါပေမဲ့ ငါးဆယ်အောက်တော့ မရောက်တန်ရာ၊ ကိုယ်ပေါ်တင်ထားသော ယောဂီရောင်ဝတ်စုံက ချေးအထပ်ထပ် အဖာရာဗလပွ ဆွဲပြီး အမည်းရောင်ပေါက်နေသည်။

လည်ပင်းတွင် ကလေးများပိုက်ဆံပစ်သည့် ကျောက်ဒိုး အရွယ်ရှိသော ပုတီးလုံးများပါသည့် ပုတီးကြီး တစ်ကုံးကိုဆွဲထားသည်။ လွယ်အိတ်စုတ်ကြီးတစ်လုံးကို ဘယ်ဘက်ပုခုံးမှာလွယ်ထားပြီး ညာဘက်လက်က တောင်ဝှေးကြီးတစ်ချောင်းကို ကိုင်ထားသည်။

မသိရင် ပုဂံခေတ်က အရည်းကြီးလိုလို၊ အိန္ဒိယက ဆာဒူးကြီးလိုလို၊ ပုပ္ပါးတောင်က အဘထွက်ပွဲသွားမည့်သူလိုလို ဖြစ်နေသည်။

ကားမှန်ကိုဖြတ်ပြီး ကြည့်လာသည့်အကြည့်တွေက စူးရဲလွန်းနေရကာ. . လင်းနေ အလိုလိုကြောက်လာမိတော့၏။

ထိုစဉ်မှာပဲ. . အဖိုးကြီးက ကားရှိရာကိုမပြေးရုံတမည် လျှောက်လာရင်း နောက်ခန်းတံခါးကို ဝုန်းခနဲ ဆွဲဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကားတွင်းကို မပြောမဆိုဝင်ထိုင်ရင်း. . .

"မောင်း. . မောင်း. . "

"ဗျာ. . "

"မဗျာနဲ့ ဒီနေရာနဲ့ဝေးရာကို အမြန်မောင်းစမ်း"

ဝင်ထိုင်လိုက်သောအရှိန်ကြောင့်ကားမှာ ငြိမ့်ခနဲ လှုပ်ရှားသွား၏။ နှစ်လိုဖွယ်လုံးဝမရှိသောပုံစံနှင့် ဘယ်လိုမှမလိုက်ဖက်သည့် မွှေးရနံ့တစ်ခုကိုလည်း ရလိုက်သည်။

"မောင်းလေကွာ. . . ဘာလုပ်နေတာလဲ၊ ငါ ပစ်လိုက်ရမလား"

ပစ်လိုက်ရမလားဆိုပြီး အဖိုးကြီးက တောင်ဝှေးကို သေနတ်ပုံစံလုပ်ကာ လင်းနေကိုချိန်သည်။ အနည်းငယ်တော့ ကြောင်သွားရသည်။

ဘာလဲဟ. . .။ ဒါပေမဲ့ သိပ်အကြာကြီး စဉ်းစားချိန်မရလိုက်၊ တောင်ဝှေးက ကျည်ဆန်မထွက်နိုင်မှန်း သိသော်လည်း ဘာမှန်းမသိသော အဖိုးကြီးဖြစ်သည်မို့ ကြောက်ကြောက်နှင့် ကားစက်နှိုးကာ အမြန်မောင်းထွက်လိုက်သည်။

တော်ကြာ မျော်အတတ်တွေနဲ့ ကိုယ့်ပြုစားသွားမှဖြင့်. . .

"မြန်မြန်မောင်းကွ. . မရသေးဘူး၊ မရသေးဘူး. . အရှိန်တင်"

အဖိုးကြီးက အရှိန်နှင့်မောင်းခိုင်းသည်။ နောက်ကိုလည်း လှည့်ကြည့်လှည့်ကြည့်ဖြင့် ကျောမလုံသလို၊ မမြင်ရသည့် ဘာဘာညာညာတွေပဲ ပါလာသလို. . ပုံစံက တစ်မျိုးဖြစ်နေသည်။ လင်းနေ အတော်ကြာအောင် အရှိန်ဖြင့် မောင်းလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖိုးကြီးက ပွစိပွစိဖြင့် ဘာမှန်းမသိသည့် ဂါထာတွေ ရွတ်နေသည်။ ဘာတွေများဖြစ်လာမလဲ. . .၊ ကားမောင်းနေရင်းမှပင် လင်းနေ ဘုရားတနေရ၏။

(၁၅)မိနစ်လောက် ကြာသွားသည်ထင်၏။ ဂါထာရွတ်သံ ရပ်သွားသည်။ ထို့နောက်မျက်လုံးဖွင့်လာကာ နောက်ကိုလှည့်ကြည့်သည်။ အတော်ကြီးစိတ်ချအောင် ကြည့်ပြီးသွားတော့မှ. . သက်ပြင်းကိုချရင်း. . .

"ကျေးဇူးပဲ ကောင်လေးရ၊ မင်းကြောင့် ငါလွတ်လာတာ"

"ခင်ဗျာ"

"ငါ့နောက်ကို ရန်သူတွေ လိုက်နေလို့ကွ"

"ဟင်. ."

ရန်သူတဲ့၊ သူကတော့ ဘာမှမတွေ့. . .။

"ဒီကောင်တွေ အုပ်စုဖွဲ့ပြီး ငါ့နောက်ကိုလိုက်လာတာ. . တော်သေးတယ် မင်းကားနဲ့မှလာတိုးလို့၊ ခုတော့ ဂွတ်သွားပါပြီ၊ သူတို့ နောက်မှာကျန်ခဲ့ပြီ. . ခွိးခွိး. . "

ရယ်ပင်နေလိုက်သေးသည်။

"တစ်ခါတစ်ခါ ပြန်လာရတာလည်း မလွယ်ပါဘူးကွာ. . တောင်းတတဲ့လူတွေရှိလို့သာ. . . "

ဘယ်သူကတောင်းတပြီး ဘယ်ကလာရလို့ မလွယ်တာလဲ မသိ၊ ဒါပေမဲ့ သူ့ဘက်ကတော့ တာဝန်အရ ဘယ်ကိုသွားမှာလဲ မေးရမည်။ မောင်းဆိုတိုင်း မောင်းရအောင် ကားက ရေငုံပြီး သွားလို့ရသည့်အမျိုးမဟုတ်၊ အခြေနေကြည့်ရတာလည်း အနည်းငယ် အေးချမ်းသွားပြီထင်ရကာ စိတ်ကိုတင်း၍. . .



www.burmeseclassic.com

www.burmeseclassic.com



"အဖိုးက ဘယ်ကိုသွားမှာလဲ. . ."

"ငါလား. . တောင်းတသူတွေ ရှိတဲ့ဆီပေါ့ကွာ၊ မပူပါနဲ့ကွ မင်းကို တန်ရာတန်ကြေးပေးမှာပါ"

"အာ. . ရပါတယ်ဗျာမပေးပါနဲ့ ကျွန်တော်လည်း ကား သိမ်းနေပါပြီ၊ အဖိုးဘယ်သွားချင်လဲ. . တခြားကားငှားစီးလို့ရမယ့် နေရာအထိ ကျွန်တော်မောင်းပို့ပေးပါ့မယ်၊ နေလည်းသိပ်မကောင်း တာနဲ့ အိမ်စောစောပြန်နားမလို့. . ."

"ဟာ. . မဖြစ်ဘူး၊ တခြားဘယ်ကားမှ ငှားလို့မရဘူး၊ မင်း ကားပဲငှားရလိမ့်မယ် မင်းနဲ့ငါနဲ့က ပဋ္ဌာန်းဆက်တွေ ရှိနေတယ်လေ"

"ဗျာ. ."

လင်းနေ ပါးစပ်ဟောင်းလောင်းပွင့်သွားရတော့၏၊

သွားပြီ. . . တကယ့်သပွတ်အူနဲ့ တိုးချေပြီ။

ဘယ်လို နားလည်ရမှန်းပင် မသိတော့. . . ။

"မင်း ပြည်တော်ဝင်တယ်ဆိုတာကို သိလား"

"သိတယ်လေ. . ခုနကမှ ထိုင်ခဲ့သေးတယ်၊ ပြည်တော်ဝင် ဆီယာဆိုင်. . သူငယ်ချင်းတွေနဲ့. . ."

လင်းနေ ထိုသို့ဖြေလိုက်တော့ အဖိုးကြီးက စိမ်းစိမ်းကြီး စူးစိုက်ကြည့်လာသည်။ ပြီးတော့ တောင်ဝှေးကြီးနဲ့ လှမ်းချိန်လိုက် ပြီး. . .

"ပစ်ထည့်လိုက်ရမလား၊ ငါ့ကို မျက်ခွက်လာပြောင်မနေနဲ့ ငါပြောတဲ့ ပြည်တော်ဝင်ဆိုတာ ဝိဉာဉ်တွေက လူတွေနေတဲ့နေရာကို ခဏပြန်လာတာကို ပြောတာကွ. . ."

"အော်"



www.burmeseclassic.com

www.burmeseclassic.com



သိပါဘူး၊ ဒီက ဘီယာဆိုင်ပြောတာမှတ်လို့။ အဖိုးကြီးက ဘာစိတ်ကူးပေါက်သွားပြန်သည်မသိ တောင်ဝှေးကြီးကိုချပြီး လွယ်အိတ်ထဲမှ ဘူးသီးခြောက်ရေဘူးကြီးတစ်ဘူးကို ထုတ်လာသည်။ ရေတော့ဟုတ်ပုံမရ၊ အဖုံးဖွင့်တော့ စိမ်းရွှေရွှေ အနံ့သက်တစ်ခုကို ခံစားရသည်။ အနံ့ကတော့ ပြင်းသည်။

နှာခေါင်းရှုံ့လိုက်မိတော့. . .

"ရှုံ့မနေနဲ့. . တစ်ငုံသောက်လိုက်၊ ဒါတစ်ငုံသောက်ရင် တစ်နှစ်အတွင်း အဖျားအနာ ဘာမှမဖြစ်တော့ဘူး၊ ရော့. . ရော့ မြန်မြန်သောက်လိုက်. . ."

သူမသောက်ရဲပါ။

ဘယ်ကမှန်းမသိတဲ့ အဖိုးကြီးတစ်ယောက်က ဘာမှန်းမသိတဲ့အရည်တွေ လာတိုက်နေတာကို ဘယ်လိုလုပ် သောက်ရဲမည်နည်း။

"မ. . မသောက်တော့ပါဘူး၊ ဒီလောက်တန်ဖိုးကြီးတဲ့ဟာ အဖိုးပဲ သောက်ပါဗျာ. . ကျွန်တော်က ဖျားလည်း ဆေးခန်းသွားလို့ ရပါတယ်. . ."

အဖိုးကြီးက သူတိုက်တာ မသောက်၍ တောင်ဝှေးနှင့်ချိန်ဖို့ လုပ်သေးသည်။ ပြီးမှ တောင်ဝှေးကို ပြန်ချပြီး. . .

"မသောက်လည်းနေပေါ့ကွာ. . တန်ဖိုးကို မသိတဲ့ကောင်၊ ဒါ ရှားပါးပစ္စည်းကွ၊ တောက်တဲ့နဲ့ ဖော်ထားတဲ့ဆေးရည်. . ."

". . . . . . . . . . . . . . . . ."

ဒီတော့မှ ပျို့တက်သွားရ၏။ လာပြန်ပြီ တောက်တဲ့. .။

ဘီယာဆိုင်မှာလည်း သော်ကြီးရဲ့တောက်တဲ့ကြောင့် စိတ်

www.burmeseclassic.com

www.burmeseclassic.com


ညစ်ရပြီးပြီ။ အခုလည်း လာပြန်ပြီ။

"ဒါ ရိုးရိုးတောက်တဲ့လို့ မင်းထင်နေသလား"

"မထင်ပါဘူးအဖိုးရယ်၊ ကျွန်တော် တောက်တဲ့အကြောင်း ဘာမှမသိပါဘူး၊ သိလည်း မသိချင်ပါဘူးဗျာ"

စိတ်လေသံပေါက်သွားသောသူ့ကို အဖိုးကြီးက ဟင်းခနဲ တစ်ချက် လှောင်သံပါပါရယ်ပြီး. . .

"မသေမချင်းမှတ်ထား၊ ဒါ ဂမ္ဘီရတောက်တဲ့လို့ ခေါ်တယ် ကွ"

". . . . . . . . . . . . . . . ."

"ဒီတောက်တဲ့က သွားရင် နောက်ပြန်သွားတာ၊ အရောင် တ တကိုယ်လုံးဆွတ်ဆွတ်ဖြူ. . . ဒီလိုတောက်တဲ့အမျိုးအစား သိပ် ရှားတယ်. . ."

"အဖိုးတောက်တဲ့က အားနည်းသွေးဆုတ်ပြီး ပိုလီယိုဖြစ်နေ တာနဲ့ တူပါတယ်ဗျာ. . ."

"ဟေ့ကောင် သိဒ္ဓိဝင်တောက်တဲ့ကို မင်းစော်ကားတာလား၊ ပြန်တောင်းပန်စမ်း အခု. . ."

မတောင်းပန်ပြန်ရင်လည်း တောင်ဝှေးနှင့် အချိန်ခံရဦးမည်။

ထို့ကြောင့်. . .

"အော်. . . ဟုတ်. . တောင်းပန်ပါတယ် တောက်တဲ့ရယ်၊ ကျေပြီလား. . ."

အဖိုးကြီးက လင်းနေစကားကို အာရုံမရှိ နှာခေါင်းကို ခွေ့ ဆွပ္ပလုပ်ရင်း တစ်စုံတစ်ရာကို အနံ့ခံနေသလိုရှိသည်။ အငွေ့ကြာ အောင် တရှုံ့ရှုံ့လုပ်ပြီးမှ ဝမ်းသာအားရဖြင့်. . .


www.burmeseclassic.com

www.burmeseclassic.com



"ဟိုး. . . ရပ်တော့. . ."

ရုတ်တရက်ကြီး အော်ချလာပြန်သည်။ လင်းနေ ကြောင်တောင်တောင်ဖြင့် ဘရိတ်နင်းရပြန်တော့. . .

"ရန်သူအနံ့မရတော့ဘူး. . . ငါဆင်းတော့မယ်"

အဖိုးကြီးဆင်းတော့မယ်ဆို၍ လင်းနေပျော်သွားရသည်။ ကားတံခါးကို တွန်းဖွင့်ပြီးမှ. . .

"နေဦး. . မင်းကို ကားခပေးဦးမယ်"

"ဟာ. . မပေးပါနဲ့. . ရပါတယ်"

"ပေးမယ်. . ဘယ်အရာကိုမှ အလကားမလိုချင်ဘူး. .၊ ကိစ္စတိုင်းမှာ တန်ရာတန်ကြေးဆိုတာရှိတယ်၊ ငါလည်း တန်ရာတန်ကြေးပေးပြီး ဒီဘဝရအောင် ယူထားရတာကွ. . ဟားဟား. ."

ပြောပြီး အဖိုးကြီးက သူ့လွယ်အိတ်စုတ်ထဲ ခေါင်းကြီးသွင်းလက်ကြီးနှိုက်လို့ ဟိုရှာဒီရှာ လုပ်ပြန်သည်။ အတန်ကြာအောင် မွှေနှောက်ရှာဖွေပြီးမှ လက်ကိုပြန်ထုတ်လာရင်း. . .

"မင်းလက်ဝါး ဖြန့်စမ်း"

မယုံတဝက် ယုံတဝက်ဖြင့် လက်ဝါးဖြန့်ပေးတော့. . .

"ရော့. . ."

သူ့လက်ထဲရောက်လာသည်ကား ဖန်လိုလို၊ ကျောက်လိုလို အရာဖြင့် ပြုလုပ်ထားသော အစိမ်းရောင် ငါးရုပ်လေးတစ်ရုပ်၊ အရှည်နှစ်လက်မလောက်ရှိပြီး အရွယ်က လက်တစ်ငြှိုးစာလောက်သာရှိသည်။ ခါးကိုကော့၍ ရေထဲသို့ အားမာန်အပြည့်ဖြင့် ထိုးဆင်းနေသောပုံစံမျိုး။ လင်းပိုင်လိုလို၊ လင်းရှူးလိုလို။ ကိုယ်လည်း ငါးအကြောင်းသေချာမသိ၍ ဘာငါးမှန်းတော့ သေချာမသိ. . .



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာ ပိုက်ဆံတော့မရှိဘူး ဒါပဲရှိတယ်၊ မင်းအတွက် တန်ရာတန်ကြေးဖြစ်မှာပါ. . ဒါပဲယူထားလိုက်၊ ပေါ့သေးသေးတော့ မထင်နဲ့နော် ဒီငါးရုပ်က လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးထောင်လောက်က တီဗက်ပြည်က ခရီးသွားလားမားကြီးတစ်ဦးရဲ့ အဓိဋ္ဌာန်ဝင်ပစ္စည်း၊ တန်ခိုးတအားကြီးတယ်၊ မိုးနတ်မင်းနဲ့လည်း ဆက်သွယ်မှုရှိတယ် သေချာထိန်းသိမ်းပါ. . .၊

ငါးလေးကို ပျော်အောင်ထားပြီး အသုံးပြုပုံကို လေ့လာပါ။ ဒါဟာ မင်းကို သာမာန်လူတစ်ယောက်ကနေ ထူးခြားတဲ့လူတစ်ယောက်ဖြစ်အောင် လုပ်ပေးမဲ့ပစ္စည်းပဲ. . "

လင်းနေ ထိတ်လန့်တကြားဖြင့် ငါးရုပ်ကို အဖိုးကြီးဆီ ပြန်ထိုးပေးရင်း. . .

"အာ. . . အဖိုးဟာကြီး ကျွန်တော်မလိုချင်ဘူး. . ."

အဖိုးကြီးကသူ့ကို မျက်ထောက်နီဖြင့် တစ်ချက်လှမ်းကြည့်ပြီး. . .

"မင်းမှာငြင်းခွင့်မရှိဘူး၊ ဒါဟာရှေးဘဝဘဝ ပဋ္ဌာန်းဆက်တွေကြောင့် မင်းလက်ထဲကိုရောက်လာတဲ့ပစ္စည်း ကောင်းကောင်းမွန်မွန်ထိမ်းသိမ်း၊ ကဲ. . ကောင်လေး ငါသွားပြီ၊ မင်းကံကောင်းပါစေ. . . "

ပြောပြီး အဖိုးကြီးက ကားပေါ်မှ ဆတ်ခနဲ ခုန်ဆင်းသွားသည်။ ပြီးတော့ အမှောင်တွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ မြန်လိုက်ပါဘိ. . မသိရင် သိုင်းပညာရှင်အဖိုးကြီးလို့ သူဘာမှပြောချိန်မရလိုက်။

လင်းနေ ငါးရုပ်ကိုငုံ့ကြည့်ရင်း စိတ်လေမိတော့၏။ ဘာတဲ့



www.burmeseclassic.com

www.burmeseclassic.com


လွန်ခဲ့သောနှစ်ပေါင်းသုံးထောင်ကျော်က တိဘက်က လားမားကြီး တစ်ယောက်ရဲ့ပစ္စည်းတဲ့၊ ပဋ္ဌာန်းဆက်တဲ့. . ဘာပဋ္ဌာန်းဆက်လဲ၊ ဘာအဓိဋ္ဌာန်ဝင် ပစ္စည်းလဲ ရယ်ဖို့တော့အကောင်းသား၊ ဒါမျိုးအရုပ် တွေ ဗိုလ်ချုပ်ဈေး ထဲမှာပုံလို့၊ ပိုက်ဆံမရှိရင်မရှိဘူး ရိုးရိုးမပြော၊ အကြားအမြင်လိုလို. . နတ်ကတော်လိုလို ခြောက်ပြောသွားသေး သည်။

လွှင့်ရောက်ချရော တန်လှမှ ငါးရာတစ်ထောင်ပေါ့. . ။

"အလကား ငါးရုပ်. . သောက်ရူးတွေပဲ ပြောတိုင်းယုံမယ် ဖာဖွဲ့ပဲ"

စိတ်ရှုပ်ရှုပ်ဖြင့် ဆဲရေးရင်း. . လက်တွင်းမှငါးရုပ်ကို ရေ မြောင်းတွင်း လွှင့်ပစ်လိုက်သည်။

ကိုယ်ပါရောပြီး ဂေါက်သီးအဖြစ်မခံနိုင်၊ အဖိုးကြီးကတော့ ဘယ်ရောက်ဘယ်ပေါက်ပြီး ဘယ်သူတွေကို ဘယ်လိုဒုက္ခ ထပ်ပေး ဦးမည်မသိ။

နာရီကိုကြည့်တော့ ကားသိမ်းချိန်ပင် တော်တော်လွန်ခဲ့ပြီ။ ဆုကိုဖွင့်ပြောဖို့အရေး စဉ်းစားထားတာတွေတောင် ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိ၊ အိမ်ရောက်မှပဲ ရေမိုးချိုးပြီး တကျော့ပြန် ရင်ခုန်ရတော့မည်။

"ဟူး. . ."

သက်ပြင်းကိုချရင်း ကားကိုမောင်းထွက်လိုက်၏။ အခုမှပဲ စိဘ်ရောကားရော ပေါ့ပါးသွားသည်။ ဒါပေမဲ့ ဘီးဆယ်ပတ် မလိုနဲ့ ခင်မှာပဲ. . .

"ဒိန်း. . ."


www.burmeseclassic.com

www.burmeseclassic.com



မိုးချိန်းသံကျယ်ကြီးက နားနားကပ်အော်လိုက်သလို ပေါက်ကွဲပြင်းထန်သွားသည်။ နားတွေအူကာ လူပင်တုန်တက်သွား၏။ ကြောက်လန့်တကြား ကောင်းကင်မော့ကြည့်တော့ လျှပ်စီးတွေ တဖျစ်ဖျစ် ဖြာနေသည်။

ဘာဖြစ်တာလဲဟ နွေခေါင်ခေါင်ကြီး. . .

အံ့သြနေစဉ်မှာပင် နောက်တစ်ချက်. . .

"ဒိန်း. . . "



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမသိသော အဖြစ်အပျက်တစ်ခုက
သူ့မမြင်ကွယ်ရာမှာ ဖြစ်ပျက်သွားခဲ့၏။
သူ လွှင့်ပစ်လိုက်သောငါးလေးမှာ. . .
ရေထဲသို့အကျ သက်ရှိငါးလေးတစ်ကောင်အဖြစ်
တွန်းထိုးကူးခတ်သွားလေသည်။





www.burmeseclassic.com

www.burmeseclassic.com






ထို ခဏမှာပဲ မိုးချိန်းသံနှစ်ချက်ကို ကြားလိုက်ရ၏။
လျှပ်စီးတွေ တဖျတ်ဖျတ်လင်းသွားသည်။
ပြီးတော့. . . . . .
မိုးစက်မိုးမှုန်များ ထိုအနီးဝန်းကျင်မှာ ဖွဲဖွဲလေး
ကျဆင်းသွားသည်။
မည်သူမျှ မမြင်လိုက်ပါ. . . . .
ယုတ်စွအဆုံး သက်ဆိုင်သူများပင်မသိလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



# III

"ဝါး . . ."

လူပျင်းတစ်ယောက်လို သူနိုးထလာခဲ့သည်။ တကယ်လည်း သူ့ဘဝက ပျင်းစရာပါ။ ညကဖွင့်ထားသည့် T.V က ဒီမနက်ထိ ဖွင့်ထားလျှက်ပင်။ ဖြစ်သလိုနေတတ်သော ယောကျ်ားလေးတစ်ယောက်၏အိမ်မှာ T. V လာဖြစ်နေရတာ လွယ်တော့မလွယ်။ ထွက်မပြေးတတ်လို့သာပင်၊ မဟုတ်ပါက ဒီလိုခိုင်းပုံမျိုးနှင့် မာရသွန်ပြေးပွဲဝင်သွားလောက်ပြီ။

တစ်ချက်သန်းဝေရင်း ရီမုဒ်ရှိရာကို လက်လှမ်းလိုက်သည်။ ကြုံရာခလုတ်တစ်ခုကိုနှိပ်တော့ ဘယ်တော့မှ မပြီးဆုံးနိုင်သည့် ဇာတ်လမ်းတွဲတစ်ပုဒ်က ပေါ်လာသည်။ စိတ်ညစ်ညစ်နှင့် နောက်ခလုတ်တစ်ခုကို ထပ်နှိပ်တော့. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီကနေ့အတွက် ခန့်မှန်းချက်ကတော့ ရန်ကုန်မြို့နှင့် အနီးတဝိုက်မှာ အများအားဖြင့် သာယာပါမယ်ရှင်၊ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်ကတော့ တပြည်လုံးမှာ အများအားဖြင့် သာယာနိုင်ပါတယ်. . ."

နေလိုက်တော့. . .၊ သာယာတာများ အလုပ်ရှုပ်ခံပြီး ပြောနေသေးသည်။ သာယာလျှင် နေပူမည်။ နေပူလျှင် Aircon ဖွင့်မောင်းရမည်၊ ဒါဆို ဆီပိုကုန်မည်။ ရာသီဥတုက ကားသမားအကြိုက်တော့မဟုတ်။ ဆက်မကြည့်ချင်တော့တာမို့ အောက်ဆက်ခလုတ်ပြောင်းပြီး System Of A Down သီချင်းခွေကိုထည့်လိုက်၏။ ပြီးတော့ မနက်ခင်းကို မြူးမြူးကြွကြွ စတင်လိုက်သည်။

သူ့မှာ အမေမရှိတော့။ သူ ဆယ်တန်းမအောင်ခင်တည်းက ရင်သားကင်ဆာဖြင့် ဆုံးပါးသွားသည်။ အဖေက နောက်အိမ်ထောင်နှင့် မန္တလေးမှာနေထိုင်သည်၊ သူနဲ့တော့ အဆက်သွယ်မပြတ်၊ အသုံးလိုသောအခါများတွင်တော့ ငွေပို့ပေးတတ်သည်။ ဦးလေးနှင့်စပ်တူဝယ်ထားသောကားကိုလည်း အဖေစိုက်ဝယ်ပေးထားခြင်းဖြစ်၏။ ဦးလေးအိမ်ကလည်း သူ့အိမ်နှင့်သိပ်မဝေးလှ ဟိုဘက်တစ်လှမ်းကျော်တွင်သာ၊ အမေထားခဲ့သောအိမ် အဖေဝယ်ပေးသောကားဖြင့် သူ့ဘဝက မပူမပင် သာသာယာယာရှိသည်။

နိုးသည့်အချိန် ထသည်၊ စိတ်လိုလက်ရရှိလျှင် အိမ်မှာတစ်ကိုယ်တည်း ချက်စားသည်၊ မရှိလျှင် ကြုံရာမှာစားသည်။ သွားငှားသူမရှိသည့်အချိန် သစ်ပင်ကြီးကြီးတစ်ပင်အောက် ကားထိုးပြီးစာဖတ်သည်။ ညနေကားသိမ်းချိန် သူငယ်ချင်းတွေနှင့်ဆုံလျှင်တစ်ခါတရံ သောက်သည်။ ပြီးတော့ ကားသိမ်းအိမ်ပြန် ရေမိုးချိုး

www.burmeseclassic.com



ကာ အိပ်သည်။ သူ့ဘဝက ဒါပဲဖြစ်၏။

မိသားစုမရှိ၊ စကားပြောဖော်မရှိနှင့် သာမာန်မှ သာမာန် ဆန်ပြီး ပြင်းရိငြီးငွေ့ဖွယ်ကောင်းသောဘဝ. . .။

ဒါပေမဲ့ ပုံသေဆန်သော သူ့ဘဝတွင်းသို့ ကောင်မလေး တစ်ယောက် အမှတ်မထင် ရောက်လာခဲ့သည်။

ထိုနေ့က စနေနေ့ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com


"ကနဲ တော်ကြီး. ."

လက်လေးတားပြီး ကားငှားနေသော ကောင်မလေးတစ်ယောက်ကို ခတ်လှမ်းလှမ်းတည်းက သူလှမ်းမြင်ရပါသည်။ ကားရပ်တော့ အထက်ပါအတိုင်း စကားကို တိုတိုတုတ်တုတ်ပြောပြီး ငှားလေသည်။

အနီးကပ်ကြည့်တော့ မျက်နှာသွယ်သွယ် နှာတံစင်းစင်းနှင့် ဆွဲဆောင်မှုရှိသော ရုပ်ရည်မျိုး၊ နှာခေါင်းဘယ်ဘက်အဝိုက်ကလေးမှာ မှည့်နက်သေးသေးလေးနှင့်၊ မျက်ဝန်းကလည်း အနက်ခံဝေါ်မှာ အရည်မလဲ့တလဲ့. . .။

"ဘယ်လောက်လဲ"

ဒီတော့မှ ဈေးပြောဖို့သတိရသည်။

"သုံးထောင်"

ခေါင်းကိုအသာညိတ်ပြီး ကားနောက်ခန်းတွင်းသို့ ဝင်ထိုင်


www.burmeseclassic.com

www.burmeseclassic.com



လာပါ၏။ ကားကိုမောင်းထွက်ရင်း နောက်ကြည့်မှန်ထဲကနေ သေချာကြည့်မိသည်။ မိန်းကလေးတစ်ဦးတည်းဟူသော အသိဖြင့် အသားယူတတ်သောယောကျ်ားမျိုးတော့မဟုတ်၊ ဒါပေမဲ့ လူငယ်တစ်ယောက်အနေနှင့် ရည်းစားသနာ မရှိသူတစ်ယောက်အနေနှင့် သဘာဝအရ ရှိန်တိန်တိန် ပူတူတူ ဖြစ်မိတာတော့ အမှန်ပါ။

ဖြစ်လောက်အောင်လည်း ဆွဲဆောင်မှုရှိနေသည်လေ။ ကောင်မလေး၏လက်ထဲတွင် အရည်ထုတ်လေးတစ်ထုတ်ကို တွေ့ရသည်။ အရက်ထုတ်တော့မဟုတ်။ သေချာထပ်ကြည့်တော့မှ အတွင်းမှာ ငါးလေးတစ်ကောင် ကူးခတ်နေသည်ကို မြင်လိုက်ရပါ၏။

နှစ်မှတ်တိုင်လောက် မောင်းပြီးစဉ်မှာ ကောင်မလေး လက်ထဲမှ ဖုန်းမြည်လာသည်။ သူမက ခပ်အေးအေး ပင်ပြောသည်။

"အင်း. . . လာနေပြီ. . ."

". . . . . . . . . . . . . . ."

"ခေါ်ခဲ့လေ. . . ငါ့မွေးနေ့ပဲ ငါကျွေးရမှာပေါ့"

". . . . . . . . . . . . . . . ."

"နည်းနည်းလိုသေးတယ်. . . ရောက်မှတွေ့မယ်လေ"

". . . . . . . . . . . . . . . ."

"အင်း. . . အဝမှာပဲစောင့်ရတယ်"

ကောင်မလေး ဖုန်းချသွားသည်။ နားစွန်နားဖျား ကြားရသော စကားများအရ ဒီနေ့ ကောင်မလေးရဲ့မွေးနေ့မှန်း လင်းနေ့သိလိုက်ရသည်။ မွေးနေ့ ဘုရားမသွားဘဲ ကန်တော်ကြီးသွားမယ်ဆိုတော့ ရည်းစားနဲ့များတွေ့ဖို့ ချိန်းနေတာလား။ ပြောနေသော စကားများအရတော့ ရည်းစားလိုလို၊ သူငယ်ချင်းလိုလို။ ရိပ်လည်းမရိပ်မိ

www.burmeseclassic.com



အောင် ကိုယ့်သိက္ခာလည်းမကျအောင် ရယ်ကျဲကျဲလုပ်ရင်း. . .

"ဒီလိုကားပိတ်ချက်နဲ့ ဟိုအစ်ကိုကြီးတော့ ခြေထောက်ညောင်းနေတော့မှာပဲနော်. . ."

မှန်ထဲမှလှမ်းကြည့်ရင်း သွေးတိုးစမ်းသလို မေးလိုက်တော့ တောင်မလေးက အဝါတချို့ရောနေသော ဆံပင်နက်လေးများကို သပ်တင်ပြီး. . .

"ဘာပြောတာလဲ မသိဘူး"

"ဩော်. . ညီမရဲ့ရည်းစား အကိုကြီးကိုပြောတာပါ၊ ကားတွေကကြပ်တော့ သူအကြာကြီး ရပ်စောင့်ရမှာပဲလို့. . ."

"အာ. . . ဘယ်ရည်းစားအစ်ကိုကြီးကမှာလဲ သူငယ်ချင်းတွေပါ၊ မဦးမချွတ်. . လွဲပါစေ ဖယ်ပါစေ. ."

"အော်. . . ဟုတ်လား. ."

လင်းနေ ခိုပြုံးပြုံးသွားသည်။ ကန်တော်ကြီးမှာ ဘယ်အစ်ကိုကြီးမှ စောင့်မနေဘူးတဲ့။

"ဆောရီးပါဗျာ သိပါဘူး၊ ကျွန်တော်က မွေးနေ့ဆိုတော့ ကိုယ့်ချစ်သူနဲ့ လျှောက်လည်ကြမှာလားလို့ပါ"

"ချစ်သူမထားပါဘူးရှင်၊ ဒီခေတ်ယောကျာ်းလေးတွေကို ကြောက်လွန်းလို့. . . သူငယ်ချင်းတွေဆုံပြီးပဲ မုန့်စားကြမလို့ပါ. ."

"အော်. . ."

ကိုယ်ကိုယ်တိုင်ကလည်း ဒီခေတ်ယောကျာ်းလေးဆိုတော့ အနည်းငယ်ငြိမ်လိုက်ရသည်။ ယောကျာ်းလေးတိုင်းလည်း ကြောက်စရာမကောင်းပါဘူးဆိုတာ သက်သေပြရဦးမည်လေ။

"ဒါနဲ့ ညီမသူငယ်ချင်းတွေက အစားနည်းပြတယ် ထင်



www.burmeseclassic.com

www.burmeseclassic.com



တယ်နော်”

“အမယ်လေး . . မနည်းပါဘူးရှင်၊ အလကားသာရလို့က တော့ တရုတ်ပြေးမင်း ပွဲတော်တည်သလိုပဲ . . .”

“အဲလိုဆို ဒီငါးလေးတစ်ကောင်နဲ့က လောက်ပါ့မလား”

“ရှင် . . .”

သူ့စကားကြောင့် ကောင်မလေးခင်မျာ မျက်လုံးလေးဝိုင်း သွားသည်။

“ညီမလက်ထဲမှာ ငါးကတစ်ကောင်တည်းလေ၊ ဒီလောက် သေးသေးလေးနဲ့ စားလို့လောက်ပါ့မလားလို့ . . .”

လက်ထဲမှငါးထုပ်လေးကို သေချာမကြည့်ရ။ ပြီးတော့မှ ပါ့အို့လေးနှစ်ဖက် လှစ်ခနဲရဲသွားရင်း . . .

“အာ . . . ပေါက်ကရတွေ၊ ဒါစားဖို့ဟုတ်ပါဘူး . . လွှတ်ဖို့ ပါ၊ ဒီလောက်သေးသေးလေးနဲ့ ဘယ်လိုစားရမှာလဲ . . .”

“အော် . . အဲ့လိုလား . . အဟီး . . .”

မျက်စောင်းလေးတစ်ချက် ရှုခနဲရောက်လာတာကို မှန်ထဲမှ မြင်လိုက်ရသည်။ ပြောစရာစကားက ရှိလာပြန်သည်။

“ဒါနဲ့ ငါးက တစ်ကောင်တည်းလွှတ်တာလား၊ ကျွန်တော် ဖြင့် တစ်ခါမှ မမြင်ဘူးဖူး၊ သက်စေ့လွှတ်ကြတာပဲ မြင်ဖူးတယ်”

“မနက်အစောတုန်းက ဘုရားမှာ သက်စေ့သွားလွှတ်တာပဲ၊ လွှတ်ခါနီး ကန်နားရောက်မှ ရေကြည့်တော့ တစ်ကောင်လျော့နေ မှန်းသိတာ၊ ပြန်လည်း မဝယ်ချင်တော့တာနဲ့ (၂၃)ကောင်ပဲလွှတ် လိုက်တာ . . . ကျန်တဲ့တစ်ကောင်ကို ခုမှလွှတ်မှာ . .”

“အော် . . . ငါးလွှတ်တာတောင် အပိုင်း(၁) အပိုင်း(၂) ခွဲ



www.burmeseclassic.com

www.burmeseclassic.com



ထားတယ်နော်. . ကိုရီးယားကား ဆန်လိုက်တာ"

ကောင်မလေးက နှုတ်ခမ်းလေးမဲ့ကာ ရယ်သည်။ ဘာပဲပြောပြော ကောင်မလေးရဲ့ အသက်ကိုလည်း သိရပြီ။ ရည်းစားမရှိမှန်းလည်း သိပြီဆိုတော့. . .

ဒီအချိန် ဒီကာလလေးအတွင်းမှာ သူ့တိုက်ကွက်မဆိုး၊ ငယ်ငယ်ကခြေကို မှီသေးသည်ဟုပြောလျှင် ရသည်။ နာမည်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ် သိဖို့အတွက်ကိုတော့ ဆက်လက်ကြိုးစားရဦးမည်ဖြစ်၏။

ထိုစဉ်မှာပဲ မီးပွိုင့်ကိုဖြတ်အကူး ကန့်လန့်ဖြတ်မီးပွိုင့်မှ ကားတစ်စီးက မီးနီကိုဖြတ်ကာ မောင်းဝင်လာသည်။

"ဝေါ. . ."

"ဟာ. . ."

"ကျွီ. . ."

"အမယ်လေး. . ပလုတ်တုတ်. ."

ဘရိတ်ကို ဆောင့်နင်းတော့ ကားက ဟန်ချက်ပျက်ပြီး ရှေ့နောက်ယိမ်းထိုးသွားသည်။ ကားနှင့်အတူ အတွင်းမှလူများလည်း ဟန်ချက်ပျက်ကာ. . .

"ဗွက်. . ."

"ဟယ်. . ကုန်ပါပြီ. . ."

လန့်ဖျပ်ပြီး နောက်လှည့်ကြည့်တော့ လင်းနေ ခေါင်းနပန်းကြီးသွားသည်။ ကောင်မလေးလက်ထဲမှာ ကိုင်ထားသည့် အိတ်မှာ ခေါက်ဆွဲတိုပြုတ်ကျပြီး ကြမ်းခင်းမှာ ရေတွေရွှဲနေ၏။ အတွင်းကအရည်မှာ ထိုရေစပ်စပ်တွင် တဖျတ်ဖျတ်လူးနေသည်။



www.burmeseclassic.com

www.burmeseclassic.com


ကောင်မလေးမှာ ဘာလုပ်ရမှန်းမသိ ကြောင်ကာကြည့်နေသည်။ သူကိုယ်တိုင်ပင် အနည်းငယ် ကြောင်အသွားမိစဉ်မှာပဲ နောက်ကားတို့မှာ ဟွန်းတွေ ဆက်တိုက်တီးကုန်တော့၏။

လင်းနေ ခပ်မြန်မြန်မောင်းထွက်၍ မီးပွိုင့်ကိုကျော်ကာ လမ်းဘေးတွင် ကားကိုထိုးရပ်လိုက်သည်။

"ဒီမှာ. . သေ. . သေ. . တော့မယ်. . "

"ဟင်. . . "

"ငါး. . ငါး. . သေတော့မယ်၊ လုပ်ပါဦး. . . "

ဆရာသမားက ရေမရှိ၍ ခုန်ဆွခုန်ဆွ လုပ်နေပြီ။

"ကျွတ်. . ဘယ်လိုလုပ်ရမလဲ. . . "

"ဘယ်လိုလုပ်ရမလဲ မလုပ်နဲ့. . . ဆယ့်နှစ်နာရီ မထိုးခင် လွှတ်ရမှာ၊ ခုမှထပ်ဝယ်လို့လည်း အချိန်မမှီတော့ဘူး၊ ရှင့်ကြောင့်ဖြစ်တာ ငါးသေလို့ကတော့ ရှင်လည်းအသေပဲ. . . "

"ဗျာ. . . "

"မဗျာနဲ့. . . "

လင်းနေ ကြောက်ကြောက်ဖြင့် ကားပေါ်မှဆင်းလိုက်ရ၏။ နောက်ခန်းတံခါးကိုဖွင့်ကာ အခြေအနေကို ရှုံးတော့ သကောင့်သား မှာ တီကောင် ဆားတို့ခံရသလို ရှေ့တိုးနောက်ဆုတ်ဖြင့် ပြာယာခတ်နေသည်။

"ဖမ်း. . ဖမ်းလေ. . "

"အာ. . ကျွန်မ မဖမ်းရဲပါဘူး၊ ရှင်ဖမ်း. . . "

"အဲဒါဆိုလည်း ခင်ဗျားငါးထည့်ဖို့ ရေသန့်ဘူးသွားဝယ် ကျွန်တော်ဖမ်းထားလိုက်မယ်"


www.burmeseclassic.com

www.burmeseclassic.com



ပေါက်တောက်တောက်ဖြင့် ပြောလိုက်တော့ ကားပေါ်မှ အပြေးတပိုင်းဆင်းသွား၏။ ဒီတော့မှ နောက်ခန်းကိုဝင်ထိုင်၊ ကားတံခါး ဆွဲပိတ်လို့ ငါးဖမ်းပွဲကို စလိုက်သည်။

ကဲ. . . တွေ့ကြပြီပေါ့၊

ကြမ်းပေါ်မှာ အမြှီးလေးလှုပ်ပြီး ငြိမ်နေတဲ့အချိန် လက်နှစ်ဘက်ဖြင့် အုပ်ကာဖမ်းလိုက်သည်။ မိကားမိ၏၊ ဒါပေမဲ့ ဖလွတ်ခနဲ ချော်ကာထွက်သွားသည်။ နောက်တစ်ကြိမ် ထပ်ဖမ်းသည်၊ ဒီတစ်ခါလည်း ချော်ထွက်သွားပြန်သည်။

ငါးက နားဖာကလော်သာသာလောက်သာ ရှိသည်ဖြစ်ရာ အာလုံးကွင်းထဲ ကြက်ဖမ်းသလို ဖြစ်နေသည်။ တော်တော်လည်း ခန့်မှာပုံရသည်။ တတိယတစ်ကြိမ်မှာတော့. . .

"ခွပ်. . ."

"အမယ်လေးဗျာ. . ."

ကားရှေ့ထိုင်ခုံနှင့် နဖူးဆောင့်မိသွားသည်။ ငါးကတော့ ခုံစပ်မှာ အမြှီးလေးတဖျတ်ဖျတ် ခတ်လို့. . .

ဒါပေမဲ့ ကိုယ့်သေတွင်းကိုယ်တူးလိုက်သည်ကို မသိလိုက်ရှာပြီတကား. . .

အကြောင်းကား သကောင့်သားအောင်ပွဲခံနေသော နေရာသည် သူ့ခြေထောက်နားမှာ။ ဆတ်ခနဲ ခြေထောက်ကိုလှုပ်ကာ နင်းချလိုက်၏။ ပြေးမလွတ်ချေတော့ပြီ. . .။

ကိုယ်မဲမဲသေးသေးလေးမှာ တဝက်အနင်းခံရပြီး ခေါင်းပိုင်းမှာ မျက်ကလူးဆန်ပြာ ဖြစ်သွားတော့၏။ ပြီးလေပြီ. . .။

ဘာမှစိုးရိမ်စရာ မရှိတော့. .။



www.burmeseclassic.com

www.burmeseclassic.com



ထပ်လှုပ်ရင် ထပ်နင်းလိုက်ရုံသာ. . .။

ထိုစဉ်မှာပဲ ရေသန့်ဘူးအဝယ်သွားသော ကောင်မလေးမှာ အမောတကောရောက်လာပါတော့၏။

"ငါး. . ငါးရော. . ကျွန်မငါးလေးရော. ."

သူ ဗိုလ်အောင်ဒင်အပြုံးဖြင့် ပြုံးလိုက်ရင်း. . .

"ဘာမှမပူနဲ့တော့. . အားလုံးအေးဆေးသွားပြီ ကျွန်တော် ဖမ်းထားတယ်"

"ဘယ်မှာလဲ. . ."

"ဒီမှာလေ. ."

"ဟင်. . ရှင်. . ရှင်. . ကျွန်မ မွေးနေ့မှာ လွတ်မယ့်ငါးကို ခြေထောက်နဲ့နင်းထားတယ်. . ."

"ခြေထောက်နဲ့မနင်းလို့ ဘာနဲ့နင်းရမှာလဲ၊ ဒီမှာ ခင်ဗျားငါး လုပ်လို့ ကျွန်တော့်နဖူးတောင် နာသွားပြီ. .၊ ဒီလောက် အကျော သန့်တဲ့ ငါးမျိုးကိုမှ ဝယ်လည်းဝယ်တတ်တယ်ဗျာ. . ."

". . . . . . . . . . . . . . ."

"ပေး. . ပေး. . ရေဘူး. ."

ကောင်မလေးက ပါကင်ပင် မဖေါက်ရသေးသောရေသန့် ဘူးကို ထိုးပေးလာ၍ ဘူးကိုဖွင့်ကာ ပါသောရေကို တဝက်လောက် လျှော့လိုက်ရသေးသည်။ ပြီးမှ ကိုယ်ကိုကိုင်းကာ ငါးခေါင်းကို လက်ငါးချောင်းဖြင့်ညှစ်ကာ ဆွဲလိုက်သည်။ ထိချက်မှန်သည်မို့ ဘယ်လိုမှ ရုန်းမရတော့. . .

ကောင်မလေးလည်းရှိနေရာ သိက္ခာကျခံလို့ မဖြစ်ချေသည် လေ။ ဘူးဝကို လက်ဖြင့်အုပ်ရင်း ငါးကိုဂရုတစိုက်ထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လျှောလျှောရှုရှု ဝင်သွားပြီးတော့မှ ဘူးဖုံးကိုပြန်ပိတ်၍. . .

"ရော့. . ."

ရေသန့်ဘူးကိုထောင်ရင်း သူ့ငါးအခြေနေကို ရှုံ့သေးသည်။ စိတ်တိုင်းကျတော့မှ. . .

"ရပြီ. . မြန်မြန်မောင်း (၁၂)နာရီထိုးတော့မယ်. . ."

တတ်လည်းတတ်နိုင်သည့် ကောင်မလေးပါပင်၊ ကားပေါ်တက်ကာ ကပျာကရာ မောင်းထွက်လိုက်ရ၏။ သူမကတော့ ရေဘူးလေးတကြည့်ကြည့်ဖြင့်သာ ပါလာတော့သည်။

စကားမပြောဖြစ်တော့. . .

ကန်တော်ကြီးကိုရောက်တော့ အသင့်စောင့်နေသော သူမသူငယ်ချင်းများနှင့် အဝမှာဆုံသည်။ ပြီးတော့ ကျသင့်ငွေပေးကာ ကားပေါ်မှ သွက်သွက်ဆင်းသွားသည်။ နှုတ်ပင်မဆက်လိုက်ရဘဲ အုပ်လိုက်ကြီး အတွင်းဝင်သွားတော့၏။

ငါးလွှတ်ရန် အချိန်နီးနေပြီထင်သည်။ မတတ်နိုင်တော့. . တောက်လျှောက်အခြေနေကောင်းလာသမျှ ဒီငါးလုပ်မှပင် နာမည်ပါမသိလိုက်ရသည့် ကိန်းဆိုက်သွားသည်။ ထိုကတည်းက ငါးဆိုလျှင် သိပ်အမြင်မကြည်လင်ခဲ့. . .

ထိုနေ့တစ်နေ့လုံးလည်း ကားဆွဲရတာ အဆင်မပြေတော့။ ထပ်များတွေ့ဦးမလား ကန်တော်ကြီးတစ်ပတ်ပတ်ပြီး ဝင်ရှာသေးသည်။ ဒါပေမဲ့ အချိန်ပိုင်းလေးအတွင်းမှာပင် ရှိမနေတော့ပါ။

ညနေကားသိမ်းတော့ ထင်မှတ်မထားတာတစ်ခုကို ကားနောက် ထိုင်ခုံကြားလေးတွင်းမှာ မြင်လိုက်ရ၏။ ကဒ်လေးတစ်ကဒ်။ သေချာကြည့်တော့ ဓာတ်ပုံလေးပါသော စာကြည့်တိုက်ကဒ်လေး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေ၏။

မြန်မာကားဆန်သည်။ ဒါပေမဲ့. . .

ငါးလွတ်သူလို့ပဲ ဆိုပါရစေတော့. . .

နာမည်လေးမြင်ရတော့ ပိုလို့ပင် ရင်ခုန်သွားရသည်။

"ဆုနှင်းသဘင်". . တဲ့။

လူက နေရင်းထိုင်ရင်း လက်ခုပ်သံတွေကြား ရောက်သွားသလို. . .



www.burmeseclassic.com

www.burmeseclassic.com



“ရှူး ရှူး. . ရှဲရှဲ. . ရှူးရှူး. . ရှဲရှဲ”

လင်းနေ ဒိုက်ထိုးနေခြင်းမဟုတ်၊ ငါးကြော်အိုးက အသံမြည်နေခြင်းဖြစ်သည်။ ငါးကြော်ရင်း ဆုနှင့်စတွေ့ပုံကို ပြန်ပြောင်းစဉ်းစားပြီး ကျေနပ်နေခြင်းဖြစ်သည် ။ ယခုဆို ဆုနှင့်ဆက်ဆံရေးက အရင်လိုမဟုတ်တော့. . .

သူ၏ကြိုးစားအားထုတ်မှုတွေကြောင့် သူငယ်ချင်းအဆင့်ထက်ပင်ကျော်ကာ အတိုင်းတာတစ်ခုထိ ခရီးရောက်နေပြီ၊ ဆုကလည်း သူ့ရည်ရွယ်ချက်ကို သိနှင့်ပြီးနေပြီ၊ သူမသူငယ်ချင်းတွေကလည်း လက်ခံနေပြီ၊ ဖွင့်ပြောဖို့တစ်ခုသာ ကျန်တော့၏။ ဘယ်ပုံဘယ်နည်းနှင့် ဖွင့်ပြောရမည်ကို တစ်ညလုံးစဉ်းစားခဲ့ပါသော်လည်း အဖြေကမတွေ့ . . .

ငါးကြော်ကျက်တော့ နံနက်စာအဖြစ် ထမင်းပေါင်းဆမ်းနှင့်စားလိုက်သည်။ ပြီးတော့ ကားထွက်ရန် အဝတ်သပ်သပ်ရပ်ရပ်

www.burmeseclassic.com



တစ်စုံလဲဝတ်လိုက်၏။ ကားက အိမ်မှာမရှိ၊ ဦးလေးအိမ်တွင် ထားသည်ဖြစ်ရာ ကားရှိရာကို လမ်းလျှောက်သွားရမည်။ အိမ်မှာထားလို့မရ၊ ထားမရသော အကြောင်းကလည်း ရှိနေသည်။

ဦးညီထွန်း သီချင်းထဲကလို လူတွေလူတွေပေါ့၊ သူ့အိမ်က ခြံစည်းရိုးမရှိ၊ ထို့အတွက် ကားမီးလုံးတွေ ခဏခဏ အခိုးခံရသည်။ ခိုးစရာမရှိလျှင် ကားကိုပုလင်းကွဲဖြင့် ခြစ်သွားသည်။ တစ်ခါတစ်ရံ ကားမှန်မှာ လက်ခလယ်တစ်ချောင်း ထောင်ထားသောပုံ ဆွဲသွားသေးသည်။

ကြာလာတော့ ပြင်ဆင်ခမတတ်နိုင်၊ ထို့အတွက် ခြံစည်းရိုးရှိသော ဦးလေးအိမ်တွင်သာ ထားတော့၏ ။

ရာသီဥတုက နေလေးပွင့်ကာ သာသာယာယာ ရှိနေသည်။ ကားဆွဲကောင်းမည့်သဘောရှိနေရာ သူ လေလေးချွန်လို့ အိမ်တံခါးကိုပိတ်လိုက်၏။ ပြီးတော့. . သော့လေးကို အိတ်တွင်းထည့်ရင်း တံစက်မြိတ်မှ ထွက်လိုက်သည်။

ထိုစဉ်မှာပဲ သာယာနေသော ရာသီဥတုသည်က ရုတ်ချည်း မဲမှောင်ကျလာ၏။

"ဟာ. . ဘာဖြစ်တာလဲ"

သူမျက်မှောင်ကျုံ့မိသွားသည်။ ကောင်းကင်ကို မော့ကြည့်တော့ မျက်လုံးတည့်တည့်ဆီ အပေါ်မှ မိုးတစ်စက်က ပြုတ်ကျလာ၏။ မြန်ချက်. . ခုပဲမိုးအုံ့သည် ခုပဲရွာလာသည်။ အံ့သြနေစဉ်မှာပဲ တစ်စက်ချင်းကျလာသောမိုးစက်များမှာ အုံလိုက်ကျင်းလိုက် ဒလဟော ပြုတ်ကျလာတော့၏။

သူ အိမ်ထဲအမြန်ပြေးဝင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲရောက်မှ အပြင်မှာရှာနေသည့် မိုးကိုကြည့်ပြီး ဆဲရေးမိသည်။

မိုးတွင်းမဟုတ် ဘာမဟုတ်နဲ့ သောက်ကျင့်မကောင်းတဲ့မိုး။ သဘက်ကိုယူကာ စိုသွားသော ခေါင်းကိုသုတ်သည်။ အင်္ကျီတော့ လဲဖို့မလိုသေး၊ ခုံတွင် စိတ်ပျက်ပျက်ဖြင့် ထိုင်ချလိုက်သည်။ ဘာလုပ်ရမှန်းပင် မသိတော့၊ ထီးက ကားထဲမှာကျန်ခဲ့သည်၊ အပိုလည်းမရှိ။ ဒါပေမယ့် မိုးက ထင်ထားသည့်အတိုင်း ခဏပါပင်၊ ခုပဲ သည်းကြီးမည်းကြီးရွာပြီး ခုပဲပြန်တိတ်သွားသည်။

"ဟွန်း. . မင်းလောက်ကတော့ကွာ. . ."

ခပ်တည်တည်ပြောရင်း အိမ်အောက်ဆင်းလိုက်သည်။

နေရောင်မှာ ချက်ချင်းပဲ ပြန်ဖြာကျလာသည်။ သော့ကိုပိတ်၍ တံစက်မြိတ်မှ ပြန်အထွက်. . .

တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း. . .

မသက်သာသည်ကြောင့် ကောင်းကင်ပြန်မော့ကြည့်မိတော့ ဘုရားရေ. . သူ၏ဦးခေါင်းအပေါ်ဘက် ဟိုးအမြင့် မိုင်ပေါင်းများစွာဆီမှာ ဖြူနေသောတိမ်တွေအားလုံး ခဏချင်းညို့မည်းလာတော့သည်။ ပြီးတော့. . .

"ဝေါ. . ."

ခနဲ ရုတ်တရက်ကြီး မိုးများရွာချလာပြန်သည်။

"ဟာ. . နင့်အမေကလွှား. ."

လင်းနေ အမိုးအောက်ဆီ ကဆုန်ပေါက် ပြန်ပြေးရပြန်သည်။ စိတ်လည်းတော်တော်တိုသွားသည်။

နည်းနည်းတော့ များသွားပြီ။ အဝတ်တွေလည်း စိုသွားရ



www.burmeseclassic.com

www.burmeseclassic.com



ကာ ညစ်ညစ်နှင့် ဆွဲချွတ်ပစ်လိုက်သည်။ တော်ပြီ ဒီလောက်တောင် ဖြစ်တဲ့မိုး ရွာစမ်း။ အိမ်အထွက်မှာပင် အဆင်မပြေမှတော့ ကား လည်း မဆွဲချင်တော့. . ၊ တစ်နေကုန် ရုပ်ရှင်ထိုင်ကြည့်ရန် ဆုံးဖြတ် လိုက်သည်။

ညနေမှ ဆုကို သပ်သပ်သွားကြိုတော့မယ်ဟု တွေးပြီး T.V ကို ဖွင့်လိုက်သည်။ ထို့နောက် ကော်ဖီတစ်ခွက်ဖျော်သည်။

မကြည့်ရသေးသည့် ရုပ်ရှင်တွေများနေပြီ။ ဒါပေမယ့် ကာတွန်းကားပဲကြည့်ဖို့ စိတ်ဆုံးဖြတ်လိုက်သည်။ တချို့က ကာတွန်း ကားကြည့်လို့ သူငယ်ပြန်နေတာလား ဘာလား စနောက်ကြသည်။ တကယ့်တော့ နောက်ပိုင်းကာတွန်းရုပ်ရှင်များသည် အင်မတန် အဆင့်မြင့်ပြီး ဇာတ်လမ်းဇာတ်အိမ်များမှာလည်း များစွာခိုင်ခန့် ကြောင်း ရုပ်ရှင်တကယ်ကြည့်တတ်သော ရုပ်ရှင်ချစ်သူများသာ သိနိုင်လိမ့်မည်။

မကြည့်ရသေးသော ကာတွန်းတစ်ခွေကို စက်ထဲထည့်ပြီး ခြင်ဆေးခွေကို မီးထွန်းလိုက်၏။ ဘာပဲဖြစ်ဖြစ် ကြိုတင်ကာကွယ်ထား တာကောင်းသည်။ ကြည့်ကောင်းမှ ဟိုပွတ်ဒီပွတ် လုပ်နေရလျှင် စိမ်ပျက်သည်။ အားလုံးပြည့်စုံပြီးနောက်မှာတော့ ဆိုဖာပေါ်လှဲကာ အေးအေးအနေ ခံစားလိုက်တော့၏။

ဒါပေမဲ့ တစ်ခွေမဆုံးလိုက်ပါ။ ညက ဆုနှင်းသဘင်ကို ဖွင့် ပြောဖို့အရေး တောင်စဉ်းစား မြောက်စဉ်းစားဒဏ်တွေက အစွမ်း ပြလာသည်။ သူ အိပ်ပျော်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူ ရေအောက်နန်းတော်ထဲ ရောက်နေသည်။ သူ့ရှေ့ကနေ ရေပူဖောင်းလေးများ မြောက်တက်နေသည်။ နန်းတော်၏ အပြာရောင်တိုင်လုံးများကို သူတွေ့နေရသည်။ ရေထဲမှာဖြစ်ပေမယ့် အသက်ရှူမကြပ်ချေ။ အောက်ဆီဂျင်ဘူးတွေ၊ ရေအောက်ဝတ်စုံတွေလည်း ဝတ်မထား၊ ကုန်းပေါ်မှာ လမ်းလျှောက်နေသလိုပဲ သူလမ်းလျှောက်နိုင်နေသည်။

လမ်းလျှောက်လာရင်း ရွှေရောင်တံခါးတစ်ချပ်ကို တွေ့လိုက်ရသည်။ အလင်းရောင်တွေ တောက်ပဖြာထွက်နေသော ရွှေတံခါးကြီးက သူ့ကိုဆွဲဆောင်နေသည်။ တစ်လှမ်းချင်းလှမ်းကာ တံခါးကြီးနား ချဉ်းကပ်သွားလိုက်သည်။ ဘာကြောင့်မှန်းမသိ သူ့စိတ်တွေ လှုပ်ရှားနေသည်။ သူတံခါးလက်ကိုင် ရွှေကွင်းအကြီးကြီးကို ဆုပ်ကိုင်လိုက်သည်။

ပြီးတော့ တံခါးကိုဖွင့်ရန် အားပြုလိုက်စဉ်မှာပဲ. . .



www.burmeseclassic.com

www.burmeseclassic.com


ဝုန်းခနဲ တံခါးကြီးက အလင်းတွေနဲ့ပွင့်ထွက်လာပြီး အထဲမှ ငါးကြီးတစ်ကောင်မှာ သူ့ကို လှမ်းကိုက်လေတော့သည်။

"အား. . ."

သူအိပ်နေရာမှ လန့်နိုးလာပြီး ရုတ်တရက် ခြေထောက်ကို လှမ်းခါမိတော့သည်။ အိပ်မက်ကို သတိမရ။ ခြေထောက်ကို ငုံ့ကြည့်တော့ အပူရေကြည်ဘုလေး ထနေသည်။ ခြေထောက်မှာ ဆိုဖာအောက်ကျပြီး ခြင်ဆေးခွေမီးနှင့် ညှားနေခြင်းဖြစ်၏။

"ကျွတ်. . ."

ဒီတစ်နေ့လုံးကတော့ အရာရာနှင့်အကြောင်းကြောင်းပင်၊ ကပျာကရာထကာ ဆေးလိမ်းရသေး၏၊ နာရီကိုကြည့်တော့ နေ့လည် (၁၂)နာရီ၊ အပြင်မှ နွေနေ့လည်ခင်းသည် ပူပြင်းခြောက်သယောင်းနေသည်။

လမ်းထိပ်ထမင်းဆိုင်သွားဖို့ပြင်ပြီးမှ မသွားတော့ဘဲ ရေခဲသေတ္တာထဲမှ ငါးသေတ္တာဘူးကိုထုတ်ကာ နေ့လည်စာအဖြစ် ချက်ပြုတ်စားလိုက်သည်။ စားပြီးတော့ နေ့လည် (၁)နာရီ၊ ဘာမှ မလုပ်ရဘဲ အချိန်ကုန်လေခြင်း။ အပြင်သွားရန် အင်္ကျီပြန်လဲလိုက်သည်။ တက္ကစီ ရသလောက်လေးတော့ ဆွဲလိုက်ဦးမည်ဟု တွေးသည်။

အိမ်တံခါးကို တတိယအကြိမ်သော့ခတ်ကာ အိမ်အပြင်ထွက်လိုက်သည်။ လမ်းမဆီ ဦးတည်လျှောက်သည်။

တစ်လှမ်း ၊ နှစ်လှမ်း ၊ သုံးလှမ်း. . .။

"ဝေါ. . ."

မိုးတွေ ရွာချလာပြန်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဒီသောက်မိုးကတော့ လုပ်ပြန်ပြီဟေ့. . ."

တံစက်မိတ်အောက် ဝင်ရပ်ကာ မိုးကို အားပါးတရ ဆဲရေးလိုက်တော့၏။ အမိုးအောက်ရောက်တော့ ရွာနေသောမိုးက ချက်ချင်းဆိုသလို တဖျောက်ဖျောက်နှင့် အရှိန်လျော့နည်းသွားသည်။ မဖြစ်ချေတော့. . ထီးမရှိရင်တောင် အမိုးအကာတစ်ခုခုတော့ ရှာရတော့မည်။ မဟုတ်ရင် တနေကုန် အိမ်ကထွက်ရဖို့ လမ်းမမြင်. .။

အတွင်းကိုဝင်ကာ အဝတ်ဗီရိုဖွင့်ပြီးရှာတော့ အနှစ်နှစ်အလလက ပစ်ထားသော မိုးကာအင်္ကျီ အဟောင်းလေးတစ်ထည် ထွက်လာသည်။ မိုးကာကိုဝတ်ပြီးစဉ်မှာ ရွာနေသော ကိုရွှေမိုးမှာ တိတ်သွားတော့၏။

သူ အပြင်ကို စူးစူးဝါးဝါးကြည့်မိသည်။ ဘာလဲ. . မိုးက တိတ်သွားပြန်ပြီလား။

ဘာပဲဖြစ်ဖြစ် စိတ်ချရအောင် မိုးကာအင်္ကျီကို မချွတ်ဘဲ ဝတ်ထားလိုက်သည်။ ထို့နောက်မှာတော့ တံခါးကိုသော့ပိတ်ကာ လမ်းမဆီသို့ တဟုန်ထိုး ပြေးလေတော့သည်။ မိုးကရွာမလာ။ လင်းနေ စိတ်တွင်းမှာကျိတ်ပြုံးလိုက်သည်။။

ကဲ. . ကိုရွှေမိုး အခုတော့ မင်းဘာတတ်နိုင်သေးလဲ၊

"ဂျိန်း. . ဂျလိမ်း. ."

စကားမှမဆုံးသေး ကောင်းကင်က အသံသြသြကြီး ကြားလိုက်ရပြန်သည်။ ပြီးတော့ တဆက်တည်း ဆိုသလို. . .

"အာ. . ရွာတာပဲဟ. . ."

ဒါပေမဲ့ အိမ်ထဲပြန်မဝင်တော့ပါ။ ထိုးဆိုက်လာသော တက္ကစီတစ်စီးကိုတား၍ ကားတွင်း သွက်သွက်ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


"ဘယ်သွားမှာလဲ ညီလေး. . ."

"ဟိုဘက်လမ်းထိပ်. . .

"ဟော. . ."

သူ့စကားကြောင့် ကားသမားကြောင်သွားသည်။

"ဟုတ်တယ်အကို. . မိုးတွေရွာနေလို့ ကျွန်တော့်မှာလည်း ထီးမပါလို့"

ကားသမားက မိုးကာအင်္ကျီဝတ်ထားသောသူ့ကို သေချာကြည့်လာသည်။ ပြီးတော့မှ ဘာမပြောညာမပြောနှင့် မောင်းထွက်သွား၏။ ကားတွင်းရောက်ပြီးမကြာလိုက် မိုးမှာတဖြည်းဖြည်းချင်း စဲသွားသည်။

"မိုးနဲ့တော့ တော်တော်စိတ်ပျက်နေပြီဗျာ"

သူ ညည်းညူမိတော့ တက္ကစီသမားကလည်း အလိုက်အထိုက်ပင်. . .

"ဟုတ်တယ်. . ညီလေးရေ မိုးကအဲ့ဒီအတိုင်းပဲ၊ ကိုယ်အပြင်သွားမယ် အလုပ်သွားမယ်ဆို အချိန်ကိုက်ထားသလိုကို ရွာတော့တာ၊ ရုံးဆင်းချိန်လည်း အဲ့လိုပဲ၊ အချိန်မဟုတ် အခါမဟုတ် တော်တော်ဒုက္ခပေးတာ. . ."

"ဟုတ်ပါ့ဗျာ. . ."

"ဒါပေမယ့်. . ဒီနေ့တစ်နေ့လုံး မိုးမရွာပါဘူး၊ ဒီနားလေးရောက်မှပဲ. . ."

"ဟင်. . . ဟုတ်လား"

"ရာသီဥတုတွေကလည်း ဖောက်တယ်နော်. . အခုလိုနွေခေါင်ခေါင်လည်း မိုးကရွာရင်ရွာချပစ်တာပဲ. . ."


www.burmeseclassic.com

www.burmeseclassic.com



"............."

"အင်း. . . ရာသီဥတုပုံမှန်မဟုတ်တာလည်း သစ်တောတွေ မရှိတော့လို့ဗျ၊ သစ်တောတွေ မရှိအောင်လည်း လူတွေက လုပ်တာပဲဗျ၊ ဘယ်လိုလူတွေက လုပ်တာလဲဆိုတော့. . . တော်ပါပြီဗျာ. . နိုင်ငံရေးတွေပါကုန်ပါ့မယ်. . ."

ဆရာသူမားက အခုခေတ်အထိ စကားထဲမှာ နိုင်ငံရေးပါမှာကြောက်တုန်း။ အကြောက်တရားက လွှမ်းမိုးနေတုန်း။ ခဏချင်းပင် ဦးလေးအိမ်ရှေ့ကိုရောက်လာ၏။ နေရင်းထိုင်ရင်းလည်း ၁၅၀၀ ထွက်သွားသည်။ ဘယ်လောက်ပဲနီးနီး ကားပေါ်တက်တာနဲ့ ၁၅၀၀ ဆိုတာ ကိုယ်လည်းကားသမားချင်းမို့ နားလည်သည်။

မိုးကာအကျီကြီးနှင့်ရောက်လာသော သူ့ကို သူ့ဦးလေးက မျက်လုံးကြီးပြူးကာ ကြည့်သည်။

"မင်းလာမှပဲ မိုးကရွာတော့တယ်၊ မင်းများမိုးကို သယ်လာသလားမသိဘူး"

"စိတ်ညစ်လွန်းလို့ပါဦးလေးရာ. ."

"ဒီနေ့မနက် ဘာလို့ကားမဆွဲတာလဲ"

"မိုးကရွာတော့ ပျင်းသွားတာနဲ့ မဆွဲတာ"

"ဟင်. . မိုးက မနက်ကတည်းက ရွာတာလား. . ."

"အင်းလေ"

"ငါ့အိမ်တော့ အခုမင်းလာမှပဲ ရွာတာပါ၊ ဟော. . အပြင်မှာ မိုးက တိတ်တောင်တိတ်တော့မယ်"

ဦးလေးလေသံက ရိုးရိုးတုံးတုံးကြီးဖြစ်သည်။ သူလည်း အပြင်ကိုကြည့်လိုက်သည်။ မိုးတိတ်သွား၏။ ပြီးတော့ နေပြန်သာ



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"မင်းအိမ်နဲ့ ငါ့အိမ်တစ်လမ်းကျော်လေးတောင် မိုးရွာတာ မတူဘူးဆိုတော့ ရာသီဥတုတွေ တော်တော်ဆိုးနေတာပဲ"

"ဟုတ်တယ် ဦးလေးရယ်. . တော်တော်လည်း စိတ်ညစ်ပါတယ်၊ ကဲ. . အချိန်လေးရှိတုံး ကျွန်တော်ထွက်ဆွဲလိုက်ဦးမယ်ဗျာ"


"အေးအေး. . ."



www.burmeseclassic.com

www.burmeseclassic.com





# IV

ညနေမှ ထွက်ဆွဲပေမဲ့ အခြနေမဆိုး။ တော်တော်ဆွဲကောင်းသည်။ ကားပေါ်ရောက်နေစဉ်တလျှောက်လုံး မိုးတစ်စက်တောင်ကျမလာ၊ ညနေ ငါးနာရီထိုးခါနီးတော့ လှည်းတန်းဘက်ထွက်ခဲ့လိုက်၏။ ဆုနှင်းသဘင်ဆိုသော မိန်းကလေးကို သွားကြိုရဦးမည်လေ၊ ကြိုရန်ပါမစ်ရထားခြင်းတော့မဟုတ်၊ ဒါပေမဲ့ ကြိုပါများတော့ အစဉ်လာတစ်ခုလိုဖြစ်ကာ မကြိုရမနေနိုင် ဖြစ်နေတော့၏။ ဆုကလည်း လာမကြိုရ အမိန့်မထုတ်ထားတာပါသည်။

ဆုက အင်္ဂလိပ်စာသင်တန်းတက်နေခြင်းဖြစ်သည်။ ဆုတို့မိသားစုက အချမ်းသာကြီးတော့မဟုတ်၊ ခုသင်တန်းကလည်း လုပ်ငန်းခွင်ဝင်ရန်အတွက် မဖြစ်မနေ တက်နေရခြင်းဖြစ်ကြောင်း သူသိထားသည်။ လှည်းတန်းကိုရောက်တော့ ထုံးစံအတိုင်း ကားပါတင်



www.burmeseclassic.com

www.burmeseclassic.com


ရှာရသည်။ (၁၅)မိနစ်လောက်ပတ်ရှာပါမှ လမ်းကြိုလမ်းကြားမှာ မလွတ်မလပ် နေရာလေးတစ်နေရာ ရသည်။ မတတ်နိုင်၊ နေရာရွေးထားရမည့် အခြေအနေမျိုးမဟုတ်. . .

ရတဲ့နေရာမှာ သွက်သွက်ထိုးရင်း ကားပေါ်ကဆင်းလိုက်၏။ ပြီးတော့ သပ်သပ်ရပ်ရပ်ဖြစ်အောင် ကိုယ့်ကိုကိုယ် ပြင်ဆင်နေစဉ်မှာပဲ. . .

"ဝေါ. . ."

သူမေ့နေသော မိုးစက်များက သူ့ပေါ်ရုတ်ချည်း ရွာချလာသည်။

"ဗုဒ္ဓေါ. . ."

ကားထဲပြန်ဝင်ကာ တံခါးကို ဝုန်းခနဲ ဆွဲပိတ်မိသွား၏။ နည်းနည်းမဟုတ် တော်တော်များသွားပါပြီ။ ဒီမိုးနဲ့ကတော့ ကမ္ဘာ့ရန်ဖြစ်တော့မည်။ တောက်တစ်ချက်ကို ပြင်းပြင်းခေါက်ရင်း မိုးကာကို ထုတ်ဝတ်လိုက်၏။ သင်တန်းဆင်းချိန်က မဆိုသလောက်ပင်ကျော်နေပြီ။ ဆုပင် ရှိသေးရဲ့လားမသိတော့. . .

မိုးကာဝတ်ပြီးတော့ မိုးမှာတိတ်သွားသည်။ ဒါပေမဲ့ လျှော့မတွက်တော့ပါ၊ ထီးကိုပါ တစ်ခါတည်းယူရင်း ကားပေါ်ကဆင်းလိုက်ပါသည်။ ပါကင်က သင်တန်းနဲ့ အနည်းငယ်လှမ်းသွားသည်ဖြစ်ရာ (၁၀)မိနစ်လောက် လမ်းလျှောက်ရဦးမည်။ သူ့တွင်အချိန်မရှိ၊ ထင်သည့်အတိုင်း သူကားထဲကထွက်ပြီးမကြာ မိုးကရွာတော့သည်။

အေးဆေးပါသည်။ မိုးကာလည်းပါ ထီးလည်းပါသည့်မို့ ဘာပြဿနာမှမရှိ၊ လမ်းတဝက်မှာ မိုးက သည်းကြီးမည်းကြီး ရွာလာ


www.burmeseclassic.com

www.burmeseclassic.com



၏။ နွေခေါင်ခေါင်ရှာသော မိုးမလို့ တခြားသူတွေလည်း အပြေးအလွှား ဒုက္ခရောက်ကုန်သည်။ သင်တန်းရှေ့ရောက်တော့ ထီးကိုပိတ်ရင်း လှေကားထစ်တွေပေါ် သွက်သွက်တက်လိုက်သည်။

ထိုစဉ်မှာပဲ ပြဿနာစတော့၏။

"ဗလွတ်. . ."

"ဟာ. . ."

မိုးရေချော်ကာ ဘယ်ကတည်းက ရှိနေမှန်းမသိသော ဖိနပ်တ ထပြတ်လေသည် ။

"ဟာ. . . ဘာလဲကွာ. . ."

စိတ်ပျက်ပျက်နှင့် ဖိနပ်ကိုကုန်းကိုင်လိုက်စဉ်မှာပဲ. . .

လှေကားပေါ်မှဆင်းလာသော ဆုနှင်းသဘင်တို့အဖွဲ့နှင့် မျက်နှာချင်းဆိုင် ဆုံသွားရာ. . .

"ဟာ. . ."

"ဟင်. . ."

မိုးကာအင်္ကျီကြီး ခေါင်းစွပ်လျှက်၊ ထီးရေစိုကြီးကတစ်ဘက်၊ ဖိနပ်ပြတ်ကို ကိုင်ထားသည့်လက်က တစ်ဘက်နှင့် လင်းနေကိုတွေ့တော့ တစ်ဖွဲ့လုံး ပထမကြောင်သွားကြသည်။ နောက်. . ဝါးခနဲ ဝါးလုံးကွဲထရယ်ကြတော့သည်။

"အဟဲ. . ."

ဘယ်တတ်နိုင်မလဲ။ သူလည်း သွားဖြဲလေးနှင့် ရယ်ပြရုံပေါ့ ဒါပေမယ့် ဆုကတော့ မရယ်ပါ။ ဆုမျက်နှာက အကြောင်းတစ်ခုနဲ့ သူ့ကိုကြောက်လန့်နေသလို။

ဘာရယ်မဟုတ်ဘဲ လှေကားထစ်ပေါ် တစ်လှမ်းတိုးရန် ပြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်စဉ်. . .

ဆုက အကြောက်အကန် လက်ကိုကာပြီး. . .

"ကိုလင်းနေ မလာနဲ့၊ မလာနဲ့. . ရှင်ရှေ့တိုးမလာနဲ့. . ."

"ဟင်. . ."

ဆုစကားကြောင့် သူကြောင်သွားသည်။ လှမ်းလက်စခြေ လှမ်းတွေလည်း တုန့်ခနဲရပ်သွားရ၏။ ဆုက ချက်ချင်းပဲ သူငယ်ချင်းတွေ နောက်ပြေးဝင်ပုန်းကွယ်လိုက်သည်။

ရေစိုဖိနပ်ပျက်ကြီးကိုင်ထားသောသူ့ကို သူမရွံ့သွားတာလား၊ ချက်ချင်းလက်ငင်းရောက်လာသော အတွေးတစ်ခု မဆုံးခင်မှာပဲ. . .

"ကိုလင်းနေ ဘယ်လိုဖြစ်တာတုန်း ဒီဖိုင်းကြီးက. ."

"မိုးက အဲ့လောက်သည်းလို့လား၊ ကျွန်မတို့တော့ သင်တန်းထဲရောက်နေလို့ မသိလိုက်ဘူး. . ."

ဆု သူငယ်ချင်းဖြစ်သော ဆွေဆွေဝင်းနှင့် လွင်ဇာနွယ်တို့က သူ့ကို ပြောပြီးရယ်ပြန်သည်။

ချစ်ရသူရှေ့မှာ. . .။

သူ့မျက်နှာ ဘယ်နားသွားထားရမှန်းပင် မသိတော့. . .

ဖိနပ်ပျက်ကြီးကို ပစ်ချမလို့လုပ်လိုက်၊ မပစ်ချဖြစ်လိုက်။ ဆုကိုလှမ်းကြည့်လိုက်၊ ကိုယ့်ကိုကိုယ်ကြည့်လိုက်နှင့် နောက်ဆုံး. .

"ကျွန်. . ကျွန်. . တော်. . ပြန်တော့မယ်ဗျာ"

သူပြေးဆင်းခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ရင်. . .
မိုးနတ်မင်းနဲ့
လက်သီးချင်းယှဉ်ထိုးချင်တယ်
နွေရာသီကြိုးဝိုင်းထဲမှာ. . . ပေါ့. . ။






www.burmeseclassic.com

www.burmeseclassic.com





# V

ရက်၏။ ချစ်ရသူရှေ့မှာ ဝိုင်းအဟားခံရတာလောက် ရှက်စရာမရှိ။ မိုးတွေတဖွဲဖွဲ သူ့အပေါ်ကျဆင်းနေသည်။ လက်ထဲမှ ဘီယာဘူးခွံကို လွှင့်ပစ်လိုက်သည်။ လူက နည်းနည်းထွေနေပြီ။

ဆုဆီကအပြန် ဆိုင်မှာဝင်သောက်သည်။ မဝတော့ လမ်းမှာထပ်ဝယ်သောက်သည်။ အိမ်ကိုလမ်းလျှောက်ပြန်ရင်း ညနေက ကိစ္စကိုတွေးကာ အရှက်ကြီးရှက်နေမိသည်။ ကားကို ဦးလေးအိမ်ရှေ့မှာ ထိုးပေးခဲ့ပြီးပြီ။

ခုလမ်းမလယ်မှာ သူတစ်ဦးတည်း၊ မိုးကာအင်္ကျီလည်း မဝတ်သလို ထီးလည်းဆောင်းမထားတော့၊ မိုးစက်များက သူ့ခေါင်းပေါ်မှတဆင့် မျက်နှာပေါ်သို့ စီးကျနေသည်။ အံကိုကြိတ်ထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘီယာရှိန်ကြောင့် သူ့အသွေးသားတွေ ပူနေသည်။ သူ ရေချိုးကြီးနှင့် အိမ်ထဲဝင်သည်။

ရေခဲသေတ္တာကိုဖွင့်ကာ ဘီယာဘူးများကို ထပ်ထုတ်ယူလိုက်သည်။ ပြီးတော့ တစ်ဘူးပြီးတစ်ဘူး ဖောက်သောက်သည်။ ဘာရယ်မဟုတ် TV ခလုတ်ကို ဖွင့်ကြည့်တော့ ပေါ်လာသည်က မိုးလေဝသ အစီအစဉ်. . .။

"ကျွတ်. . ."

စုတ်သပ်ရင်း TV ကိုပိတ်မည်ပြင်တော့ အစီစဉ်ကြေညာသူမိန်းမက နောက်နှစ်ရက်အတွင်း ရန်ကုန်မြို့နဲ့ အနီးတဝိုက်မှာ အများအားဖြင့်သာယာမည် လုပ်နေသေးသည်။ ကြည့်ရင်းနှင့် ဒေါသများမှာ တလိမ့်လိမ့်တက်လာတော့၏။

"မိုး. . ဒီမိုးကြောင့် ချစ်သူရှေ့မှာ ငါအရှက်ကွဲတာ"

"တောက်. . ."

တောက်တစ်ချက်ပြင်းပြင်းခေါက်ရင်း အိမ်ရှေ့ကိုထွက်လိုက်သည်။ အိမ်ပြင်ရောက်သည်နှင့် စဲခါနီးမိုးက တဝေါဝေါကျဆင်းလာသည်။

ထို့နောက်မှာတော့ ကောင်းကင်ကိုမော့ရင်း ကြည့်ရင်း စိတ်တွင်းမှ အစိုင်အခဲများကို ဖောက်ထုတ်ပစ်လိုက်သည်။

"သေချင်းဆိုးမိုး. ."

"ကာလနာမိုး. . ."

"ပလက်ဖောင်ခေါင်းအုံးမိုး. . ."

"အလကားမိုး. . ."

"သောက်သုံးမကျတဲ့မိုး. . ."



www.burmeseclassic.com

www.burmeseclassic.com



"ခွေးကျင့်ခွေးကြံ ကြံတဲ့မိုး. . ."

အားရအောင်ဆဲပြီးမှ အိမ်ထဲဝင်သည်။

အိမ်ထဲဝင်တော့လည်း T.V က သီချင်းလာနေပြန်သည်။

"မိုး. . ကိုယ့်ရင်ခွင်ကို လာသည်းပေးပါကွယ်. . ဒီလိုမိုးနဲ့ ငါလေရှူးတော့မယ်၊ မင်းကြောင့်ပဲရှူး. . ဘာမှမသိဘူး၊ အကြောင်းမဲ့ ချစ်ခဲ့ခြင်းများ၊ မိုး. . ."

"ကဲ. . . ရှာကွာ၊ ရှာတော့ကွာ. . ."


စိတ်ညစ်ညစ်နဲ့ ထအော်လိုက်မိ၏။ နေရာတိုင်းမှာကို ရှာနေတော့တာပဲ၊ ဘီယာ လက်ကျန်ဘူးကိုဆွဲကာ မော့ချလိုက်သည်။ ထို့နောက်မှာ သူ ဘယ်လိုဘယ်လို အိပ်ပျော်သွားသည်မသိလိုက်။



www.burmeseclassic.com

www.burmeseclassic.com





# VI

မနက်အိပ်ယာကနိုးတော့ ခေါင်းတွေအုံ့ခဲနေသည်။ တကိုယ်လုံးလည်း နာကျင်ကိုက်ခဲလျှက်ရှိနေ၏။ ညကဘယ်လိုအိပ်ပျော်သွားခဲ့သလဲ စဉ်းစားလို့မရ၊ အဝတ်စားတွေတော့ လဲပြီးရှိနေသည်။ ဒါဆိုလျှင်တော့ ခေါင်းရေစိုနဲ့ အိပ်ပျော်သွားခြင်းမဟုတ်နိုင်သေး၏။ နိုးနေပေမယ့် တစ်နာရီလောက်ကြာအောင် အိပ်ယာထဲ လှဲနေရသေးသည်။

အတော်လေးကြာမှ သူစိတ်မကြည်မသာနှင့်ပဲ အိပ်ယာမှထခဲ့ရသည်။ ကော်ဖီလေးဖျော်ပြီး ညှင်းသိုးသိုးနှင့် အိမ်ရှေ့ဝရံတာကတော်လက်ကုလားထိုင်ကလေးမှာ လှဲနေမိသည်။ အပြင်ရာသီဥတုကိုလည်း သာမန်အတိုင်းငေးနေမိသည်။ သစ်ရွက်ကြွေတွေ ဟိုလိမ့်ဒီလိမ့်နှင့် သာမာန်နွေနေ့တစ်နေ့ပါပဲ။ ထို့ထက်မပို . .



www.burmeseclassic.com

www.burmeseclassic.com



ဆုကို သတိရမိတော့ ရင်ကပြန်ပူလာ၏။

မနေ့က ဆု သူ့ကို ပစ်ပစ်ခါခါကြီးဖြစ်သွားပုံကို ပြန်တွေးမိသည်။ မိုးတစ်စက်စက်နှင့် ဖိနပ်စုတ်ကိုင်ထားသောသူ့ကို ရွံများသွားတာလား၊ အင်း. . . ကိုယ်ကလည်း သူ့သင်တန်းအောက်သွားပြီး ဗရုတ်ကျသလို ဖြစ်သွားခဲ့တာကိုး။ မိန်းမပျိုလေးတစ်ယောက်အနေနဲ့ ရှက်ရင်းလည်း ရှက်သွားမှာပေါ့. . .

ဘာပဲဖြစ်ဖြစ်အပြစ်မမြင်ရက်ပါ၊ ဆုကိုသူ ချစ်သည်လေ၊ ကိုယ်လိုလူတစ်ယောက်ကို အနားကပ်ခွင့် ပေးထားတာပင် တော်လှပြီ။

ဆုနှင့်ပတ်သတ်သော အတိတ်အချို့ ခေါင်းတွင်းရောက်လာတော့ လူကအလိုလိုပြုံးမိသွားသည်။ နှလုံးသားမှာလည်းနွေးပျံ့လှုပ်ရှားလာသည်။ အထူးသဖြင့် ဆုရဲ့မဲ့နှုတ်ခမ်းလေးက သူ့အပေါ် လွှမ်းမိုးလွန်းလှသည်လေ. . .



www.burmeseclassic.com

www.burmeseclassic.com



ဆု နှင့် ဒုတိယအကြိမ်ထပ်တွေ့တော့. .

ရွှေတိဂုံဘုရားအနောက်မုဒ် ဘက်မှ သူ့ကားကို ခပ်ဖြည်းဖြည်းမောင်းလာစဉ် လူအုပ်ကြားထဲမှ လက်လေးတစ်ဖက်ထွက်လာကာ ကားတား၏။ မရပ်ခင်တည်းက ဆုဖြစ်မှန်းသိလိုက်သည်။

ဒါပေမဲ့ သူမကတော့ ကားပေါ်တက်ပြီးမှ သိတာပါ။

"ဟင်. . ရှင့်ကားပဲ. . .

"အဟဲ. . ဉာဏ်ကောင်းသားပဲ၊ မှတ်မိတယ်ကြည့်စမ်း. ."

ဒီတစ်ခါတော့ ငါးအိတ်လေးမဟုတ်ပဲ ငှက်ခြင်းကြီးနှင့်ဖြစ်သည်။

"အခုကော ငှက်သွားလွှတ်မလို့လား"

"ဟုတ်တယ်"

"မွေးနေ့ပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာ၊ ဟိုတစ်လကမှ မွေးနေ့ကျထားတာ အခု မွေးနေ့ထပ်ကျမလား. . ."

"အဟဲ. . ဟုတ်သားပဲ"

ကားမှန်ထဲကနေ မှည့်လေးနဲ့ ဆုကို သူခိုးကြည့်ရင်း ကြည်နူးနေမိသည်။

ပြန်မတွေ့ရတော့ဘူး ထင်ထားခဲ့တာ၊ ဒီလိုကျတော့လည်း ရန်ကုန်မြို့က ကျဉ်းကျဉ်းလေးပါလား။ ကားလီဘာလေးနင်းလိုက်၊ နောက်ကြည့်မှန်ထဲမှ ခိုးကြည့်လိုက်၊ တစ်ယောက်တည်း ကြည်နူးလိုက် လုပ်နေရာမှ. . .

"ဒါနဲ့ နေပါဦး ရှင်က ကျွန်မဘယ်သွားမယ်မှန်း မသိဘဲနဲ့ ဘယ်ကိုမောင်းနေတာလဲ. . ."

"ဟိုတစ်ခါ ငါးလိုပဲ၊ ကန်တော်ကြီးထဲသွားလွှတ်မလို့ မဟုတ်လား. ."

"ရှင့်ကြီးတော်. . ငှက်ကို ငါးလို ရေထဲလွှတ်လို့ဖြစ်မလား ဦးနှောက်ကလဲ. . ."

"အော်. . အဟီး. . ဆော်ရီး၊ ကျွန်တော်က ဒီကောင်ကြီး ရေကူးတတ်တယ်ထင်လို့. . ."

ဒီလိုကျတော့ ကောင်မလေးကရယ်သည်။

"ဒါဆို ဘယ်ကိုမောင်းရမှာလဲ ပြောလေ"

"စမ်းချောင်း. . ."

"စမ်းချောင်းက လူရှုပ်တယ်နော်. . ငှက်လွှတ်လို့ အဆင်ပြေပါ့မလား. . ."

"အာ. . အိမ်ပြန်မှာပါ၊ ငှက်က နောက်နှစ်ရက်နေမှ လွှတ်



www.burmeseclassic.com

www.burmeseclassic.com



ရမှာ. . .”

လင်းနေ ပြုံးမိလိုက်သည်။ ပြီးလေပြီ. . ကံများကောင်းချင်တော့ မှတ်ဆိတ်ပျားဆွဲရှုံမဟုတ် ငှက်ခြင်းကြီးပါ ဆွဲလာချေပြီ၊ စမ်းချောင်းရောက်တော့ သူမက ကားကိုအိမ်ရှေ့ထိမမောင်းခိုင်း၊ လမ်းထိပ်မှာပင် ဆင်းသွား၏။ ဒါပေမဲ့ လင်းနေပဲလေ. . .

“မဆုနှင်းသွဘင်. . မဆုနှင်းသဘင် ခဏနေပါဦးဗျ. .”

ကောင်မလေးခြေလှမ်းရပ်ကာ သူ့ကိုလှည့်ကြည့်သည်။

နားမလည်သလို မျက်နှာလေးနှင့် ခါးလေးငုံ့ကိုင်းလာပြီး. .

“ကိုတက္ကစီ. . ရှင်က ကျွန်မနာမည်ကို ဘယ်လိုသိရပြန်တာလဲ. . .”

သူပိုက်ဆံအိတ်ထဲမှ သေချာသိမ်းထားသည့် ကဒ်လေးတစ်ခုကို ထုတ်ပေးလိုက်သည်။

“ဒီမှာလေ စာကြည့်တိုက်ကဒ်. . မဆုနှင်းသဘင် ဟိုတစ်ခေါက်က ကားပေါ်ကျကျန်သွားတာ. . .”

“အော်. . .”

သူမက ကဒ်လေးကိုယူကာကြည့်သည်။ မှဲ့နက်လေးကို အနီးကပ် မြင်နေရသည်ဖြစ်ရာ သူ့ခင်မျာ ရင်ခုန်နေရ၏။

ကျွန်တော်ဒီကဒ်လေးပေးချင်လို့ စာကြည့်တိုက်ကို နေ့တိုင်းနီးနီး သွားစောင့်တယ် ဒါပေမဲ့ မဆုနှင်းသဘင်နဲ့တစ်ရက်မှ မဆုံဘူး လိပ်စာမေးကြည့်တော့လည်း တာဝန်ခံမိန်းမကြီးက ကျွန်တော့်ကိုမယုံလို့ထင်တယ် ထုတ်မပေးဘူးဗျ. . .”

“ဟုတ်လား. . . ကျွန်မက စနေနေ့ညနေပိုင်းမှသွားတာလေ. . ဒီလထဲဆို သင်တန်းကစာတွေလုပ်နေရလို့ တစ်ရက်မှ

www.burmeseclassic.com



တောင် မသွားဖြစ်ဘူး"

"အော်. . အဲဒါကြောင့် ဖြစ်ပါလိမ့်မယ်"

"ပြန်ပေးတာကျေးဇူးတင်ပါတယ်နော်. . ."

"ဟုတ်ကဲ့. . ရပါတယ်. ."

ထို့နောက်သူမက ငှက်ခြင်းကြီးကိုဆွဲကာ လမ်းထဲဝင်ဖို့ပြင်သည်။

"မဆုနှင်းသဘင်က ဒီလမ်းထဲမှာနေတာလား. . ."

"ဟုတ်တယ်လေ. . ."

"ကျွန်တော့်နာမည်လည်း မှတ်ထားဦးနော်. . လင်းနေတဲ့"

အရေးကြီးစကားပြောမှ မျက်နှာက ရယ်ကျဲကျဲ ဖြစ်သွားလားမသိ၊ သူမက အထာပေါက်သလို နှုတ်ခမ်းကိုမဲ့ရင်း. . .

"ဟွန်း. . အဲ့ဒါဘာလုပ်ရမှာလဲ. . ."

"ကျွန်တော့်က စာကြည့်တိုက်ကဒ်လည်း ပြုတ်ကျစရာမရှိဘူးလေ၊ ဒါကြောင့် ကျွန်တော့်နာမည်ကို ကိုယ်တိုင်ဖွင့်ပြောလိုက်တာ. . ."

မျက်စောင်းလေးထိုးကာ ထွက်သွား၏။

ထို့နောက်ပိုင်း သူ ဆုနေထိုင်ရာ စမ်းချောင်းသို့လည်းရင်း၊ စနေနေ့ညနေပိုင်းများတွင် စာကြည့်တိုက်သို့ရင်း အကြောင်းမရှိ အကြောင်းရှာကာ မရောက်ရောက်အောင် သွားသည်။ တွေ့လျှင် ရယ်ပြသည်။ အပြင်သွားမည့်ပုံစံတွေ့လျှင် ကားငှားမလားမေးသည်။ ငှားလျှင်လိုက်ပို့၊ မငှားတော့လည်း ရယ်ပြရရုံနှင့်ကျေနပ်၊ ကြာတော့လည်း ယဉ်ကျေးသော လူသားတွေပင်ဖြစ်ရာ တဖြည်းဖြည်းရင်းနှီးလာရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆုအကြောင်းတွေလည်း အရင်ထက်သိလာသည်။ လှည်းတန်းတွင် သင်တန်းအတူတက်သော ဆုသူငယ်ချင်းတွေနဲ့လည်း ရင်းနှီးလာသည်။ ထိုမှ အဆင့်တက်ကာ ညနေတိုင်း ကိုယ့်သဘောနှင့်ကိုယ် သင်တန်းကြိုခွင့်ရသော အခြေနေတစ်ခုတိုင် ရောက်လာခဲ့၏။

ဒါပေမဲ့ မနေ့ကအဖြစ်ကတော့. . .

“ဟူး. . .”

သက်ပြင်းကိုချရင်း ကော်ဖီခွက်ကိုကိုင်ကာ အိမ်တွင်းသို့ ဝင်ခဲ့လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ် အထဲရောက်တော့ T.V ကိုဖွင့်သည်။ ဖွင့်ဖွင့်ချင်း မြင်ရတာက မိုးလေဝသအစီအစဉ်။

"ကျွတ်. . လာပြန်ပြီ. . ."

တခြားလိုင်းပြောင်းလိုက်ပြီးမှ သတိရကာ မိုးလေဝသ သတင်းကို ပြန်ချိန်းလိုက်၏။

"ဒီကနေ့ ညနေအထိရန်ကုန်မြို့ရဲ့ မိုးလေဝသအခြေအနေ ကတော့ တိမ်ကင်းစင်ပြီး သာယာပါ့မယ်ရှင်. ."

သူ မျက်မှောင်ကျုံ့သွားသည်။ မနေ့ကလည်း ဒီလိုပဲ ကြေညာခဲ့တာကို သူသတိရမိသည်။ သေချာပြန်စဉ်းစားတော့ ညကလည်း အခုလိုပင် သာယာမည်ဖြစ်ကြောင်း ကြေငြာသွားတာကို သတိရ၏။

ဘာကြောင့်လဲ. .၊ နိုင်ငံ၏ မိုးလေဝသအဆင့်အတန်းက



www.burmeseclassic.com

www.burmeseclassic.com



ချင်လို ပေါ့သေးသေး မဟုတ်တော့၊ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုတွေကြောင့် အားလုံးပဲ သတိထားစောင့်ကြည့်ရသည့်အနေအထား၊ သုံးကြိမ်တိုင်တိုင်တော့ မှားမည်မဟုတ်၊ ဒီလို တရားဝင်သေချာကြေညာရဲ့သားနဲ့ ဘာလို့မိုးရွာတာလဲ။ သူစဉ်းစားသွားသည်။

ပြီးတော့ မနေ့ကအခြေနေများကိုလည်း ခေါင်းအေးအေးထားကာ သူစဉ်းစားမိသည်။ ဒီတော့မှ ကွဲလွဲမှုအချို့ကို မြင်လာရ၏။ မနေ့က ဦးလေးတို့အိမ်ဘက်တောင်မရွာဘဲ ငါ့အိမ်မှာ ရွာတာဘာသဘောလဲ။ ပြီးတော့ ငါကားမောင်းတော့ မရွာဘူး၊ ကားပေါ်ကဆင်းတော့ ရွာတယ်၊ အိမ်ထဲဝင်တော့ မရွာဘူး၊ အိမ်ပြင်ထွက်တော့ရွာတယ်၊ တစ်မျိုးပဲ. . ။

ဘာကြောင့်မှန်းမသိ။ လင်းနေစိတ်မှာ တစ်ခုခုကို သံသယဖြစ်သွားသည်။

သူ အပြင်ဘက်ရာသီဥတုကို လှမ်းကြည့်သည်။ နေရောင်သာ၍ ကြည်လင်နေသည် ။

လင်းနေ တရွေ့ရွေ့နှင့် တံခါးဆီတိုးသွားလိုက်၏။ ပြီးလျှင်တံခါးကိုဖွင့်ကာ အပြင်ကိုထွက်သည်။ အတော်ဝေးဝေးရောက်သည်ထိထွက်ကာ ကောင်းကင်ကို မော့ကြည့်သည်၊ ကောင်းကင်ကသူမဟုတ်သလို ပုံမှန်အတိုင်းသာ။ ခေါင်းကိုရမ်းမိရင်း. . .

"ငါ့နှယ် ရူးပါ့၊ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ. . တိုက်ဆိုင်တာပါ. ."

ရေရွတ်ပြီး အိမ်ရှိရာကို ပြန်လျှောက်လာခဲ့သည်။ ထိုသို့လျှောက်သည့် ပထမခြေလှမ်းတွင်ပင်. . .

"ပေါက်. . ."



www.burmeseclassic.com

www.burmeseclassic.com



ခနဲ သူ့ခေါင်းပေါ် အစက်တစ်စက် ပြုတ်ကျလာတာကို ခံစားလိုက်ရသည်။

"ဟင်. . ."

မော့ကြည့်တော့ နောက်တစ်စက်. . .

လုံးဝကို ထိတ်လန့်သွားရပါပြီ၊ ထို့နောက်မှာတော့ မိုးစက်များက အရှိန်ဟုန်တစ်ခုဖြင့်. . . ဖောက်ထိုး ပြေးဆင်းလာတော့၏။

"ဝေါ. . ."

အိမ်ထဲအမြန်ပြေးဝင်ခဲ့သည် ။

အထဲရောက်တော့ နံရံမှာ ခန္ဓာကိုယ်ကိုကပ်ပြီး သူမျက်လုံးများ ပြူးနေမိသည်။ သူ. . သူထင်တာများ မှန်နေပြီလား။ သူ နံရံပေါ်ကနာရီကို လှမ်းကြည့်တော့ နေ့လည် (၁၁)နာရီ၊ မနေ့ကအချိန်တော့ မဟုတ်၊ သိပ်မကြာလိုက် အုံ့ဩလို့မဆုံးခင်မှာပင် ရွာနေသော မိုးမှာ တဖျောက်ဖျောက်ဖြင့် တိတ်သွားသည်။

"ဘာတွေဖြစ်ကုန်ပြီလဲ. . ."

ခုနကမှ နေရောင်များနှင့် လင်းဝင်းနေသည့် နွေနေ့လည်က သူအပြင်ထွက်သည့်ခဏမှာ မိုးရွာသတဲ့. . .။

သူတစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာတော့၏။

"ဘာတွေလဲ. . ."

". . . . . . . . . . . . . . . . ."

"ဟင့်အင်း. . မဖြစ်နိုင်ပါဘူး. . တိုက်ဆိုင်တာနေမှာပါ"

". . . . . . . . . . . . . ."

"မဟုတ်ဘူး. . တကယ်ရွာတာ၊ ခေါင်းမှာ ရွဲနေတယ်"

". . . . . . . . . . . . . ."



www.burmeseclassic.com

www.burmeseclassic.com



"ငါ. . . ငါ. . ."

". . . . . . . . . . . . . . . ."

သူ စိတ်တွေလှုပ်ရှားလာသည်။

အသက်ရှူသွင်းရှူထုတ် အကြိမ်ကြိမ်လုပ်ပြီး စိတ်ကိုတည်ငြိမ်အောင် လုပ်သည်။ ဒါပေမဲ့ တည်ငြိမ်မလာခဲ့၊ နောက်ဆုံးတော့ နီးစပ်ရာသူငယ်ချင်းတစ်ယောက်ဆီ ဖုန်းဆက်လိုက်ရတော့၏။

ပထမဆုံး သော်ကြီးဆီ ဆက်သည်။ ဖုန်းကမအား။ ခန့်တည်ဆီဆက်တော့ ဖုန်းမှာဝင်သွားသည်။ ဝင်ဝင်ချင်း. . .

"ဟော့ကောင် ခန့်တည်. . ."

"အေး. . ပြော. . လင်းနေ. ."

"မင်းအိမ်မှာ ခုနက မိုးခဏရွာသေးလား"

"မရွာပါဘူး"

"မနေ့ကကော. ."

"မရွာဘူးလေ၊ ဘာဖြစ်လို့လဲ. . ."

"အော်. . အေး. . အေး. . ဘာမှမဖြစ်ပါဘူး. ."

သူ ဖုန်းချလိုက်သည်။ ပြီး. . ဆွေဦးဆီ ဆက်ပြန်သည်။

"ဆွေဦး. ."

"ဘာလဲ ဟော့ကောင်. . ဘီယာတိုက်ဖို့ ဖုန်းဆက်တာလား"

"မင်းအိမ်ဘက် မိုးရွာသေးလားမေးမလို့"

"မင်းဘီယာတိုက်ရင်တော့ မိုးရွာရင် ရွာမှာပေါ့"

"ဟာကွာ. . ငါစကားအကောင်းပြောနေတာ၊ မနေ့ကကော ရွာလား. . ."

"မရွာဘူးဟ၊ တစ်စက်မှ မရွာဘူး၊ အိုက်လွန်းလို့ လူတွေ



www.burmeseclassic.com

www.burmeseclassic.com



သေတော့မယ်၊ ဒါနဲ့ မင်းက ဘာလုပ်မလို့လဲ"

"ဘာမှမလုပ်ပါဘူး"

သူ ဖုန်းကို လျှင်မြန်စွာချလိုက်သည်။

"မဖြစ်ဘူး၊ ဒီကိစ္စကို သေချာစမ်းသပ်မှ ဖြစ်တော့မယ်"

ဒါတိုက်ဆိုင်တာထက် ပိုနေပြီ။ သူရင်တွေခုန်လာသည်။ အံကိုကြိတ်ရင်း အိမ်ပြင်ဘက်ကို ထွက်လိုက်သည်။ ကောင်းကင်ကို မော့ကြည့်တော့ တိမ်တွေက တစ်စုံတစ်ယောက် အရောင်ဆိုးထေး ထားသလို ဖြူလွင်ညီညာနေသည်။ ဘယ်လိုမှ မိုးမရွာနိုင်သောအနေ အထား. . .

နည်းနည်းကြာကြာ စိုက်ကြည့်နေလိုက်သည်။ မကြာလိုက် ဖြူလွင်နေသောတိမ်များက အံ့သြစရာကောင်းလောက်အောင် အညိုရောင်သမ်းလာ၏။ သူ မျက်လုံးကို မှိတ်ချလိုက်သည်။ မိုးဖွဲလေး တွေက တစ်စက်ချင်းသူ့ပေါ် ကျဆင်းလာသည်။

ပထမဖြည်းဖြည်း. . .

ပြီးတော့. . ပြီးတော့.

ခဏကြာတော့ အိမ်ထဲပြန်ဝင်ခဲ့သည်။ မကြာပါ တစ်မိနစ် မပြည့်ခင် မိုးတိတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ အိမ်အပြင်ထွက်သည်။
မိုးတွေရွာလာသည်။
ခဏနေတော့ အိမ်ထဲပြန်ဝင်သည်။
မိုးတိတ်သွားသည်။
ခဏကြာတော့ အိမ်အပြင်ထွက်သည်။
မိုးတွေရွာလာသည်။
ခဏနေတော့ အိမ်ထဲပြန်ဝင်သည်။
မိုးတိတ်သွားသည်။
ခဏကြာတော့ အိမ်အပြင်ထွက်သည်။
မိုးတွေရွာလာသည်။
ခဏနေတော့ အိမ်ထဲပြန်ဝင်သည်။
မိုးတိတ်သွားသည်။

-----------------------------

-----------------------------



www.burmeseclassic.com

www.burmeseclassic.com



-----------------------------

-----------------------------

-----------------------------

အကြိမ်နှစ်ဆယ်လောက် လုပ်ပြီးချိန်မှာ ဘာသံသယမှ ဖြစ်စရာမလိုအောင် သေချာသွားတော့၏။


လူလည်း ကြမ်းပေါ် ဘုန်းခနဲ ပစ်လဲကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com





# VII

သူ လက်နှစ်ဘက် လှုပ်လို့မရ။

သူ့လက်တွေ ဘာဖြစ်နေလဲ ကြည့်လိုက်တော့ ရေမှော်ပင်တွေက သူ့လက်နက်ဖက်လုံးကို ချည်နှောင်ထားသည်။ သူအတင်းရုန်းကြည့်ပေမယ့် မရ။ လက်တွေသာ နာကျင်လာသည်။

သူ့ကိုယ်ပေါ်သို့ ဂဏန်းကောင်တွေ တက်လာကြသည်။ ခါချပေမယ့် ပြုတ်မကျ။ ဂဏန်းတွေက သူ့နားရွက်တွေကို လက်မအသွားတွေနှင့် ညှပ်ကြသည်။

"အား. . ."

ရေအောက်ထဲမှာ သူ ငရဲကျနေသည်။ ရုန်းကန်နေစဉ်မှာပဲ သူ့ရှေ့သို့ ရှူးခနဲ ငါးကြီးတစ်ကောင် ရောက်လာသည်။ ငါးကြီးက

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ကြောက်မက်ဖွယ် ကောင်းလွန်းလှ၏။

ကြည့်နေစဉ်မှာပဲ ငါးကြီးက ပါးစပ်ကြီးကို ပြုလန်အောင် ဟလိုက်သည်။ သူ့ကိုစားမှာလား၊ သူသေရတော့မှာလား. . .။

"မင်းက ငါ့ကို လှောင်ရဲတယ်ပေါ့ ဟုတ်လား"

ငါးကြီးပါးစပ်မှ ထွက်လာသောစကားကြောင့် သူမင်သက်မိ သွားပါသည်။

လှောင်တယ်. . . သူဘယ်တုံးက ဒီငါးကြီးကို လှောင်မိ လိုက်တာလဲ။ သေချာကြည့်တော့ ငါးကြီးကိုမြင်ဖူးသလို သူ့စိတ် ထဲမှာ ထင်လာသည်။ ထိုခဏမှာပဲ ပုံရိပ်တချို့ မျက်လုံးထဲမှာ ဖျက်ခနဲ ပေါ်လာ၏။

လွန်ခဲ့သောညတစ်ညက ကားတိုက်မလိုဖြစ်ပြီး သူ့ဆီ ရောက်လာသည့် အဖိုးကြီး၊ ဂေါက်သီးလိုလို၊ ဘိုးတော်လိုလို။

နောက်ပြီး အဖိုးကြီးပြောသွားသည့် ပြည်တော်ဝင်တယ်ဆို တဲ့စကား၊ အဖိုးကြီးတိုက်သော ဆေးရည်၊ အထင်ရှားဆုံးက အဖိုး ကြီးပေးခဲ့သော ငါးရုပ်၊ ဖန်လိုလို ကျောက်လိုလို ငါးရုပ်အစိမ်းလေး ယခု သူ့ရှေ့မှာရှိနေသော ငါးကြီးက ထိုငါးလေးနဲ့တော်တော်တူနေ သည်။

မဟုတ်မှလွဲရော. . .

"ခင်ဗျား. . . ခင်ဗျားက. . ."

"ဟုတ်တယ်. . ငါပဲ၊ မယုံရင်နေ မစော်ကားရဘူး မကိုးကွယ်ရင်နေ မလှောင်ပြောင်ရဘူးကွ၊ ခုတော့ မင်းအပြစ် မင်ပြန်ခံရတော့မယ်. . ."

ရေထဲမှာဖြစ်လျှက်နဲ့ ချွေးသီးချွေးပေါက်တွေ ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မင်းမှာ ကျိန်စာတွေဆူးဝင်နေပြီ၊ ဆိုးသွမ်းတဲ့မိုးတိမ်တွေ ခင်းနောက်ကို ကောက်ကောက်ပါအောင်လိုက်ပြီး ထစ်ချုန်းရွာတော့ မယ်. . ."

". . . . . . . . . . . . . ."

"ဝဋ်ကြွေးမကုန်သ၍ ပျော်ပျော်ကြီးခံလိုက်ပေတော့. ."

ငါးကြီး၏ စကားသံအဆုံးမှာ ရေအောက်လှိုင်းလုံးကြီးတွေ တာ သူ့ကို အမြင့်ဆုံးသို့ ခေါ်ဆောင်သွားသည်။ ပြီးလျှင် ဝုန်းခနဲ ဆောက်ဆောင်များရှိရာဆီ ရိုက်ချလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အား..."

အော်သံကျယ်ကြီးနှင့် သူလန်နိုးလာခဲ့သည်။ ဆတ်ခနဲ ကောက်ထိုင်လိုက်သဖြင့် နဖူးပေါ်တင်ထားသော ရေစိုဝတ်မှာ ပြုတ်ကျသွားသည်။ နဘေးတွင် သူငယ်ချင်းများရောက်နေသည်ကိုလည်း အံ့ဩစွာ တွေ့လိုက်ရ၏။

"ငါ...ငါ ဘာဖြစ်နေတာလဲ..."

"မင်း မနေ့ညတည်းက အဖျားတက်ပြီး ကယောင်ကတမ်းတွေ ပြောနေတယ်လို့..ဦးလေးက ဖုန်းဆက်လို့ ငါတို့ရောက်နေတာ..."

"အခုဘယ်အချိန်ရှိပြီလဲ..."

"နောက်တစ်ရက်ညနေတောင် ရောက်တော့မယ်.."

"အဲဒါဆို ငါသတိလစ်နေတာပေါ့"

"အိပ်ပျော်နေတာပါကွာ..ဆရာဝင်ရောက်လာပြီး ဆေး



www.burmeseclassic.com

www.burmeseclassic.com



ထိုးသွားတာရော သိလား. . .”

“ဟင့်အင်း. . .”

“အေး. . မသိတာပဲကောင်းတယ်၊ ခဏနေ မင်းရဲ့ ဆုတို့တောင် လူနာလာကြည့်ဖို့ ရောက်လာမယ်ပြောတယ်”

“ဟုတ်လား. . .

ထိုစကားကြားတော့ အဖျားက တဝက်လောက် သက်သာသလိုဖြစ်သွားသည်။

“ဘာ ဟုတ်လားလဲ၊ ဖျားသာဖျားတာ ဒါမျိုးဆို နှာခေါင်းကမီးတောက်သေးတယ်”

သော်ကြီးက အပြစ်တင်သလိုပြောသည်။ ခန့်တည်ကကော်ဖီခွက်နှင့် မလှမ်းမကမ်းမှနေပြီး. . .

“ဒါနဲ့ မင်းကလည်း ထူးဆန်းတာ. . သူများတွေ နွေရာသီအိုက်လျှောင်လို့ ဘယ်နေရမှန်းမသိအောင် ဖြစ်နေတဲ့အချိန်မှ မင်းကမိုးမိပြီး အအေးပတ်ရတယ်လို့. . .”

ဆွေဦးကလည်း မလှမ်းမကမ်းဆိုဖာပေါ်တွင် ဖုန်းပွတ်နေရင်းမှ. . .

“အေးလေ. . မိုးကလည်း အချိန်မဟုတ်အခါမဟုတ်နဲ့. . ငါတို့ဘက်တော့ မရွာပါဘူး၊ ဒါနဲ့ နေပါဦး မင်းကမိုးမိရအောင်အိမ်ရှေ့ထွက်ပြီး မိုးရေချိုးနေလို့လား. . .”

သူ ခေါင်းလည်းမညိတ် ခေါင်းလည်းမခါဘဲ ငြိမ်ကာသာနေမိလိုက်သည်။

“ဘေးအိမ်က အဒေါ်ကြီးပြောတာတော့ မိုးကရွာတိုင်းမင်း မိုးရေခဏခဏထွက်ချိုးနေတာဆို၊ ဆုနှင်းသဘင်ကို မရလို့

www.burmeseclassic.com



မိုးရေချိုးပြီး ကိုယ့်ကိုကိုယ်သတ်သေမလို့လား”

လင်းနေ သူငယ်ချင်းတွေကို ဘယ်လိုရှင်းပြရမှန်း မသိ၍ နှုတ်ဆိတ်နေမိသည်။ သူပြောပြရင်ရော ယုံမှာလား။ ခုဟာက ပါးစပ်ပြောမဟုတ်ဘဲ လက်တွေ့ပြမှ ယုံမယ့်အဖြစ်။ သူများကို လက်တွေ့ပြဖို့ နေနေသာသာ သူကိုယ်တိုင်တောင် အကြိမ်ကြိမ်စမ်းသပ်လွန်းလို့ အအေးမိ ဖျားခဲ့ရပြီလေ။

ထိုအချိန်မှာပဲ အိမ်ရှေ့မှကားရပ်သံကို ကြားလိုက်ရ၏။ ဆုတို့ရောက်လာခြင်း ဖြစ်နိုင်သည်။ ထင်သည့်အတိုင်းပင် ဆုနှင်းသဘင်၊ မြနှင်းနှင့် လွင်ဇာနွယ်တို့ အိမ်ပေါ်တက်လာကြသည်။ ဆွေဆွေဝင်း ပါမလာ။ ဒါကိုသိသော ခန့်တည်က. . .

“ဆွေဆွေဝင်း မပါဘူးလား”

“အင်း. . မပါဘူး”

လွင်ဇာနွယ်က ဖြေသည်။

“ဟာ. . မမိုက်ပါဘူး၊ ကျွန်တော်တို့ကျတော့ ဆွေဦးပါလာရတယ်”

ဖုန်းပွတ်နေသောဆွေဦးက ခေါင်းထောင်ကြည့်သည်။ အားလုံးဝိုင်းရယ်တော့ သူလည်းလိုက်ရယ်ဖြစ်လိုက်၏။ တိုင်ပင်ထားခြင်းမဟုတ်ဘဲ အားလုံးရဲ့အလိုက်သိပေးမှုဖြင့် ဆုမှာ သူနှင့်အနီးဆုံးနေရာကို ရောက်လာ၏။

“ဆု ကျွန်တော့်အိမ် တကယ်ရောက်လာတာပဲ”

“အဟင်း. . .”

ဆုက အသာလေးပြုံးသည်။

“သက်သာသွားပြီလား. . .”



www.burmeseclassic.com

www.burmeseclassic.com



"ခုနထိ ဖျားနေတုံး၊ ဒါပေမဲ့ ခုတော့သက်သာသွားပါပြီ"

"အမယ်. . ."

ရှက်ပြုံးလေးတစ်ချက် ရဲခနဲ ပွင့်သွားသည်။ ခစ်ခနဲ ရယ်သူတရယ်သည်။ မျက်နှာမဲ့သူကလည်း မဲ့သည်။ ဒါပေမဲ့ သူမက ထိုအခိုက်အတန့်ကို အကြာကြီးအဖြစ်မခံ. . ။

"ဒါပေမဲ့ ကိုလင်းနေက နွေခေါင်ခေါင်ကြီး ဘယ်ကဘယ်လို မိုးမိပြီး ဖျားတာလဲဟင်. . ."

သူ့မှာအဖြေမရှိ၊ ကိုယ်ကိုယ်တိုင်ပင် နားမလည်နိုင်သေးသည့်ကိစ္စ ဖြစ်နေရာ နွေခေါင်ခေါင်ပင် မိုးရွာ၍ နွေခေါင်ခေါင်ပင် မိုးမိပြီးဖျားကြောင်း ရိုးရိုးပင် ဖြေလိုက်ရတော့၏။ တအောင့်ကြာတော့ သူငယ်ချင်းများက အလိုက်သိစွာ သူနှင့်ဆုကို နှစ်ယောက်တည်းထားပြီး ထွက်သွားသည်။ အကြောင်းပြချက်က မြန်နှင်းနှင့် လွင်ဇာနွယ်ကို လမ်းထိပ် လက်ဖက်ရည်လိုက်တိုက်မည်ဆို၍. . .

"ကိုလင်းနေကို ပြောစရာရှိတယ်. . ."

"ပြောလေ ဆု. . ."

"ဟိုနေ့က ကိုလင်းနေကို မိုးကာအင်္ကျီခေါင်းစွပ်ကြီးနဲ့ ဖိနပ်ဖျက်ကြီးနဲ့တွေ့တော့. . ."

"အာ. . . အဲ့ဒါကြီးကို မပြောပါနဲ့တော့ဗျာ၊ ကျွန်တော် ဆုကိုလာပြီး အရှက်ခွဲတာလည်း မဟုတ်ဘူး၊ အချိန်အခါမဟုတ် မိုးထရွာတော့ တကယ်ကို ဗရုတ်သုတ်ခတွေ ဖြစ်ကုန်လို့ပါဗျာ၊ ကျွန်တော့်ပုံကြည့်ပြီး ဆုစိတ်လေသွားမယ်၊ ရွံသွားမယ်ဆိုတာလည်း နားလည်ပါတယ်. . ."

"ဟင့်အင်း. . မရွံပါဘူး၊ စိတ်လည်းမလေပါဘူး. . ."



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူးသာဆိုတယ်. . အဲတုံးက ဆုပုံစံကို ကျွန်တော် သေချာမြင်လိုက်ပါတယ်၊ ရှိလို့ နောက်တောင်ဆုတ်သွားသေးတယ် လေ. . ."

"အာ. . မဟုတ်ဘူး၊ ဆုဘာကိုမှ မရှိဘူး. . အမှန်က ဆု ကြောက်သွားတာ. . ."

"ကျွန်တော့် ပုံစံကိုလား"

"မဟုတ်ဘူး. . မိုးကို. . ."

"ဟင်. . ."

သူ ငြိမ်ပြီး ဆုကိုကြည့်မိလိုက်သည် ။

ဆုက သက်ပြင်းကိုချ၏။ ပြီးတော့ လေသံအေးအေးဖြင့်. .

"ကိုလင်းနေ အဲကိစ္စနဲ့ပတ်သက်ပြီး စိတ်ထဲမှာတစ်ခုခု ဖြစ် သွားတယ်ဆိုတာ ဆုသိပါတယ်၊ အဲဒါကြောင့်ပဲ ပြောဖို့လာခဲ့တာပါ"

ဆုမျက်နှာမှာ ရုတ်ချည်းညှိုးလျော်သွား၏။

"ဆုမှာ အဆုတ်ယောင်ရောဂါရှိတယ်၊ အဲဒါထက်ဆိုးတာက မိုးရေတွေကို ကြောက်တတ်တဲ့စိတ်ပဲ. . ."

"ဟင်. . ."

"ငယ်ငယ်ကဆုမှာ အဖွားနဲ့ နေခဲ့ရတဲ့အချိန်တွေရှိတယ်၊ အဖွားက တစ်ခါတစ်လေ သူငယ်ပြန်ပြီး စိတ်မနှံ့သလိုဖြစ်ဖြစ် သွား တတ်တယ်၊ တစ်ည အိမ်မှာ ဘယ်သူမှမရှိတုန်း မိုးတွေရွာလာတော့ အဖွားက ဆုကို အိမ်အပြင်ဆွဲထုတ်ပြီး မိုးရွာထဲမှာ ပစ်ထားတယ်၊ ဆုဘယ်လိုပြောပြော မရဘူး၊ မိုးရေတွေ ရွှဲနေတဲ့ဆုကို အိမ်ဝင်ပေါက် ကနေ ငုံ့ကြည့်ပြီး အဖွားကရယ်နေတယ်၊ အဲ့ဒီလိုရယ်နေတဲ့ အဖွား ကို ဆုသိပ်ကြောက်တာပဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းနဲ့ ဆုပုံစံကကြောက်ရွံ့ဟန်တွေ ပေါ်လာ၏။ မိုးရာသီတစ်ခုမှာ အိမ်တံခါးကို တဒုန်းဒုန်းထုပြီး ငိုခဲ့ရတဲ့ ကလေးမလေးတစ်ယောက်ရဲ့အဖြစ်ကို သူမခံစားဖူးခဲ့သည်လေ။

"နောက်ပြီး မိုးရေတွေကိုလည်း ကြောက်လာခဲ့တယ်၊ ဆု မိုးရေထဲမှာ မေ့မျောသွားတယ်၊ ဖေဖေနဲ့မေမေ အချိန်မီပြန်လာခဲ့လို့သာပေါ့၊ မဟုတ်ရင် အဲ့ဒီညတည်းက မိုးရွာထဲမှာ ဆု သေပြီးသွားခဲ့မှာ..."

"အော်..."

"ဖြစ်ရလေဆုရယ်..."

"မိုးစက်တွေကို အဲ့ဒီကတည်းက ကြောက်လာခဲ့တာ..! မိုးရာသီရောက်လာမှာကို ကြောက်တယ်..မိုးရွာမှာကို ကြောက်တယ်၊ အသက်ကြီးကြီး အဖွားကြီးတွေ ရယ်နေတာမြင်ရင်လည်း ကြောက်တယ်၊ အဲ့ဒီညက ဆုအကြောက်လွန်ပြီး သတိလစ်ခဲ့ပေမယ့် အဖွားကတော့ ဆုံးသွားခဲ့တယ်..."

"ဘာဖြစ်လို့လဲ..."

"မသိပါဘူး... ဆုသတိရလာတဲ့အချိန် အဘွားက ဆုံးနှင့်နေပြီလေ၊ အဲ့ဒီမိုးသည်းညကတော့ ဆုအတွက် အိပ်မက်ဆိုးပဲ၊ ဒါကြောင့် ဟိုနေ့ကန္တွေခေါင်ခေါင်မှာ ကိုလင်းနေကို မိုးစက်တွေနဲ့ ထိတ်ရတော့ ဆု လန့်ပြီးအော်မိလိုက်တာပါ..."

"ဖြစ်ရလေ ဆုရယ်"

သူတကယ်ကို စိတ်မကောင်းဖြစ်မိသွားတာပါ။

"စိတ်အစွဲပဲ ခေါ်မလားပေါ့၊ အဲ့ကတည်းက ဆု မိုးရေထိရင် ...တ်တော့ဘူး... တစ်ကိုယ်လုံးယားလာပြီး စိတ်မတည့်



www.burmeseclassic.com

www.burmeseclassic.com



သလို ကုတ်ဖဲ့လူးလိမ့်နေရတာ. . .”

“အော်. . ဆုရယ်. . ၊ ကျွန်တော် အဲ့ဒါတွေတကယ်ပဲ မသိ ခဲ့တာပါ. .”

“အဲဒါကြောင့်လည်း ဆုပြောပြနေတာပေါ့. . .”

ဆုအသံလေးက တိုးရှညှိုးငယ်ကာသွားသည်။ ဖြစ်နိုင်လျှင် ဆုကိုယ်လုံးလေးကိုဖက်ပြီး ဆုရဲ့ဒုက္ခများကို မျှဝေခံစားပေးချင်ပါ သည်။ ဆုအပေါ်ကျရောက်လာမယ့် ကံဆိုးခြင်းတရားများကိုလည်း သူ့ပုခုံးနှင့် ကာဆီးထမ်းပိုးပေးထားချင်သည်။ ဒါပေမဲ့. . .

ဒါပေမဲ့. . .

လင်းနေ တစ်စုံတရာကို စဉ်းစားမိသွားချိန်မှာတော့. . .

“ဟာ. . ဘုရားရေ. . .”

“ဟင်. . . ကိုလင်းနေ ဘာဖြစ်လို့လဲ. . .”

လင်းနေ ခေါင်းနပမ်းကြီးသွားရပါသည်။

ဆု. . ဆုက မိုးစိုမခံနိုင်၊ သူက အမိုးပြင်ထွက်တာနဲ့ မိုးရွာ သွားပြီပေါ့. . . သူတို့နှစ်ယောက် ဘယ်လိုလုပ်ပြီး. . .

“ကိုလင်းနေ. . ဘာဖြစ်တာလဲလို့. . .”

“အော်. . မဟုတ်ပါဘူး၊ ခုမှ ကျွန်တော်နိုးလာတာဆိုတော့ ညက ဘောလုံးပွဲလွတ်သွားတာ တွေးမိလို့ပါ. . .”

ဒိုင်းခနဲ မျက်စောင်းလေးတစ်ချက် သူ့ထံရောက်လာရင်း. . .

“တွေ့လား. . ကိုယ့်ကျန်းမာရေးကျ ဂရုမစိုက်ဘူး၊ ပွဲကြား အာရုံ ရောက်နေတယ်. . .”

“အဟီး. . .”

ဆုံးမသွားပါချစ်သူ၊ ကိုယ်ဟာ ဆုံးမစကားကို မြူမှုန်တစ်



www.burmeseclassic.com

www.burmeseclassic.com


ပြီလိုက်လံရှာဖွေနေရတဲ့ကောင်ပါ။ အချစ်ရေးမှာ ဆုံးမပဲ့ပြင်မယ့်သူ ရှိလို့ ချစ်တာကို ချစ်တယ်လို့တောင် မပြောရဲသေးတဲ့လူ တစ်ယောက်လေ. . .။


www.burmeseclassic.com

www.burmeseclassic.com



ငါက ယောက်ျားတစ်ယောက်ပါ. . .
ဒါနဲ့များတောင်
ကံဆိုးမလို
ငါသွားရာနောက် မိုးလိုက်လို့ရွာနေသေးတယ်. . .။






www.burmeseclassic.com

www.burmeseclassic.com





# VIII

သူ့ ကြောင့်ရွာသောမိုးကို သူပြန်လေ့လာရင်း အောက်ပါအတိုင်း တွေ့ရှိခဲ့သည်။

၁။ မိုးသည် သူအိမ်မှ ထွက်ထွက်ချင်း. . ခြေလှမ်းသုံးလှမ်းမှ အလှမ်းသုံးဆယ်အတွင်း ရွာသည်။

၂။ မိုးသည် သူအိမ်ထဲပြန်ဝင်လျှင်. . စက္ကန့်သုံးဆယ်မှ နှစ်မိနစ်အတွင်း တိတ်သည်။

၃။ မိုးသည် ကား၊ အိမ်၊ အဆောက်အဦး တစ်ခုခုအောက်ရှိနေလျှင်. . မရွာတတ်။

၄။ မိုးသည် ထီးတစ်လက်အောက် ရောက်ရှိမှုဖြင့်တော့. . . အရွာမတိတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



၅။ သူ အိမ်အပြင် (သို့) အမိုးအောက်မှ . . လက်တစ်ဘက်
ခြေတစ်ဘက် (သို့) ခန္ဓာကိုယ်တစ်စိတ်တစ်ပိုင်းမျှ ထွက်နေ
လျှင်ပင် မိုးရွာနိုင်သည်။ သို့သော်. . ထိုမိုးမှာ သိပ်မသည်း
တတ်။

၆။ သူ အိမ်အပြင် တစ်ကိုယ်လုံးထွက်လိုက်သည်နှင့် မိုးရွာသည်
အကျယ်အဝန်းမှာ ဘောလုံးကွင်းတစ်ကွင်းစာနီးနီး ရှိသည်

၇။ သူ မိုးထဲမှာ ကြာကြာနေလွန်းလျှင်. . ကောင်းကင်မှ မိုးကြိုး
များ လျှပ်စီးများပါ လက်လာတတ်သည် ။

ထိုအချက်များမှာ သူအသေခံပြီး မိုးရွာထဲမှာ ခိုက်ခိုက်တုန်
အောင် လေ့လာခဲ့ရသော အချက်များပင်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးလေးရက်လောက်နေတော့ သူနေကောင်းသွားပြီ။ ဒါပေမယ့် စိတ်နှင့်ဦးနှောက်ထဲမှာ ရှုပ်ထွေးလျက် ရှိနေသေး၏။ သူငယ်ချင်းတွေခေါ်ပြီး တိုင်ပင်လျှင်ကောင်းမလား။ သို့သော် တစ်ယောက်တစ်မျိုးဖြင့် ဇာတ်လမ်းတွေပို၍ရှုပ်လာမှာစိုးသည်။ ဒါမျိုးက သူများများ သိလို့ကောင်းသည့် ကိစ္စမဟုတ်မှန်းလည်း သိ၏။

ထိုအချိန်မှာပဲ အိမ်ရှေ့ကိုကားတစ်စီး ထိုးဆိုက်လာသည်။ တခြားသူမဟုတ်၊ သူ၏ချစ်လှစွာသောဦးလေး၊ ကားကိုပင် ကိုယ်တိုင်မောင်းလာပုံထောက်တော့ သူ့ကို ကားဆွဲခိုင်းတော့မည်ထင်သည်။ သူကလည်းနေမကောင်း၍ သုံးရက်လောက်နားနေလိုက်တော့ ဦးလေးခင်ဗျာ ဘတ်ဂျက်တော်တော်ထိနေပြီထင်၏။

"အော်. . ဦးလေး. ."

"အေး. . ."



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးက. . အေး ဟုဆိုကာ သူ့ကို တစ်မျိုးတစ်ထွေ ကြည့်သည်။

"မင်း နေကောင်းရဲ့လား"

"ကောင်းသွားပါပြီ. . အဖျားမရှိတော့ပါဘူး. . "

"normal ရောဟုတ်ရဲ့လား"

"ဗျာ. . ဦးလေးဘာကိုပြောတာလဲ. . . "

"မကြီးမငယ်နဲ့ မိုးရေထွက်ချိုးပြီး ဖျားလို့ normal ပြန်ဖြစ်ပြီလားမေးတာ. . . "

"အော်. . . ဖြစ်ပါတယ်ဦးလေးရဲ့ ကျွန်တော်ပုံမှန်ပါပဲ. . "

ဦးလေးက သူ့ကိုသေချာကြည့်သည်။ ပြီးတော့. . .

"ပုံမှန်ဆိုရင်လည်း လမ်းထိပ်လက်ဖက်ရည်ဆိုင် သွားရအောင်. . လာ. . "

"ဟင်. . "

လင်းနေစိတ်ထဲမှာ ထင့်ခနဲ တစ်ချက်ဖြစ်သွား၏။

လက်ဖက်ရည်ဆိုင်ခေါ်တာ ဘာသဘောလဲ၊ မိုးနဲ့ပတ်သက်ပြီး ဦးလေးတစ်စုံတစ်ရာကို ရိပ်မိသွားပြီလား၊ ဒါကြောင့်မို့လို့ သူ့ကို အပြင်ခေါ်တာလား။ စိုးရိမ်စိတ်ဖြစ်သွားသောသူ့ကို. . .

"နေပါဦး. . မင်းဘာဖြစ်နေတာလဲ"

"ကျွန်တော်ဘာဖြစ်လို့လဲဦးလေးရ. . ဘာမှမဖြစ်ပါဘူး"

"မင်း တစ်ခုခုဖြစ်နေပါတယ်"

လူပျိုကြီးဆိုပေမဲ့ မိန်းမသာမရတာ လူကဲခတ်တတ်တော့ တော်သည်။ အေးလေ. . ဒါကြောင့်မို့လို့လဲ ထိပ်ပြောင်နေတာ နေမှာပေါ့၊ ဆိုင်မဆိုင်မသိ. . သူကတော့ပြောင်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး. . ဦးလေးက ထူးထူးခြားခြား လက်ဖက်ရည်ဆိုင် ခေါ်နေလို့ပါ"

"လက်ဖက်ရည်ဆိုင်ခေါ်တာ ဆန်းလားကွ၊ အရင်တုန်းကလည်း တူကြီးနှစ်ယောက် သွားသောက်နေကျပဲကို. . ."

ဟုတ်တော့ဟုတ်သား၊ တစ်ခါတစ်ရံ သွားသောက်နေကျ၊ အထူးသဖြင့် ဘော္လုံးပွဲရှိသော ညမျိုးမှာဖြစ်သည်။ ဒါပေမဲ့ သူမသွားချင်၊ ကိုယ့်အခြေအနေက ကိုယ်သာသိသည်လေ။

"မလိုက်တော့ပါဘူးဦးလေးရာ ဦးလေးပဲသွားပါတော့"

"ဘာဖြစ်လို့လဲဟ"

"ကျွန်တော် ကော်ဖီသောက်ပြီးသွားပြီ"

"မင်းသောက်ပြီးတာ ငါသောက်ပြီးတာမှ မဟုတ်တာ"

"အာ. . ဦးလေးကလည်း အန်တီတိုးကို အိမ်မှာဖျော်ခိုင်းလည်းရရဲ့သားနဲ့"

"အိမ်မှာသောက်ချင်မှတော့ မင်းလာခေါ်မလားကွ. . လာစမ်းပါကွာ၊ တို့တူကြီးနှစ်ယောက် အေးဆေးစကားမပြောရတာလည်းကြာပြီ၊ မင်းလည်း အိမ်ထဲအောင်းနေရတာ ကြာပြီမဟုတ်လား. . "

ဦးလေးကတော့ မပါပါအောင် ခေါ်မည့်အနေထားမှာ ရှိနေသည်။ သွားတာကကိစ္စမရှိ၊ အိမ်ပြင်ထွက်မှ မိုးရွာလျှင် ဦးလေးရိပ်မိသွားနိုင်သည်။ ဆက်ငြင်းနေလျှင်လည်း သံသယက ဖြစ်လာဦးမည်။ ထိုစဉ်မှာပဲ အိမ်ရှေ့မှာရပ်ထားသည့်ကားကို သတိရလိုက်ရာ. . .

"ဟုတ်ပြီဗျာ. . ဒါဆိုလည်း ကားပေါ်တက်မှ်င့်လိုက်၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော်လိုက်လာခဲ့မယ်. . .”

“ဟာ. . ဒီလောက်နီးနီးလေးကို ဘာကိစ္စ ကားနဲ့သွားမှာလဲ ဆိုကုန်ရကုန်နဲ့. . ဆီဈေးတွေ ဒီလောက်ကြီးနေတာ၊ လမ်းလျှောက်ပြီးပဲ သွားမှာပေါ့၊ မင်းတို့လူငယ်တွေ အဲဒါကြောင့်ခက်တာ ကားလေးတစ်စီးရှိတာ ကိုယ့်အားကိုယ်ကိုးချင်စိတ်ကို မရှိတော့ဘူး. .”

ဦးလေးက ဝူးဝူးဝါးဝါးတွေ တောက်လျှောက်လွှတ်သည်။ မသိရင်ပဲ သူတစ်ဦးတည်း ဝယ်ထားသည့်ကားလိုလို၊ မိုးရွာမှာလည်းကြောက်ရ၊ ဦးလေး ပေါက်ပေါက်ဖောက်တာလည်း ကြောက်ရနှင့်. .

“ဆိုကုန်တယ်သာပြောတယ် ဦးလေးကျ အိမ်နီးနီးလေးကို မောင်းလာပြီးတော့. . .”

“ဒါက သုံးရက်လောက်စက်မနှိုးဘဲ အိမ်မှာဒီတိုင်းထိုးထားလို့ ဆီလိုက်ရေလိုက်ရှိအောင် မောင်းလာတာကွ၊ ကဲကြာတယ်ကွာ မင်းနဲ့စကားပြောရတာ လက်ဖက်ရည်သောက်ချင်စိတ်တောင်ကုန်ခါနီးနေပြီ၊ လိုက်မှာလားမလိုက်ဘူးလား. . .”

မျက်နှာထားတင်းတင်းဖြင့် ထရပ်စဉ်မှာ သူမနေရဲတော့. .

“ကဲ. . လိုက်မယ်ဗျာ. . လိုက်မယ်. .”

လင်းနေ မတ်တပ်ရပ်ရင်း အခန်းထောင့်ကထီးကို သွားယူလိုက်သည်။

“ထီးက ဘာလုပ်ဖို့လဲ”

ဦးလေးအသံက ထွက်လာပြန်သည်။ ဦးလေးက ထိပ်ပြောင်သလောက် အမြင်စူးရှလှသည်။

“မိုးရွာနေမှာစိုးလို့ပါ”


www.burmeseclassic.com

www.burmeseclassic.com



"စိုးမနေနဲ့၊ အပြင်မှာ ဒီလောက်ပူနေတာ ဘယ်မိုးကရွာမှာလဲ"

"အော်. . အဲ. . ဟုတ်သားပဲ. . ."

အပြင်ကိုလှမ်းကြည့်ရင်း စိတ်ညစ်ရသေးသည်။ ထီးမယူလို့က မရ၊ တော်ကြာ နှစ်ယောက်လုံး စိုကုန်မည်။ အဖျားပျောက်ထားတာဖြင့် မကြာသေး. . .

"ဟုတ်ရင် ထီးထားခဲ့လေ. ."

"မထားတော့ပါဘူး ဦးလေးရာ၊ မိုးမရွာလည်းနေပူနေတာပဲ ကျွန်တော်က အဖျားပျောက်ထားတာ မကြာသေးဘူး၊ တော်ကြာ ချွေးနဲ့ ပြန်ဖျားနေဦးမယ်. . ."

ဦးလေးက သက်ပြင်းကို ရှူးခနဲချပြီး ခေါင်းခါသည်။

"မင်းတော့ တစ်ခုခုပဲ၊ ဖျားပြီးကတည်းက မူမမှန်ချင်ဘူး"

ထီးတစ်ဖက်၊ ဦးလေးတစ်ဖက်ဖြင့် လင်းနေ အပြင်ထွက်ခဲ့လိုက်သည်။ လမ်းမ,ရောက်ပြီးမကြာပါ သူတို့ကိုယ်ပေါ်သို့ မိုးစက်များကျလာတော့၏။ ထိုအခါ ဦးလေးက သူ့ထီးအောက် ဝင်လာရှာပြီ။ အိမ်ထဲတုန်းက ထီးယူလို့ သူ့ကိုရစ်နေသည့် ဦးလေး အခု သူ့ထီးအောက်ထဲ ဝင်လာတော့ လင်းနေ မျက်နှာကိုချိုရင်း ထီးကိုကိုယ့်ဘက်အလုံဆွဲယူလိုက်၏။

မိုက်တော့မမိုက်၊ ထီးဆိုတာမျိုးက ချစ်သူနှင့်သာ တစ်ချောင်းတည်းဆောင်းဖို့ ကောင်းတာလေ။ ဒီလို ကိုယ့်ဦးလေး အရင်းခေါက်ခေါက် နဖူးပြောင်ကြီးနှင့်ကျ စိတ်ညစ်ဖို့ကောင်းလှသည်။

"တော်သေးတာပေါ့ဟ မင်းထီးယူလာလို့၊ မိုးလေဝသ သတင်းများ ကြိုကြည့်လာတာလားကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲလေ. . ."

"ငါ*** မိုးကလည်း အချိန်မဟုတ် အခါမဟုတ် လာရွာနေသေးတယ်"

ဦးလေးက ထုံးစံအတိုင်း ထီးအောက်မှပင် မနိုင်အင်္ဂါ လှမ်းတုတ်သေး၏။

"ဟာ. . . ဦးလေး မိုးကိုမဆဲနဲ့. . "

"ဆဲတော့ ဘာဖြစ်လဲကွ. . ဘယ်သူကြားတာမှတ်လို့"

"ဟာ. . အဲ့လို လျှောက်လျှောက်မဆဲနဲ့၊ ကျွန်တော်တောင်ဆဲလို့. . ."

လင်းနေ စကားကို အမြန်ဘရိတ်အုပ်လိုက်သည်။ သူ့စကားအပေါ် ဦးလေးကလည်း စိတ်ဝင်းစားဟန်မပြသဖြင့် တော်သေးသည်။ ထိုသို့နှင့် ထီးနှစ်ချောင်း အတူဆောင်းရင်း လက်ဖက်ရည်ဆိုင်သို့ ရောက်လာခဲ့၏။

လွတ်သည့်စားပွဲမှာ ဝင်ထိုင်ပြီးတော့ ပေါင်မုန့်နှစ်ခွက် မှာလိုက်သည်။ မှာပြီးနောက်တွင် လင်းနေတို့ဝိုင်းကို ဘေးအိမ်မှ ဒေါ်လှ၏သမီး အစိုးလေး ရောက်လာသည်။ အမည်ရင်းမှာ စိုးစိုးရီဖြစ်၏။ ဒါပေမဲ့ ဒေါ်လှကတော့ သူ့သမီးကို ချစ်စနိုးဖြင့် အစိုးလေးဟုသာ ခေါ်သည်။ အသက်က ဆယ့်လေးဆယ့်ငါး၊ မြီးကောင်ပေါက်အရွယ်၊ နှုတ်ခမ်းနီကို ပြူးပြူးပြဲပြဲဆိုးပြီး ရပ်ကွက်ထဲတွင် သူသာ အလှဆုံး ထင်နေသော မိန်းကလေးတစ်ယောက်ဖြစ်သည်။

"ကိုကို"

ခေါ်သံနှင့်အတူ နှုတ်ခမ်းပါထော်လာသည်ကို မြင်လိုက်ရ၏။ လင်းနေ၏ မျက်နှာရှုံ့မဲ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုက အစိုးလေးတံခါးခေါက်တာကိုဘာလို့ မဖွင့်ပေးတာလဲ၊ ဒီကသူနေမကောင်းမှန်းသိလို့ အကောင်းနဲ့လည်း သတင်းလာမေးတဲ့ဟာကို. . ."

"ငါအိပ်ပျော်နေလို့ပါဟာ. . ."

"ဟုတ်ရဲ့လား. . .

"ဟုတ်တယ်. . ."

"ဟုတ်ရင်လည်းပြီးရော၊ ဒီက မခေါ်ပဲနေမလို့. . ခုပြန်ခေါ်လိုက်မယ်"

"မခေါ်ဘဲနေလိုက်ပါတော့လားဟာ"

စိတ်ထဲကပြောမိသောစကား၊ အပြင်မှာတော့မပြောရဲ၊ မျက်ရည်နှင့်မျက်ခွက်ဖြစ်ပြီး ရင်ဘတ် လက်သီးနဲ့ထုတာတွေ ဖြစ်လာနိုင်သည်။

"နေကောင်းသွားပြီလား. ."

"ကောင်းပြီ. . ."

စကားစဖြတ်ချင်သည်မို့ တိုတိုနှင့်လိုရင်းသာ ဖြေလိုက်သည်။ ဒါတောင် မပြီးသေးဘဲ ဟိုလိုလိုဒီလိုလို လုပ်နေတာမို့. .။

"နင် ငါ့ကိုသတင်းလာမေးတာမလား ငါနေကောင်းနေပြီ၊ သွားစရာရှိတာ သွားတော့. . တော်ကြာ အိမ်ပြန်နောက်ကျလို့ နင့်အမေ ဆူနေဦးမယ်. . ."

"အင်းပါ. . အစိုးလေးပြန်တော့မှာပါ၊ ကိုကိုသက်သာရင် အစိုးလေး ပျော်ပါပြီ၊ နောက်တစ်ခါသာ မိုးရေကို အကြာကြီးမချိုးနဲ့နော်. ."

"အာ. . ."



www.burmeseclassic.com

www.burmeseclassic.com



စိုးစိုးရီ ဖင်ကိုလိမ်ကျစ်လိမ်ကျစ်လုပ်ကာ ထွက်သွားသည်။ ဦးလေးက ပြုံးဖြီးဖြီးလုပ်ကာ. . .

"ဟော့ကောင်. . . သတိလည်းထားဦး ကောင်မလေးက အသက် မပြည့်သေးဘူးနော်၊ ပုံစံကြည့်ရတာသိပ်မဟန်ဘူး. ."

"သိတယ်. . အဲဒါကြောင့်မို့လို့ကို တံခါးဖွင့်မပေးတာ"

ဦးလေးက ခေါင်းတဆတ်ဆတ်ညိတ်သည်။

"ဒါပေမဲ့လည်း ဆိုးတော့မဆိုးပါဘူး မင်းနဲ့လိုက်ပါတယ်"

"ဦးလေးရာ. . ကိုယ့်တူကိုယ် မကောင်းကျောင်းပို့ မလုပ်စမ်းပါနဲ့၊ ကျွန်တော့်မှာ ချစ်နေတဲ့ ကောင်မလေးရှိတယ်၊ နောက်မှ ဓာတ်ပုံပြမယ်. . ခု မိုးရွာမှာမို့ ဖုန်းကို အိမ်မှာထားခဲ့လို့. ."

"ဟော. . မင်းက မိုးရွာမှာ ကြိုသိနေတာလား၊ ဖုန်းလည်း ထားခဲ့၊ ထီးလည်း ယူလာဆိုတော့. . ."

"သေဟ. . မှားပြန်ပြီစကား"

"မဟုတ်ပါဘူးဗျာ အချိန်ခါမဟုတ် မိုးကရွာရွာနေတာဆိုတော့ စိတ်ကထင်လို့ပါ. . ."

"အေးလေ၊ မင်းက မိုးရွာတာ ကြိုသိရအောင် ဦးထွန်းလွင်လည်း မဟုတ်၊ မိုးဟောကိုလည်း မဟုတ်. . ."

ဦးလေးက ခပ်ပေါ့ပေါ့ပြောရင်း လက်ဖက်ရည်ကို ငုံ သောက်သည်။ တော်သေး၏ သူ့အပေါ် သံသယမရှိလို့။ ထို့နောက် တော့ သူတို့တူရီးနှစ်ဦး ရောက်တတ်ရာရာ စကားများပြောမိကြ သည်။ လတ်တလော နာမည်ကြီးနေသည့် လေးလောင်းပြိုင် လူသတ်မှုအကြောင်း၊ (၂၁)ရာစု ပင်လုံညီလာခံအကြောင်း၊ ဗုဒ္ဓ လျှောင်အကြောင်း၊ တရားဥပဒေ စိုးမိုးမှုမရှိခြင်းကြောင့် ပြည်သူ



www.burmeseclassic.com

www.burmeseclassic.com



တွေကျိုးလန့်စာ စားနေရသည့်အကြောင်း. . .

စသဖြင့် အချိန်အတော်ကြာအောင် လေပစ်မိကြသည်။ နေ့လည် ထမင်းစားချိန်နီးမှပင် အိမ်ပြန်ဖို့ သတိရသည်။ ဦးလေးက သူ့အိမ်တွင်လိုက်စားရန် အတင်းခေါ်သည်။ သူကလည်း ဤဆိုင်မှာပင် စားတော့မည်ဖြစ်ကြောင်း အတင်းငြင်းသည်။ ဆိုင်ပြင်ထွက်သည်နှင့် မိုးကရွာမှာ သေချာနေသည်ဖြစ်ရာ သူ မထွက်ချင်တော့. . .

ဦးလေးကတော့ အိမ်မပြန်လို့မရ၊ အန်တီတိုးနှင့် တွေ့သွားမည်။ ဒါကိုသိလို့လည်း အကြောက်အကန် သူငြင်းရဲခြင်းဖြစ်သည်။ ခေါ်မရသည့်အဆုံးမှာ ဦးလေးက ပိုက်ဆံရှင်းရန် စားပွဲထိုးကို လှမ်းခေါ်သည်။

ဘာရယ်မဟုတ် နဘေးဝိုင်းများကို လှည့်ကြည့်မိတော့. .

"ဟင်. . ."

သူတို့နှင့်ကပ်လျှက်ဝိုင်းမှာ ထူးခြားသောအချင်းရာတစ်ခုကို မြင်လိုက်ရ၏။ ဦးလေးနှင့် အသက်မတိမ်းမယိမ်း ရှိမည်ထင်ရသော လူကြီးတစ်ဦး စာအုပ်တစ်အုပ်ကို ဖတ်နေသည်။ လူကမထူးခြား. .

ထူးခြားသည်မှာ စာအုပ်ဖြစ်၏။

စာအုပ်နာမည်က. . .

မိုးတားဂါထာတော်ကြီး. . . တဲ့။



www.burmeseclassic.com

www.burmeseclassic.com



တခါ ခိုးကြီးဘုရားတစ်ဆူ၏ စောင်းတန်းတွင်းသို့ ရောက်နေသည်။ ဘုရားစောင်းတန်းတွင် နိမ္မာန်ကုန်ဆိုင်များ၊ ကလေးကစားစရာ အရုပ်ဆိုင်များကို တွေ့ရသည်။ သူကတော့ ဘာသာရေးစာအုပ်တွေရောင်းသည့် ဆိုင်ရှေ့မှာ ရပ်လိုက်သည်။

"ဘာအလိုရှိပါသလဲ"

"မိုးတားဂါထာပါတဲ့ စာအုပ်ရှိလားဗျ"

"ရှိတယ်. . ရှိတယ်. . "

ဆိုင်ရှင်လူကြီးက ဖတ်လက်စစာအုပ်ကို ချကာ အတွင်းဝင်သွားသည်။ တအောင့်ကြာတော့ စာအုပ်တစ်အုပ်ကိုင်ပြီး ပြန်ထွက်လာသည်။ ဆိုင်ရှင်ပေးသော စာအုပ်ကိုယူကာ အတွင်းစာမျက်နှာများကို သူ အမြန်လှန်လိုက်၏။ 'မိုးတားဂါထာတော်ကြီး' ဟူသော ခေါင်းစဉ်ပါသည့် နေရာရောက်မှ သူကျေနပ်သွားသည်။

"ဒီဂါထာရွတ်ရင် တကယ်မိုးမရွာဘူးပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ ကောင်လေးရ၊ မိုးရွာနေချိန်တော့ မရွတ်နဲ့ပေါ့"

"ဗျာ"

"အော်. . မိုးတွေဖြိုင်ဖြိုင်ရွာတဲ့ မိုးရာသီလိုမျိုးဆိုရင်တော့ ရွတ်နဲ့ပေါ့လို့ ပြောတာ၊ ဒီလိုဂါထာမျိုးဆိုတာက ခရီးထွက်ခါနီး၊ ကောင်းမှုကုသိုလ်လုပ်ခါနီး ဘေးအန္တရာယ်မကြုံအောင် သစ္စာပြုပြီး ရွတ်ရတာမျိုး၊ ဒီအတိုင်းအိမ်မှာနေပြီး မိုးမရွာပါစေနဲ့ ထိုင်ရွတ်နေရင်တော့ ရချင်မှရမှာပေါ့၊ ဂါထာမှာလည်း ဂါထာစောင့်နတ်တွေ ရှိတယ်လေ၊ ဂါထာကို မကောင်းတဲ့စိတ်နဲ့ ရွတ်ရင် ဂါထာစောင့်နတ်တွေက ဂါထာကို မစွမ်းအောင် လုပ်ပစ်မှာပေါ့ကွ၊ မိုးရာသီဆိုတာက တောတွေတောင်တွေမှာ သူများတွေ သစ်စိုက်ဝါးစိုက်နဲ့ စိုက်ပျိုးရေးလုပ်နေတဲ့အချိန် မိုးသွားတားရင် ဘယ်ကောင်းမလဲ၊ အဲ့ဒါကျ အရွက်သဘောပါလို့ ဂါထာက ဘယ်စွမ်းတော့မလဲ. . ."

ဆိုင်ရှင်က စိတ်အားထက်သန်စွာ ရှင်းပြသည်။ ပြီးတော့ အခြားစာအုပ်များကိုလည်း ထုတ်ပြ၏။ မိုးနဲ့ ပတ်သက်သော ဂါထာစာအုပ်တွေက ပေါများလှသည်။ မိုးတားဂါထာ၊ မိုးပြေးဂါထာ၊ မိုးတုံ့ဂါထာ စသဖြင့် အမည်ကွဲများနှင့် ဂါထာတွေ တစ်အုပ်တစ်မျိုး ထပ်တွေ့ရ၏။ ဘယ်ဂါထာ စွမ်းမှန်းမသိသည်မို့ ရှိသမျှစာအုပ်တွေ အကုန်ဝယ်ပစ်လိုက်သည်။

ဆိုင်ရှင်က သူ့ကို ထူးဆန်းသလိုကြည့်ပြီး. . .

"သူများတွေ မိုးမရွာလို့ စိတ်ညစ်နေတဲ့အချိန် မင်းက ဘယ်မိုးကို သွားတားဦးမလို့လဲကွ"

ငြီးသံနှင့်ပြောတော့ သူလည်းငြီးသံနှင့် ပြန်ဖြေလိုက်သည်။

"ကျွန်တော့်ဒုက္ခနဲ့ ကျွန်တော်ပါဗျာ. . ဦးလေးမသိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ၊ ရော့ . . ရော့ . . ထီးကျန်ခဲ့ဦးမယ်"

ဂါထာစာအုပ်တွေ တပွေ့ကြီးနှင့် ကားပေါ်တက်ကာ သူ မောင်းထွက်ခဲ့လိုက်သည်။ လူရှင်းသည့်နေရာမှာ ကားကိုရပ်သည်။ ပြီးတော့ ဂါထာတွေတစ်ပုဒ်ပြီးတစ်ပုဒ် နှုတ်တိုက်အာကုန်ဆောင် လိုက်တော့၏။

"အင်း . . ဒီဂါထာရွတ်လို့လား မသိဘူး၊ မိုးမရွာဘူးပဲ"

နောက်မှသတိရကာ . . .

"ဟာ . . ဘယ်ဟုတ်မလဲဟ၊ ငါက ကားထဲရောက်နေတဲ့ ဥစ္စာ ဘယ်လိုလုပ်ပြီး မိုးကရွာမှာလဲ၊ ကားအပြင်ထွက်ရွတ်မှ ဂါထာ တွေ တကယ်စွမ်းမစွမ်း သိမှာပေါ့ . . ."

သူ စာအုပ်တွေပွေ့ပြီး ကားအပြင်ထွက်ခဲ့သည်။ ပြီးတော့ နီးစပ်ရာတစ်ပုဒ်ကို သံနေသံထားဖြင့် အကျအန ရွတ်လိုက်၏။ ဂါထာစရွတ်ရွတ်ချင်းပင် မိုးတွေ တဖွဲဖွဲရွာလာလေတော့သည်။

"သေဟ . . ."

မိုးတားဂါထာလား၊ မိုးခေါ်ဂါထာလား မသိတော့၊ ထီးကို ဖွင့်ကာ အလျှင်အမြန်ဆောင်းလိုက်ရသည်။

ဒီတစ်ပုဒ်မစွမ်း . . နောက်တစ်ပုဒ်စွမ်းရမှာပေါ့။

သူ နောက်တစ်အုပ်ထုတ်ကာ နောက်တစ်ပုဒ်ရွတ်သည်။ မိုးက ပိုပင်သည်းလာသည်။ နေရာကွက်ပြီး မိုးတားသလိုဖြစ်မှာစိုး၍ နေရာရွှေ့ကာရွတ်သည်။

ထီးတစ်လက်နှင့် လမ်းလျှောက်ရင်း ဂါထာရွတ်နေသော သူ့ကိုမြင်သည့်လူများက အရူးဟုထင်လျှင် ထင်နိုင်သည်။ သူလည်း တဖြေးဖြေးနှင့် ကားနဲ့ဝေးသွားလိုက်တာ ဘယ်ရောက်လို့ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်မှန်းပင် မသိတော့. . .။ ဂါထာတွေသာ ကုန်သွားသည် မိုးက စောင့်သေး။ နောက်ဆုံးတော့. . .

"တောက်. . . ဒီဂါထာတွေတောင် ငါ့ကိုမကယ်နိုင်တော့ပါလား. . ."

စိတ်ဓာတ်တော်တော်ကျသွားရ၏။ သူ့ကိစ္စက ဘယ်လိုဖြေရှင်းလို့ ဖြေရှင်းရမှန်းပင် မသိတော့ပါ။ အော်သာငိုလိုက်ချင်တော့သည်။ သူ့ ဒုက္ခကို ကယ်မည့်သူ ဒီကမ္ဘာမြေမှာ မရှိနိုင်တော့ဘူးလား။ စိတ်ညစ်ခြင်းကြီးစွာနှင့်ပင် ကားရှိရာသို့ ပြန်လျှောက်လာခဲ့သည်။ ကားထားရာနေရာရောက်တော့ နောက်ထပ်ကံဆိုးမှုတစ်ခုက ထပ်မံစောင့်နေပြန်ပြီ။ နေရာမှာ ကားမရှိတော့. . .။

"ဟာ. . . ငါ့ကားဘယ်ရောက်သွားလဲ"

သူရွတ်တာ မိုးတားဂါထာပါ. . ၊ ကားပျောက်ဂါထာမှ မဟုတ်ဘဲ ကားက ဘယ်ပျောက်သွားပါလိမ့်။ ကားမတွေ့တော့သဖြင့် လူက ပျာယာခတ်သွားသည်။ တစ်ယောက်ယောက်များ နောက်သွားသလား၊ ဟိုကြည့်ဒီကြည့် သစ်ပင်ပေါ် မော့ကြည့်ဖြစ်နေစဉ်မှာပဲ လူတစ်ယောက် ပြေးလာပြီး. . .

"အစ်ကို ကားရှာနေတာလား"

"အေး. ."

"ခုန ဒီနားမှာ ရပ်ထားတဲ့ကားအဖြူလေးက အစ်ကို့ကားလား"

"အေး. . ဟုတ်တယ်. . ငါ့ကားအစစ်ပဲ. ."

"အဲ့ဒါဆို ရုံးသာလိုက်သွားတော့ အစ်ကိုရေ၊ စည်ပင်က ခုနပဲ အစ်ကို့ကားကို ကရိန်းနဲ့ဆွဲသွားပြီ၊ ယာဉ်မရပ်ရနေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုက ရပ်ခဲ့တာကို. . .”

“ဟာ. . . သွားပါပြီကွာ. . .”

ကားထဲမှာ သူ့ပိုက်ဆံအိတ်၊ ဖုန်း အစစအရာရာပါသွား သည်။ ရုံးကို ဘယ်ပုံဘယ်နည်းနှင့် ဘာစီးပြီး လိုက်ရမည်လဲ။ စိတ် ညစ်ညစ်နှင့် ပွေ့ထားသည့်စာအုပ်များကို ထိုလူ့လက်တွင်း ထည့် ပေးလိုက်သည်။

“ရော့ဗျာ. . .”

“ဟာ. . . ကျွန်တော်ကဒီစာအုပ်တွေဘာလုပ်ရမှာလဲ”

“လုပ်ချင်တာသာ လုပ်လိုက်တော့. . .”

ပြောပြီးလှည့်ထွက်ခဲ့လိုက်သည်။

“ဟေ့လူ. . ဟေ့လူ. . ဟာ. .”

မိုးစက်တွေက သူ့ထီးပေါ် တဝုန်းဝုန်းကျလို့. . .॥

www.burmeseclassic.com

www.burmeseclassic.com



သူ အဆောက်အဦးတစ်ခု၏ ဆင်ဝင်အောက်မှာ နားနေမိသည်။ မိုးရေထဲ အိမ်ကိုလမ်းလျှောက်ပြန်လာခဲ့ခြင်း ဖြစ်သည်။ မိုးကိုလိုက်ပြီး ကားကိစ္စဖြေရှင်းရန် ဒီနေ့အဖို့ မဖြစ်နိုင်တော့၊ သူ့ဘဝ ဘာဖြစ်နေသလဲ သူကိုယ်တိုင်ပင် နားမလည်တော့ပါ။ တကယ်က သူကျိန်စာမိနေတာပါ။ အိပ်မက်ထဲက ငါးကြီးရဲ့ အားရပါးရ ကျိန်စာတိုက်သွားသံကို ခုချိန်ထိ နားနဲ့ဆတ်ဆတ် ကြားနေတုံးလေ. . ။

တကယ်ဆို ဒီလိုအချိန် မိုးရေထဲမှာ အိမ်ခြေရာမဲ့တစ်ယောက်လို လမ်းပျောက်ကြေကွဲနေရမှာမဟုတ်။ ကားလေးနဲ့ ဆုကိုသွားကြိုနေရမှာ။ ဆုနှင့်ကားပေါ်မှာ ပေါက်ကရလေးတွေပြောပြီး ကြည်နူးနေရမှာဖြစ်သည်။ အခုတော့ သွားပြီ။ အစစအရာရာ စုတ်ပြတ်သတ်နေတော့သည်။ သူဆင်ဝင်အောက်မှာ ရေစက်ရေနှင့် လျှောချထိုင်နေမိသည်။

သူ ဒီပြဿနာကို ဘယ်လို လက်တွေ့ကျကျဖြေရှင်းရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကံဆိုးကောင်သွားရာ မိုးက လိုက်လို့ရွာနေပြီ။

"အား. . . . . . . ."

သူစိတ်ရှုးပေါက်ပြီး အော်လိုက်တော့ သူဝင်ထိုင်နေသည့် အဆောက်အဦးဆင်ဝင်ရှေ့က တံခါးမှာ ပွင့်လာသည်။ မိန်းမကြီး တစ်ဦးက သူ့ကို မိုးခိုနေသည့် အိမ်ရာမဲ့တစ်ယောက်လိုကြည့်သည်။ သူစိတ်ပျက်သွားသည်။

"ကျွန်တော် လူကောင်းဗျ"

ဖြေရှင်းလိုက်မှ မိန်းမကြီး၏မျက်နှာမှာ ပိုရှုံ့သွားသည်။ ပြီး တံခါးကို ဂျိန်းခနဲ အသံမြည်အောင်ဆွဲ ပိတ်သွားသည်။ သူ စိတ်ဆင်း ရဲစွာ ထိုဆင်ဝင်အောက်မှာ ထွက်ခဲ့တော့၏။ ထီးကိုလည်း လွှင့်ပစ် လိုက်သည် ။

"ကဲ. . . ရွာစမ်းကွာ၊ ဒီလောက်မှ ကျိန်စာတိုက်ချင်တဲ့ မိုး တွေ. . ."

"ငါကိုသေအောင် သတ်စမ်းကွာ"

တစ်လမ်းလုံး အရူးတစ်ယောက်လို သူ အော်ဟစ်လာခဲ့ သည်။



www.burmeseclassic.com

www.burmeseclassic.com

# IX

ကြာရင် သူရူးတော့မည်။ ခုကိစ္စက သူတစ်ယောက်တည်း ကြိတ်ဖြေရှင်းလို့ မရနိုင်တော့မှန်း တဖြည်းဖြည်းနှင့် သူသိလာသည်။ ထို့ကြောင့် သူငယ်ချင်းများကို မဖြစ်မနေ ခေါ်တိုင်ပင်ရတော့၏။

သော်ကြီး၊ ဆွေဦး၊ ခန့်တည် သူငယ်ချင်းသုံးယောက်လုံး ဆုံတော့ ယုံကြည်ရန်ခက်ခဲသည့်ကိစ္စကို ခက်ခက်ခဲခဲ ရှင်းပြလိုက်တော့သည်။

“ငါ အဲ့ဒီနေ့က အရူးလိုလို ဘိုးတော်လိုလို ဆာဒူးကြီးလိုလို လူကြီးတစ်ယောက်နဲ့ ဆုံခဲ့တယ်၊ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .”

“အေး. . ဆက်ပြောပါဦး”



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ဂမ္ဘီရတောက်တဲ့နဲ့ ဖျော်ထားတဲ့ ဆေးကိုလည်း ငါ့ကိုတိုက်တယ်၊ .........................."

"အော်. . . ဟုတ်လား. ."

"ခရီးဆုံးတော့ ငါ့ကို ထူးဆန်းတဲ့ ငါးရုပ်လေးတစ်ရုပ်ပေး တယ်၊ အဲ့ဒီငါးရုပ်ကို ဆဲပြီး ရေမြောင်းထဲလွှင့်ပစ်လိုက်တယ်"

"...................."

ပြောပြစဉ်တုန်းကတော့ သူ့စကားကို အားလုံးက မျက်လုံး ပြူး ပါးစပ်အဟောင်းသား နားထောင်ကြသည်။ ပြီး စကားဆုံး ဝါးခနဲ ထရယ်ကြတော့သည်။ သူပြောတာကို ဘယ်သူဖြစ်ဖြစ် ယုံမှာ မဟုတ်မှန်း သူသိသည်။ ပါးစပ်နှင့်ပြောပြရုံနှင့် ယုံလောက်စရာ အကြောင်းမဟုတ်မှန်းလည်း သူနားလည်ထားသည်လေ။ ခက်တာ က သကောင့်သားတွေမှာ မယုံရုံမဟုတ်ဘဲ သူ့ကို လှောင်ပင်လှောင် နေလိုက်သေးသည်။

"အဲ့ဒါကြောင့် မင်းဦးလေးက ဟိုတစ်နေ့က ငါတို့ကို ဖုန်း ဆက်တာကိုး. . ."

"ဘာ. . ငါ့ဦးလေးက ဖုန်းဆက်တယ် ဟုတ်လား"

"အေး. . . မင်းတို့ကောင်ကို ကြည့်ထိန်းဦးတဲ့၊ အဖျား ရက်ရှည်သွားလို့လားမသိဘူး နည်းနည်းကြောင်တောင်တောင် ဖြစ် နေရှာတယ်တဲ့. . . ဟားဟား. . ."

"သော်ကြီးစကားကို ဆွေဦးကထပ်ဖြည့်သည်။

"ဟီးဟီး. . . မင်းပြောသလိုဆို မင်းက လူစွမ်းကောင်းလိုလို ဘာလိုလိုဖြစ်နေပြီ၊ Rainy Man ပေါ့. . ဟုတ်လား. ."

"ဟော့ကောင် Rainy Man ဆိုတော့ အာဝတ်စုံချုပ်ဝတ်



www.burmeseclassic.com

www.burmeseclassic.com



မှာလဲ၊ Super Man တို့ Sprider Man တို့လို Hero ဝတ်စုံလား၊ ဒါမှမဟုတ် ငယ်ငယ်က မိုးရေချိုးတဲ့ ဘောင်းဘီတိုလေးနဲ့ စွပ်ကျယ်လက်ပြတ်လေးနဲ့လား. . ဟားဟား. . "

"ဒါပေမယ့် ဒီကောင်က လူတွေကို ဘယ်လိုကယ်မှာတုန်း၊ တိုကလူတွေကို ကယ်တာလေ၊ မီးလောင်တဲ့နေရာ သူသွားရပ်ပြီး မိုးရွာချပေးမှာ အဲ့လိုလား"

"ဟားဟား. . . "

"ခွိးခွိး. . . "

အပြတ်ကို နှိပ်ကွပ်နေတော့၏။

ကြာတော့ သူမခံနိုင်တော့. . .

ဒါပေမဲ့ ဒီပတ်ဝန်းကျင်မှာလည်း သက်သေပြလို့မဖြစ်။ အပြင်ထွက်တိုင်း မိုးရွာနေလျှင် ကြာတော့သတိထားမိကုန်မည်။

"ဟော့ကောင်တွေ. . . "

သူ အသံမာမာနှင့် အော်လိုက်သည်။

သကောင့်သားတွေ စကားရပ်ပြီး သူ့ကိုကြည့်သည်။

"မင်းတို့ ငါ့ကိုလှောင်တယ်ပေါ့. . . ဟုတ်လား"

". . . . . . . . . . . . . . . . "

"အေး. . . ခဏပဲစောင့်"


လင်းနေ အခန်းတွင်းဝင်ကာ မိုးကာအင်္ကျီကိုယူသည်။

"လာ. . မင်းတို့ကိုမြို့ပြင်ထွက်ပြီး သက်သေပြမယ်"

www.burmeseclassic.com

www.burmeseclassic.com





# X

လင်းနေတို့ကားလေး မြို့ပြင်တစ်နေရာသို့ ရောက်လာသည်။ မြို့ပြင်ဆိုသည့်အတိုင်း လူအသွားအလာကျဲသည်။ တစ်မျှော်တစ်ခေါ် လယ်ကွင်းတွေရှိသည့်နေရာမှာ ကားကို လမ်းဘေးကပ်ရပ်လိုက်သည်။

"လင်းနေ ငါတို့က မင်းကို နည်းနည်းပါးပါးနောက်မိတာပါကွာ၊ မြို့ပြင်ခေါ်ပြီး ငါတို့ကို အလောင်းဖျောက်တော့မလို့လား"

"အေးလေ. . လေးငါးရက်လောက်ဖျားသွားရင် ဒါမျိုး ဖြစ်တတ်ပါတယ်"

လင်းနေဘာမှမပြော၊ အသင့်ယူလာသော မိုးကာအင်္ကျီကို ထုတ်ဝတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ့ကောင်တွေကို ကောင်းကင်ဆီညွှန်ပြပြီး. . .

"မင်းတို့ သေချာကြည့်၊ ကောင်းကင်က ဘာထူးခြားလဲ. ."

"ပုံမှန်ပါပဲ. ."

"အေး. . တိမ်ညိုတိမ်မည်းတွေမရှိဘူး၊ မိုးရွာမယ့်လက္ခဏာ မရှိဘူးနော်. ."

"မရှိဘူး. ."

"ဟုတ်ပြီ. . မင်းတို့စောင့်ကြည့်နေ၊ ငါမိုးရွာအောင် လုပ်ပြမယ်. ."

သူငယ်ချင်းတွေ သူ့ကိုကြောင်ပြီးကြည့်နေသည်။ လင်းနေအသံက ယုံကြည့်မှုအပြည့်။

"ငါကားပေါ်ကထွက်ပြီး တစ်မိနစ်မပြည့်ခင် မိုးရွာစေရမယ်"

သူကားတံခါးကို ဝုန်းခနဲဆွဲဖွင့်ပြီး ကားပေါ်က ဆင်းလိုက်သည်။ ပြီးလျှင် လယ်ကွင်းတွေဆီ လျှောက်သွားလိုက်၏။ နွေအခါမို့ လယ်ကွင်းများက သီးနှံမရှိဘဲ လွင်တီးခေါင်ပင် ဖြစ်လို့နေပါပြီ၊ လယ်ကွင်းရဲ့အလယ်မှာရပ်ပြီး ကောင်းကင်ကို သူမော့ကြည့်လိုက်သည်။

ခဏချင်းပင် ရေခိုးရေငွေ့ရနံ့ကို ရှူရှိုက်လိုက်ရ၏။ ကြောခင်ကျလာတော့မည့် မိုးစက်များကို ခံစားလို့ပင် ရနေခဲ့ပြီ။

ဆွေဦး၊ သော်ကြီးနှင့် ခန့်တည်တို့မှာ ကောင်းကင်ကို မော့ကြည့်ပြီး တိမ်တွေညိုမည်းလာတာကို အံ့ဩဖွယ်မြင်လိုက်ရ၏။ သူတို့မျက်မှောင်ကျုံ့သွားကြသည်။

မကြာပါ၊ ကောင်းကင်မှ တဖျစ်ဖျစ်နှင့် လျှပ်ပန်းလျှပ်နွယ်



www.burmeseclassic.com

www.burmeseclassic.com



များ ယှက်သန်းသွားပြီးသည့်နောက်မှာတော့. . .

ပထမဆုံးမိုးစက်သည်ကား. . .

လင်းနေနှင့်အတူ သူတို့ရှိနေရာ ကားခေါင်မိုးပေါ်သို့. . .

"ဟင်. ."

"ဒါ. . ဒါ. . တကယ်ကြီးလား. ."

သုံးယောက်သား လင်းနေကို အထိတ်တလန့် လှမ်းကြည့်မိသည်။

လင်းနေက ခြေစုံကိုရပ်ရင်း လယ်ကွင်းအလယ်မှာ တဖြည်းဖြည်းသည်းထန်လာသော မိုးစက်တွေအောက် ခေါင်းကို မော့ကာ. . .

ဆွေဦးတို့သုံးယောက်မှာ တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ထိတ်လန့်နေမိပါတော့၏။ လူတစ်ယောက်က မိုးရွာအောင် လုပ်နိုင်သတဲ့လား။

"ဒါ. . ဒါ. . တိုက်ဆိုင်တာနေမှာပါ. ."

သော်ကြီးက မယုံချင်သေး။

လင်းနေ ရပ်နေရာမှ ကားဆီပြန်လျှောက်လာသည်။ ကားထဲဝင်ထိုင်လိုက်သောသူ့ကို အစိမ်းသရဲ တစ်ကောင်အလား ဝိုင်းကြည့်နေကြ၏။

"မင်းတို့ကြည့်နေ၊ ငါအမိုးအောက်ရောက်ရင် စက္ကန့်ပိုင်း အတွင်း မိုးတိတ်သွားလိမ့်မယ်"

သူတို့နာရီကို ယောင်ရမ်းငုံ့ကြည့်တော့ တကယ်ပဲ တစ်မိနစ် မပြည့်ခင် စက္ကန့်ပိုင်းလေးမှာ မိုးက တိတ်သွားသည်။

သုံးယောက်လုံး အသံတိတ်နေကြပါပြီ၊ လင်းနေ မဲ့ပြုံးတစ်



www.burmeseclassic.com

www.burmeseclassic.com



ချက်ပြုံးကာ. . .

"မင်းတို့မယုံနိုင်ဘူးမို့လား"

"အေး. . သိပ်မယုံ. . .

"တိုက်ဆိုင်တာလို့ ထင်နေတယ်မလား. ."

"အေး. . ဒါတိုက်ဆိုင်တာပဲ. ."

"သေချာတာပေါ့၊ မင်းတို့ ဒီလိုထင်ခွင့်ရှိတာပေါ့၊ အေး. . ငါကလည်း သက်သေပြခွင့်ရှိတာပေါ့၊ အခု ကောင်းကင်ကို ကြည့်လိုက်၊ နေပြန်သာနေပြီနော်. . ."

"အင်း. ."

ဝုန်းခနဲ ကားတံခါးဆွဲဖွင့်ကာ လင်းနေ လယ်ကွင်းထဲ သွားရပ်လိုက်ပြန်သည်။

မကြာပါ။ မိုးတိမ်များ သူရှိရာ ကောင်းကင်အထက်မှာ စုဝေးလာသည်။ ထို့နောက် တဝေါဝေါနှင့် ရွာသွန်းလာပါတော့သည်။

ဒုတိယအကြိမ်မှာ သုံးယောက်လုံးပြောစရာစကားမရှိပါ။ စပ်အဟောင်းသား၊ နွေခေါင်ခေါင်ကြီး ရွာသောမိုး။ သော်ကြီးက မယုံနိုင်သလို ကားမှန်ချပြီး မိုးစက်တွေကို လက်နှင့်ခံကြည့်သေးသည်။ မိုးမှမိုးအစစ်။ မိုးရေ စစ်စစ်တွေမှ မိုးရေစစ်စစ်တွေ။

လင်းနေ ကားထဲပြန်ဝင်လာသည် ။

"မင်းတို့ နာရီကြည့်ထား"

သူတို့ နာရီကိုကြည့်လိုက်ကြသည်။ တစ်မိနစ်မပြည့်ခင် မိုးက လုံးလုံးတိတ်သွားသည်။

သူတို့ လင်းနေကို ကြောက်လန့်ကာ ခပ်ခွာခွာနေလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



တော့၏။

"ငါ နှစ်ကြိမ် သက်သေပြပြီးပြီနော်"

"......................"

"အေး. . . သုံးကြိမ်မြောက်ဆိုရင်တော့ တိုက်ဆိုင်တာ မဟုတ်တော့မှန်း မင်းတို့လက်ခံလောက်ပြီပေါ့"

"......................"

သုံးကြိမ်မြောက်မှာလည်း မိုးကသည်းသည်း။

စတုတ္ထအကြိမ်မှာတော့ သူကိုအပြင်မထွက် ရန်ဝိုင်းဆွဲကြတော့သည်။

"တော်. . တော်. . ပါတော့ကွာ၊ ငါတို့ယုံပါပြီ. . ."


အပြန်လမ်းတလျှောက်လုံး လေးယောက်သား စကားတို့မဲ့နေခဲ့၏။ မည်သို့မည်ပုံ အိမ်ရောက်လာခဲ့မှန်းပင်မသိ။



www.burmeseclassic.com

www.burmeseclassic.com





# XI

"ဒါ. . ဘယ်နတ်ဘုရားပေးတဲ့ ဆုလာဘ်လဲကွာ"

"ဆုလာဘ် မဟုတ်ဘူးဆွေဦး၊ ကျိန်စာ. . ."

"ဟင်. . ."

ဟုတ်ပါ၏။ ဒါဟာ သူ့အတွက်ဆုလာဘ်တစ်ခု မဟုတ်ခဲ့ပါ။ ခန့်တည်က ကော်ဖီလေးခွက်ဖျော်လာပြီး တစ်ယောက်တစ်ခွက်ဝေသည်။

သူတို့ အိမ်ပြန်ရောက်နေကြပြီဖြစ်သည် ။

"ငါ မင်းတို့ကိုအစက ပြန်ပြောပြမယ်၊ ဒီတစ်ခါတော့ မင်းတို့ မပြောင်ကြနဲ့ကွာ. . ."

သုံးယောက်လုံး ပြိုင်တူခေါင်းညိတ်ကြ၏။ စိတ်ဝင်စား လေး



www.burmeseclassic.com

www.burmeseclassic.com



နက်ဟန်တို့လည်း အားလုံးရဲ့မျက်နှာမှာ ပေါ်နေသည်။ လင်းနေ စိတ်ချသွားသည်။

"ဒီလို . . မင်းတို့နဲ့ငါ နောက်ဆုံး ဘီယာသောက်သွားတဲ့ ညကိုမှတ်မိတယ်မလား . . . အဲဒီကအပြန် လမ်းမှာ . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ."

ဘိုးတော်လိုလို၊ အရူးလိုလို အဖိုးကြီးတစ်ယောက်နှင့် တွေ့ခဲ့သည့်အကြောင်း၊ ထိုရူးကြောင်ကြောင် အဖိုးကြီးက သူ့ကို ကားခပေး စရာမရှိလို့ အစိမ်းရောင် ငါးရုပ်လေးတစ်ရုပ်ပေးခဲ့ကြောင်း . . မှအစ ပြုကာ နောက်ဆုံးထိုငါးရုပ်လေးကိုပြောဆို၍ လမ်းဘေးရေမြောင်း ထဲသို့ လွှင့်ပစ်ခဲ့ကြောင်း၊ ထိုအချိန်မှာပဲ မိုးချိန်းသံနှစ်ချက်ကြားပြီး ကောင်းကင်တွင် လျှပ်စီးများလက်လာသည်ကို မြင်ရကြောင်း . .

နောက်ရက်မှစပြီး ခုလိုအဖြစ်အပျက်တွေဖြစ်တော့ကြောင်း ပြောပြလိုက်သည်။

"ငါတော့ အဲ့ဒီငါးရုပ်ကို မလေးမစားလုပ်မိလို့လို့ ထင်တာ ပဲ"

". . . . . . . . . . . . . ."

သူငယ်ချင်းတွေက ဘာမှတ်ချက်မှမပေး။ မပေးတတ်တာ လည်းဖြစ်နိုင်သည်။

"နောက်ပြီး ဒီရက်ပိုင်း ထူးဆန်းတဲ့အိမ်မက်တွေ မက်တယ် အိပ်မက်တိုင်းမှာ ငါက ရေအောက်နန်းတော်လို နေရာတစ်ခု ရောက်သွားတယ်၊ အဲ့ဒီလိုရောက်သွားတိုင်း ငါးကြီးတစ်ကောင်နဲ့ တွေ့တယ်၊ အဲ့ဒီငါးကြီးက ငါ့ကို စိတ်ဆိုးမာန်ဆိုးနဲ့ ဟိုက်ခိုတ်မှု



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတယ်ကွာ၊ ပြီးတော့ ကျိန်စာတိုက်တယ်၊ ငါသွားတဲ့ နေရာမှန် သမျှ မိုးလိုက်လို့ရွာပါစေတဲ့. . .”

“ဒါဆို သေချာနေပြီပေါ့၊ မင်းကို ဟိုအဖိုးကြီးလုပ်နေတာ၊ ဒါမှမဟုတ် အဲ့ဒီငါးရုပ်က လုပ်နေတာ. . .”

“အင်း. . .”

နီးစပ်သည်ထင်တာကိုတော့ သူတို့စဉ်းစားမိကြပြီ။ ဘယ်လို ဖြေရှင်းမလဲကိုတော့ မသိကြသေး။

“အဲတော့ ဒီပြဿနာကို ဘယ်လိုရှင်းကြမလဲ. . .”

“ဘာရှင်းစရာလိုလို့လဲ၊ မင်းမှာ မိုးရွာနိုင်တဲ့ အစွမ်းရှိတာ ဒီလောက်ကောင်းတဲ့ဟာ. . ရှယ်ပဲ ရေချိုးခန်းတောင် မလိုတော့ဘူး၊ ရေချိုးချင်ရင် အင်္ကျီချွတ်ပြီး အိမ်ပြင်ထွက်လိုက်ရုံပဲ. . .”

“ဟေ့ကောင်. . . သော်ကြီး ငါစကားအကောင်းပြောနေ တာ”

ခပ်တည်တည်အော်လိုက်မှ သော်ကြီး မျက်နှာပိုးသတ်သွား သည်။ ခန့်တည်ကလည်း တည်တည်ကြည်ကြည်ဝင်ဆွေးနွေးသည်။

“ဟုတ်တယ်. . သော်ကြီး မနောက်နဲ့၊ ဒီကောင်က အခု တစ်စမ်းမဲပေါက်ပြီး ကံထူးရှင်ဖြစ်နေတာ မဟုတ်ဘူး၊ ကျိန်စာသင့် နေတာ၊ ဒီကောင်သွားတဲ့ နေရာမှန်သမျှ နောက်ကမိုးလိုက်ရွာနေမှာ၊ ပြီးတော့ ဒီကောင်က လူ၊ ဖားတွေ ငါးတွေ မဟုတ်ဘူး၊ မိုးရွာထဲလဲ အချိန်ပြည့်မနေနိုင်ဘူး၊ ကျိန်စာကဒီလောက်နဲ့မရပ်ဘဲ ဒီထက်ဆိုး တာတွေ ကြုံလာရင်ဘယ့်နှယ်လုပ်မလဲ၊ လူတွေက ဒီကောင့်ကြောင့် မိုးတွေရွာတယ်လို့ သိသွားရင် ဘာတွေဆက်ဖြစ်မလဲ အများကြီး တွေးစရာရှိတယ်. . .”



www.burmeseclassic.com

www.burmeseclassic.com



"ခန့်တည်ပြောတာမှန်တယ်"

ဆွေဦးကလည်း ထောက်ခံရင်းဆက်ပြောသည်။

"ဒီလိုကိစ္စမျိုးဟာ အဆုံးသတ်မှာ ကောင်းကျိုးမရှိနိုင်ဘူး ငါမြင်တယ်၊ ဘယ်သူမှ မိုးအမြဲတမ်းရွာနေတာ မကြိုက်သလို မိုး တဲ့အောက်လည်း ဒီကောင်တစ်သက်လုံး နေနိုင်မှာမဟုတ်ဘူး ဒါဟာဖြေကို ဖြေရှင်းရမယ့် ပြဿနာပဲ"

သူ ခေါင်းညိတ်လိုက်သည်။ ခုပင် ထိုပြဿနာရဲ့နောက် ဆက်တွဲရလဒ်များကို ခံစားနေရပြီမဟုတ်ပါလား။ လင်းနေ သတ် ပြင်းအကြီးကြီးကိုချ၊ လက်ထဲက ကော်ဖီခွက်ကိုလည်း ချကာ. . .

"အဆိုးဆုံးအချက်ကတော့. . ငါဆုကို တွေ့ခွင့်မရတော့ တာပဲ"

"ဟင်. . ."

"ဘာလို့လဲ. . ."

သူငယ်ချင်းတွေက မျက်နှာရှေ့တိုးပြီး မေးပြန်သည်။

ဆုပြောပြခဲ့သော အကြောင်းရာတချို့ကို စိတ်ရှည်ရှည်နှင့် သူရှင်းပြလိုက်ရသည်။ ဆုသည် မိုးစက်တွေကို၊ မိုးရွာမှာကို၊ မိုးဥတုကို ကြောက်သူတစ်ဦးဖြစ်ကြောင်း၊ မိုးစိုခံ၍မရကြောင်းနှင့် သူမ၏ နောက်ကြောင်းအချို့ကိုပါ ပြောပြလိုက်တော့. . .

"ခွီးတဲ့. . အဲလိုဆိုသွားပြီပေါ့ဟ. . ဘယ်လိုလုပ်ကြမလဲ"

"သေရော. . ဆုကို မင်းဘယ်လိုသွားတွေ့မှာလဲ. ."

"ငါခံစားနေရတဲ့ အဆိုးဆုံးပြဿနာက အဲဒါပဲကွ. . ."

လင်းနေ ပြတင်းပေါက်တွင် မတ်တပ်ရပ်ပြီး ညည်းသံနှင့် ပြောလိုက်တော့ အားလုံးငြိမ်သွားကြသည်။ သူဆုနှင့်တွေ့ရတာပင်



www.burmeseclassic.com

www.burmeseclassic.com



အဖျားပျောက်ကတည်းက။ ဆုက နလန်ထစမှ သူမဆီမလာတာဟု ထင်မည်။

တကယ်က ထိုသို့မဟုတ်။ သူအိမ်အပြင်ထွက်တာနှင့် မိုးရွာသည်။ မိုးရွာလျှင် မိုးကိုကြောက်သောဆုနှင့် မည်သို့တွေ့ရမည်နည်း။ တစ်ခါနှစ်ခါဆိုလျှင် အကြောင်းမဟုတ်၊ ကြာလျှင် ဆုရိပ်မိသွားမည်။ အကြောင်းစုံသိပြီးသည့်နောက်မှာ မိုးနှင့်ဘယ်လိုမှ မတည့်နိုင်သောဆု . . သူ့ကို ချစ်သူအဖြစ်မည်သို့ ရွေးချယ်ပါတော့မည်လဲ၊ စိတ်ဆင်းရဲစရာ . . . ။

ထိုအချိန်အပြင်မှာ မိုးကလေးများ ဖွဲဖွဲရွာလာသည်။ ဒါကို သော်ကြီးက သတိထားမိသွားပြီး . . . ။

ဟော့ကောင် လင်းနေ။ မင်းလက်ကို ပြတင်းပေါက်အပြင် ထုတ်မထားစမ်းနဲ့ . . . ။

ခုမှ သူလည်းသတိရကာ လက်ကိုအတွင်းပြန်ထည့်လိုက်ရ၏။

ထိုမှ မိုးက တဖြည်းဖြည်းတိတ်သွားသည်။

“ဟူး . . .”

သက်ပြင်းသာချမိလိုက်တော့၏။ လက်ကလေး အပြင်ထုတ်မိတာနှင့် မိုးက နည်းနည်းရွာလာသည်။

ခန့်တည်က လေးလေးနက်နက်စဉ်းစားနေရင်းက အားလုံးကိုကြည့်ပြီး . . .

“ငါတို့ထိုင်ပြီး စိတ်ညစ်နေလို့ မရဘူး၊ တစ်ခုခုကို ရှာမှဖြစ်တော့မယ်ထင်တယ် . . .”

“ဘာကိုရှာမှာလဲ . . .”



www.burmeseclassic.com

www.burmeseclassic.com



"ငါးရှပ်ကို၊ ပြီးတော့ ဟိုအဖိုးကြီးကိုရှာပေါ့. . ."

ဟုတ်သည်။ သူတို့လုပ်လို့ရနိုင်မည့် အကောင်းဆုံးနည်းလမ်းက ဒါပဲဖြစ်သည်။

"မှန်တယ်၊ ငါတို့ ငါးရှပ်ကို ပြန်ရှာ၊ အဖိုးကြီးကိုလည်းတွေ့အောင် ပြန်ရှာပြီးမှ ကျိန်စာပြယ်အောင် လုပ်ရမယ်"

"လာကွာ. . ခုပဲသွားရှာကြမယ်. ."

သူတို့ယောင်ပြီး တက်ကြွစွာ အိမ်ထဲက ပြိုင်တူထွက်လိုက်၏။ အိမ်အပြင်ရောက်တော့ ဝုန်းခနဲ မိုးရွာချသဖြင့် အိမ်ထဲအမြန်ပြန်ပြေးဝင်ရသည်။

"မဖြစ်ဘူး၊ လင်းနေ မင်းနေခဲ့၊ ငါတို့ကားပေါ်ရောက်မှ မင်းက မိုးကာဝတ်ပြီး နောက်ကလိုက်ခဲ့. . ."

"အေး. . အေးပါကွာ. . ."

ကားပေါ်တက်ဖို့တောင် လူစုခွဲနေရသည့်အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



ငါ့တစ်ယောက်တည်းကို စိုစေတဲ့မိုး
နင့်ကို သောက်ရမ်း မုန်းတယ်. . .






www.burmeseclassic.com

www.burmeseclassic.com





# XII

ငါး ရုပ်လွှင့်ပစ်ခဲ့သည့်နေရာကို သွားရှာကြသည်။ ခြုံပုတ်တွေထဲ လှန်လှောရှာသည်။ မတွေ့ . . .။

ရေမြောင်းထဲကိုလည်း အနီးနားက ကလေးတွေကို မုန့်ဖိုးပေးပြီး ဆင်းရှာခိုင်းသည်။ မတွေ့ . .။ ရေထဲများ မျှောသွားလား ရေမြောင်းတလျှောက် လိုက်ရှာသည်။ မတွေ့ . . .။

နောက်ဆုံး ပေါက်ပြား၊ ပေါက်တူး၊ ဓားတွေကိုအသုံးပြုကာ ခုတ်ထွင်ရှင်းလင်းရှာဖွေသည်။ မတွေ့ . . .။

တစ်နေကုန်ရှာပေမယ့် . . မတွေ့။

ကလေးတွေကတော့ မုန့်ဖိုးလည်းရ မိုးရေလည်းချိုးရ၍ ပျော်နေသည်။

"ဒုက္ခပါပဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက်ကောက်ရပြီး ရှေးဟောင်းပစ္စည်းဆိုင် များ သွားရောင်းလိုက်သလားမသိဘူး. . .။

"ဒါလည်း ဖြစ်နိုင်တာပဲ"

"ဒါဆို နက်ဖြန် မြို့ထဲက ရှေးဟောင်းပစ္စည်းဆိုင်တန်းတွေ ဘက် သွားရှာမယ်ကွာ. . ."

www.burmeseclassic.com

www.burmeseclassic.com



# နောက် တစ်နေ့. . .

မြို့ထဲရောက်ခဲ့ပြန်သည်။ ရှေးဟောင်းပစ္စည်းဆိုင်တွေ တစ်ဆိုင်ဝင်တစ်ဆိုင် ထွက်ရှာသည်။ လင်းနေကိုယ်တိုင် ထွက်ရှာသဖြင့် မိုးတွေကလည်း ရွာသည်။ တချို့ဆိုင်တွေဆို အချိန်ခါမဟုတ် မိုးရွာလို့ အော်ဟစ်ဆဲဆိုပြီး ပိတ်ကုန်ကြသည်။ ထို့ကြောင့် လင်းနေ ကားထဲမှာပဲနေခဲ့ကာ ဆွေဦးတို့ကို အရှာလွှတ်ရသည်။

ငါးရုပ်တစ်ရုပ်တွေ့လျှင် ရှာနေသည့် ငါးရုပ်ဟုတ်မဟုတ် လင်းနေ ကားဆီလာမေးကြသည်။

ခပ်ဆင်ဆင်တူသည့် ငါးရုပ်တွေတော့တွေ့သည်။ ဒါပေမဲ့ ပျောက်ဆုံးသွားသော ငါးရုပ်တော့မဟုတ်။ တဖြည်းဖြည်း မြို့ထဲလမ်းမီးများလင်းလာသည်။ ဆိုင်တွေသိမ်းကုန်ပြီ။ မတွေ့. . .။

"ဒီနေ့မတွေ့တော့လည်း နောက်နေ့တွေ့မှာပေါ့ကွာ"

ခန့်တည်က အားပေးသည်။

www.burmeseclassic.com

www.burmeseclassic.com




"ဘာမှစိတ်မပျက်နဲ့ လင်းနေ ငါးရုပ် မတွေ့လည်း ငါတို့ ဘိုးတော်အဖိုးကြီးကို ရှာကြမယ်၊ အဲလို ပုဂ္ဂိုလ်တွေကတော့ သိပ်ရှာ မခက်ပါဘူး၊ တန်ခိုးကြီးဘုရားတွေမှာ ရှိတတ်ပါတယ်. . ."

စိတ်ဓာတ်ကျနေသည့် လင်းနေကို ဝိုင်းနှစ်သိမ့်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com





# XIII

နောက်တစ်ရက် ရွှေတိဂုံဘုရားပတ်ပတ်လည်ကို ကားမောင်းပြီး အရင်ရှာကြသည်။ ပြီးမှ စောင်းတန်းအတိုင်း ဘုရားပေါ် တက်ကာရှာသည်။ စောင်းတန်းကတက်တော့ အပေါ်မှာ အမိုးရှိသဖြင့် မိုးမရွာ။ ရင်ပြင်တော်ရောက်မှ မိုးကရွာလာလည်း။ လင်းနေအမိုးရှိရာအောက် ပြေးကပ်လိုက်ရ၏။

သူ့ကြောင့် တခြားဘုရားဖူးတွေ စိတ်အနှောက်အယှက် မဖြစ်စေချင်။

တခြား ယောဂီတွေ၊ ဘိုးတော်ယောင်ယောင်၊ ဝိဇ္ဇာယောင်ယောင်တွေကိုတော့ များစွာတွေ့ရသည်။ သူနှင့်ပတ်သက်သော ပြည်တော်ဝင်အဖိုးကြီးကို မတွေ့. . . ။

ရွှေတိဂုံဘုရားကြီးတွင် နေ့တစ်ဝက်ကျိုးသွားသည်။ ရွှေ

www.burmeseclassic.com

www.burmeseclassic.com



ရောင်ဝင်းအိနေသည့် စေတီတော်ကြီးကို အကြိမ်ကြိမ် ကန်တော့ရင်း ဝဋ်ကြွေးတွေ၊ ကျိန်စာတွေမှ လွတ်ပါစေကြောင်း အကြိမ်ကြိမ်ဆုတောင်းမိသည်။

"ရွှေတိဂုံပဲ ရှာလို့မဖြစ်ဘူး၊ တခြားဘုရားတွေလည်း ရှာမှရမယ်. . ."

"မြန်မာတစ်ပြည်လုံးက ဘုရားတွေလား. ."

"လောလောဆယ် ရန်ကုန်က ဘုရားတွေပဲ နှံ့အောင်ရှာပါဦး. . ."

"ဟော့ကောင် လင်းနေ အသံထွက်ပါဦးဟ. ."

သူ ဘာသံမှပင်မထွက်နိုင်တော့။ စိတ်ဓာတ်က တော်တော်ကြီး ကျနေပြီ။ သက်ပြင်းကို ရှိုက်လိုက်သည်။

"ငါ ဆုကို တွေ့ချင်တယ်ကွာ"

"ဘယ်လိုတွေ့မလဲ၊ မင်းရဲ့ မိုးနဲ့ဆုက ထိလို့မှမရတာ"

"သူသင်တန်းဆင်းတာကို အဝေးကကြည့်ရရင်လည်း မဆိုးပါဘူး၊ ငါမတွေ့ရတာ တစ်ပတ်လောက်ရှိနေပြီ"

သူူကောင်တွေလည်း စိတ်မကောင်းကြ။ သော်ကြီးက ကားကို လှည်းတန်းဘက်မောင်းပေ၏။

ဆုတို့ သင်တန်းရှေ့ခတ်ကွယ်ကွယ်မှာ ကားရပ်ပြီးဆင်းအလာကို စောင့်နေလိုက်သည်။ သင်တန်းဆင်းတော့ ဆုကို သူငယ်ချင်းတွေနဲ့အတူ ထွက်လာတာတွေ့ရသည်။

ဆုကိုမြင်တော့ ရင်ထဲမှာဝမ်းနည်းသလို ခံစားရသည်။ ရှင်တွဲကွဲတယ်ဆိုတာ ဒါမျိုးလား။ ဆုမျက်လုံးများ ဟိုရှာဒီရှာဖြစ်နေတာကို လှမ်းမြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုရှာနေတာ ဖြစ်မယ်"

ပိုခံစားရ၏။

"မှဲ့နက်လေးရယ်. . . လွမ်းလိုက်တာ. . . "

သူ့မရှိမှန်းသေချာမှ ဆုက တခြား Taxi တစ်စီးကိုငှားပြီး အိမ်ပြန်သွားသည်။

သူ ခေါင်းကို ခပ်လေးလေးရမ်းပစ်ကာ. . .

"အိမ်ပြန်ရအောင်ကွာ. . ."



www.burmeseclassic.com

www.burmeseclassic.com



ရေ မြောင်းထဲမှာ အရောင်တဖျတ်ဖျတ် ပြောင်းနေသော ငါးလေးတစ်ကောင် ကူးခတ်နေသည်။ တခြားငါးကြီးများက ထို ငါးသေးသေးလေးကို ကြောက်ရွံ့သယောင် ရှောင်ကွင်းသွားကြ သည်။ မြွေဆိုးတစ်ကောင်က ငါးလေးကို ကိုက်မြိုရန်ချောင်းနေ သည်။ သို့သော် ထိုငါးလေးကူးခတ်လာသောအခါ မြွေဆိုးသည်ပင် တစ်စုံတစ်ရာကို ကြောက်လန့်သယောင် ထွက်ပြေးသွားလေတော့ သည်။

ရေဆိုးမြောင်းဖြစ်သော်လည်း ထိုငါးလေး ကူးခတ်သည့် နေရာများတွင် ရေများသည် လိုက်ပါကြည်လင်နေကြသည်။ ငါးလေး သည် ရေမျက်နှာပြင်ပေါ်တက်ကာ အပေါ်မော့ကြည့်လိုက်သည်။ ငါးလေး၏အကြည့်မှာ တိမ်စိုင်များ လူးလိမ့်လှုပ်ရှားသွားကြလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



# XIV

ထိုရုံပေါ်ရှိ အဖွားဓါတ်ပုံကို သူမ စေ့စေ့မကြည့်ရဲပါ။ ထို့ကြောင့် ကျောခိုင်း၍သာ ထိုင်လိုက်သည်။ အဖေက မျက်နှာကို သတင်းစာနှင့်ကွယ်၍ ရှိနေသည် ။ သူမ ထိုင်ပြီးနောက်မှာ အမေက ဖွင့်ထားသော T.V ကို ရီမုဖြင့် လှမ်းပိတ်လိုက်သည်။ ဆုက အဖေနှင့်အမေကို တလှည့်စီကြည့်သည်။ သူမကို ပြောစရာရှိသည်ဆို၍ ဆင်းလာခြင်းပါ။

အမေက သတင်းစာဖတ်နေသောအဖေ့ကို တစ်ချက်လှမ်းကြည့်ရင်း. . .

"ဖေကြီး ရှင်ပြောလိုက်လေ. . ."

"ဟာ. . . ငါမပြောချင်ပါဘူး မင်းပဲပြောလိုက် . "



www.burmeseclassic.com

www.burmeseclassic.com


"ရှင် မပြောချင်လို့ မရဘူးလေ၊ ဒါ ရှင့်သမီးနှောင်ရေး မဟုတ်ဘူးလား. . ."

ထိုစကားကြားတည်းက ဘာကိုဦးတည်တော့မည်မှန်း သူ မရိပ်မိလိုက်သည်။ အဖေက သတင်းစာကွယ်လျှက်မှပင်. . .

"ဒါမျိုးကိစ္စတွေက မင်းပြောတာပဲ ပိုကောင်းပါတယ်ကွာ. . ငါတို့ပြောလို့ အဆင်မပြေပါဘူး. . ."

"ကျွန်မပြောလို့တော့ အဆင်ပြေတယ်ပေါ့. ."

"မင်းတို့က မိန်းမသားချင်းလေ. . ."

တစ်ယောက်နဲ့တစ်ယောက် ဘောလီဘောပုတ်နေတာနဲ့ လိုရင်းမရောက်တော့၊ နောက်ဆုံးသူမကပဲ ဝင်ပြောလိုက်ရတော့သည်။

"ဘာလဲ. . သမီးကို ယောကျ်ားပေးစားတော့မလို့လား. ."

". . . . . . . . . . . . . . . ."

အဖေနှင့်အမေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၏။ ချက်ချင်းတော့ စကားစမလာ၊ နှစ်ယောက်သား သူပြောနိုး ငါပြောနိုး စောင့်နေပုံရသည်။ တအောင့်ကြာတော့မှ မပြောချင်ဘူး ဆိုသော အဖေကပင်. . .

"ဟုတ်တယ် သမီးလေး၊ သမီးကို သမီးအမေက ယောကျ်ား ပေးစားချင်ပြီတဲ့. . ."

"ဘာ. . . သမီးအမေကလဲ. . ရှင်လည်းသဘောတူထား တယ် မဟုတ်ဘူးလား. . ."

"အေး. . သဘောတူပါတယ်၊ ဒါပေမယ့် ငါ့မျက်လုံးထဲမှာ တော့ သမီးလေးက ကလေးလေးပါပဲကွာ၊ အရွယ်ဘယ်လောက်ရရ


www.burmeseclassic.com

www.burmeseclassic.com



လူကြီးလို့ကို မမြင်သေးဘူး. . .”

သူမ ခေါင်းကို အသာငုံ့ထားမိသည်။ အဖေကဆက်ပြောသည်။

“အဝိက,ကတော့ အဖေတို့ရဲ့ အသက်အရွယ်ပဲသမီး. . အဖေတို့အသက်ကြီးပြီ၊ နောက်ပြီး သမီးလေးမှာ တခြားအားကိုးစရာ ညီအစ်ကိုမောင်နှမလည်း ရှိတာမဟုတ်တော့. . . အဖေတို့များ မတော်လို့ တိမ်းပါးသွားခဲ့ရင် တစ်ယောက်တည်းကျန်ခဲ့မယ့်သမီးလေးအတွက် စိတ်ပူတယ်. . .”

“ဟုတ်တယ်သမီး၊ ပြီးတော့သမီးရဲ့ကျန်းမာရေး၊ အမေတို့ရှိနေချိန်မှာ ဂရုစိုက်ပေးနိုင်ပေမဲ့ အမေတို့မရှိတော့တဲ့အချိန်မှာ ကျန်းမာရေးအတွက်ပဲဖြစ်ဖြစ်၊ ဘဝလုံခြုံမှုအတွက်ပဲဖြစ်ဖြစ် သမီးလေး ဘေးနားမှာ အမေတို့စိတ်ချနိုင်လောက်မယ့် လူတစ်ယောက် လိုအပ်တယ်. . .”

ယောကျ်ားယူတယ်ဆိုတာ လုံခြုံရေးရာထူးခန့်တာ မဟုတ်မှန်းတော့ သူမလည်းသိပါသည်။ ဒါပေမဲ့ မိဘနှစ်ပါးရဲ့စကားတွေကလည်း မှန်သင့်သလောက်တော့မှန်သည်။ အဝိကက ကျန်းမာရေးပေါ့. . ၊ နောက်ပြီး အသက်ကြီးမှ အိမ်ထောင်ပြုခဲ့သူတွေမို့ အဖေရော အမေရော အသက်မှာမငယ်တော့. . .။

အဖေက ဆက်ပြီးပြောသည်။

“ဒီခေတ်ဒီအခြေအနေကြီးထဲမှာ မဟုတ်တရုတ်တွေတွေ့သွားမှာလည်းစိုးတယ်၊ အဲဒါကြောင့် သမီးကိုပဲ ပွင့်ပွင့်လင်းလင်းခေါ်မေးရတာ. . . သမီးမှာ ချစ်သူတွေဘာတွေ ရှိနေပြီလား. . .”

မျက်လုံးထဲ အရင်ဆုံးပြေးမြင်မိတာက လင်းနေ၊ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



တော့မဟုတ်၊ ဒါပေမဲ့ နှစ်ဦးလုံးမှာ မမြင်ရသော နှောင်ကြိုးတွေ ရစ်ဖွဲ့ပြီးနေခဲ့တာတော့ သေချာသည်။ ပွင့်ပွင့်လင်းလင်းမေးတော့လည်း ပွင့်ပွင့်လင်းလင်းပင် ဖြေရပါတော့သည်။

"သမီးမှာ ချစ်သူမရှိသေးပါဘူး၊ ဒါပေမယ့် သမီးကို ကြိုက်နေတဲ့လူတစ်ယောက်တော့ ရှိတယ်"

"နည်းလိုက်တာ. . ."

အဖေက အရွှန်းဖောက်သလိုပြောတော့ အမေက မျက်စောင်းထိုးသည်။

"ဘာနည်းလိုက်တာလဲ"

"ငါ့သမီး ဒီလောက်လှတာကို ကြိုက်တဲ့သူတစ်ယောက်တည်း ရှိတယ်ဆိုတော့ နည်းတာပေါ့ကွာ. . ."

ဒီတစ်ခါတော့ တစ်ချိန်လုံးငြိမ်နေသော အမေက သူမကို စေ့စေ့ကြည့်ရင်းမေးလာသည်။

"သူ့ကို သမီးသဘောကျလား. . ."

"အဲဒါတော့ သမီးသေချာမသိသေးဘူး"

"ဒါဆိုရင်တော့ သိအောင်လုပ်ဖို့ လိုလိမ့်မယ်သမီး. . ဘာဖြစ်လို့လဲဆိုတော့ သမီးလေးအတွက် မေမေစဉ်းစားထားတာ ရှိတယ်. . ၊ မေမေ့သူငယ်ချင်း အန်တီခိုင့်ကိုသိတယ်မလား၊ သူက သမီးလေးကို ချွေးမတော်ချင်လို့ မေမေ့ကို အပူကပ်နေတယ်၊ သူ့သားလေးက မဆိုးဘူး မွန်မွန်ရည်ရည်လေး၊ စီးပွားရေးလည်း နားလည်တယ်၊ လူကြီးမိဘကိုလည်း သိတတ်တယ်. . ၊ သမီးလေးကိုလည်း မြင်ဖူးထားတော့ ခိုင်ခိုင့်က မေမေ့ကိုပြောပေးဖို့ တိုက်တွန်းနေတာကြာပြီ. . . ၊



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးဘက်က အခြေနေမှန်ကို မသိရသေးလို့ မေမေ ဘာမှမပြောသေး တာ. . .၊ ဒါပေမဲ့ ဒါက မေမေတို့စိတ်ကူးပါ အဓိကကတော့ သမီးကိုယ်တိုင်က နှစ်သက်တဲ့လူဖြစ်ရင် အကောင်း ဆုံးပေါ့၊ အဲလိုဆို မေမေတို့လည်းစိတ်ချတယ်"

အမေက အဖေကိုတစ်ချက်လှမ်းကြည့်သည်။ ပြီးတော့ မိန်းမသားတို့ရဲ့ ထုံးစံအတိုင်း. . .

"ဒါနဲ့ သမီးပြောတဲ့သူငယ်က ဘာလုပ်လဲသမီး"

"တက္ကစီ မောင်းတယ်"

"ဟော. . ."

အမေမျက်လုံးပြူးသွားသည်။ ချက်ချင်းပဲ အဖေ့ကို အမြန် ပြန်ပြင်လိုက်ရ၏။

ကိုယ်ပိုင်တက္ကစီ မောင်းတာပါ၊ ပြီးတော့ ဘွဲ့ရပညာတတ်ပါ လောဘနည်းလို့ တခြားအလုပ်မလုပ်ဘဲ ကားမောင်းနေတာပါ. . . အဖေက ခေါင်းတဆတ်ဆတ်ညိတ်ရင်း. . .

"ပိုက်ဆံရှိတာမရှိတာက အဓိကမဟုတ်ပါဘူးသမီး၊ သမီး ကိုချစ်ဖို့နဲ့ အရည်အချင်းရှိဖို့သာ အဓိကပါ၊ အရည်အချင်းရှိရင် ကျန်တာအကုန်လုပ်ယူလို့ရတယ်၊ နောက်ပြီး သမီးကိုလည်း ယုံပါ တယ်၊ သမီးတတ်ထားတဲ့ပညာတွေ၊ သမီးရဲ့စဉ်းစားဆင်ချင်နိုင်စွမ်းနဲ့ ပေါ့ပေါ့နေ ပေါ့ပေါ့စားမျိုးကိုတော့ ရွေးချယ်မှာမဟုတ်ပါဘူး. . ."

"ဘယ်ကောင်လေးလဲ သမီးကိုသင်တန်းအပြန် လိုက်လိုက် ပို့နေတဲ့ကောင်လေးလား. ."

အလုပ်အကိုင်ကို သိပြီးနောက်မှာအမေ့ လေသံက အနည်း ငယ်ပြောင်းသွားသည်။ အဖေကတော့ ထိုကိစ္စနဲ့ပတ်သက်ပြီး ဘာမှ



www.burmeseclassic.com

www.burmeseclassic.com


စိတ်ထဲရှိပုံမရ။ သူမ ခေါင်းညိတ်ပြတော့. . .

"သမီးနဲ့ အသက်ကွာပုံရတယ်နော်. . ."

"လေး. . ငါးနှစ်ပါ၊ အဲလောက်ကြီးလည်း မကွာပါဘူး"

"သမီးရယ်. . သူ့ပုံစံကြည့်ရတာ၊ သမီးတစ်ဘဝလုံးစာကို စိတ်ချလက်ချ ယုံကြည်ပြီးအားကိုးထိုက်တဲ့ လူဖြစ်ပါ့မလား. . ."

အဖေက စိတ်မရှည်သလို ဝင်ပြောသည်။

"ကဲပါကွာ. . မင်းကလည်း၊ ငါပြောပြီးပါပြီကော. . ဒါ သမီးလေးသဘောပါ။ ငါ့သမီးကို ငါယုံပါတယ်. . ."

အဖေဝင်ဟန့်မှ အမေအနည်းငယ်ငြိမ်သွားသည်။

"ဟုတ်ပါတယ်. . ကျွန်မကလဲ တားနေတာမဟုတ်ပါဘူး၊ စဉ်းစားလို့ရအောင် ပြောပြတာပါ"

သူမ ငြိမ်၍သာနေမိတော့သည်။ အမှန်က အိမ်ထောင်ရေး ဆိုသောအရာသည် စိတ်ကူးဖြင့်ပင် သူမတစ်ခါမှ မစဉ်းစားခဲ့ဘူး သော အရာပါ။ ယခု အမှတ်မထင် မိဘနှစ်ပါးက ပြောလာခဲ့ပြီ။

"ကဲပါ. . သမီးစိတ်ထဲမှာရှိနေတဲ့ ဟိုသူငယ်လေးအပေါ် သဘောထားကို သေချာအောင် အရင်စဉ်းစားလိုက်ပါဦး၊ သမီး ဘက်က မိတ်ဆွေသူငယ်ချင်းထက် မပိုသေးဘူးဆိုရင်တော့ မေမေ ပြောတာကို ဦးစားပေးစဉ်းစားပေးပါ"

သူမ ဘာပြောရမည်နည်း၊ ခေါင်းညိတ်၍သာ အိပ်ခန်းထဲ ပြန်ဝင်ခဲ့လိုက်တော့သည်။ အမေ့အကြောင်းကို သူမသိသည်။ မဖြစ် တော့. . . လင်းနေနှင့်ပတ်သက်၍ ကိုယ့်ရင်ဘတ်ကိုကိုယ် သေချာ သိအောင် လုပ်မှဖြစ်တော့မည်။

ထိုညက ဘာရယ်မဟုတ် လွင်ဇာနွယ်ဆီ ဖုန်းဆက်ပြီး



www.burmeseclassic.com

www.burmeseclassic.com




ထိုအကြောင်းကို ပြောဖြစ်လိုက်သည်။ လွင်ဇာက အားတက်ဖွယ် အကြံကို ပေးသည်။

ကိုယ့်ဘာသာ စဉ်းစားတဲ့. . .။

www.burmeseclassic.com

www.burmeseclassic.com





# XV

သူ ဘာလုပ်ရမလဲ။

ဒီရက်ပိုင်း ဆာဒူးကြီးကိုရှာသည်။ ငါးရုပ်ကိုရှာသည်။ တခြား ဗေဒင်ဆရာ၊ ဂန္ဓာရီဆရာတွေနဲ့ တိုင်ပင်ဖို့လည်း စိတ်ကူးနေမိသည်။ အများစုက အလိမ်အညာတွေချည်း ဖြစ်နေသည်။

သူငယ်ချင်းတွေကလည်း တတ်အားသ၍ အကူညီပေးကြပါသည်။ သူ့ကြောင့်ပဲ သူငယ်ချင်းတွေမှာ အလုပ်များနေရ၏။ အပြင်ထွက်တိုင်း မိုးကာအကျႌ၊ ထီး၊ လည်ရှည်ဖိနပ် စသဖြင့် မိုးဒဏ်ကို အပြည့်အဝကာကွယ်ထားသည့် သူ့ကို ဘေးအိမ်မှ ဒေါ်ကြာ မယုံသင်္ကာဖြင့် လှမ်းလှမ်းအကဲခတ်နေသည်ကို တွေ့ရသည်။

ဘာမှဖြေရှင်းမနေတော့. .။ ဦးလေးကို သူ့တွမတိုင်ဖို့သာ



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးသည်။

သူ ဘိုးတော်အဖိုးကြီးကို လိုက်ရှာသည်။ ရွှေတိဂုံ၊ ဆူးလေ ကမ္ဘာအေး၊ မယ်လမု၊ ဗိုလ်တထောင်မှစလို့ ရန်ကုန်မြို့ရှိ တန်ခိုးကြီး ဘုရားမှန်သမျှ အကုန်ပါပင်၊ ဒါပေမဲ့. . မတွေ့ပါ။ ဒီနေ့လည်း သူငယ်ချင်းများက ရှေးဟောင်းငါးရုပ်တစ်ရုပ် တွေ့ထားသည်ဆို၍ ထွက်လာခဲ့ခြင်းဖြစ်သည်။

ချိန်းထားသည့်ဆိုင်ကိုရောက်တော့. . .

"ဘယ်မှာလဲငါးရုပ်"

"ဒီမှာ. . ."

ခန့်တည်က အိတ်ထဲမှ အရုပ်တစ်ရုပ် ထုတ်ပေးသည်။ လက်ထဲရောက်လာသော အရုပ်ကိုကြည့်ကာ လင်းနေ စိတ်အပျက် ကြီးပျက်သွားရတော့၏။ ငါးတော့ငါးပဲဖြစ်၏။ ဒါပေမဲ့ ထိုငါး လက်တစ်ဝါးလောက်ကြီးကာ သစ်သားငါးကြီးဖြစ်နေသည်။

"မင်းဂိုးတော်ကြီးထဲမှပဲကွာ၊ ဒါကြီးက. . ."

"ဘာဖြစ်လို့လဲ. . ."

"ဒီလောက်အကြီးကြီးကွာ. . . ပြီးတော့ သစ်သားကြီး"

"ဟ. . . ဒါ အလကားငါးမဟုတ်ဘူးကွ၊ ဆိုင်ရှင်ကပြော လိုက်တယ်၊ ဂန္ဓာရီငါး. . သူ့ဆီတောင် ဂန္ဓာရီလှည့်ရင်း ရောက်လာ တာတဲ့. . ."

ပြောမှပဲ ပိုစိတ်ပျက်သွားရပါသည်။ ဂန္ဓာရီလှည့်သည့် ငါး မျိုး ဒီတစ်ခါသာ မြင်ဘူးတော့၏။

"မင်းတို့ကောင်တွေကလည်း ပြောတိုင်းယုံရလားကွ. . ဒီသစ်သားငါးရုပ်ကြီးက ဘယ်ကခြေထောက်ပေါက်ပြီး ဂန္ဓာရီလှည့်

www.burmeseclassic.com

www.burmeseclassic.com



မှာလဲ. . ငါ့ငါးက အစိမ်းရောင်၊ နှစ်လက်မလောက်ပဲ ရှိပါတယ် ဆိုမှ. . .”

“ဟာ. . ပြောမရဘူးလေကွာ၊ မင်းမြောင်းထဲလွှင့်ပစ်လိုက်လို့ ရေနဲ့ထိပြီးကြီးရင် ကြီးသွားမှာပေါ့ကွ၊ ဂန္ဓာရီငါးပါဆိုနေမှ အရောင်လည်း ပြောင်းချင်ပြောင်းမှာပေ့ါ. . .”

“ပြောင်း. . . ပြောင်းစမ်းပါဦး၊ လက်တစ်ဝါးလောက် ဒီငါးကြီးက. . .”

“သေချာကြည့်ပါဦးဟ ဟုတ်ရင်လည်း ဟုတ်နေဦးမယ်”

“ကျွတ်. . မဟုတ်ပါဘူးကွာ၊ ဒီငါးတော့ သေချာပေါက် မဟုတ်ဘူး. . .”

“မဟုတ်လည်းပြီးရော. . သွားပြန်ပေးလိုက်မယ်၊ ငါတို့က တော့ လွှင့်မပစ်ရဘူး. . .”

လင်းနေ သက်ပြင်းသာချမိလိုက်တော့၏။ ဘာဆက်လုပ်ရမှန်းလည်းမသိတော့. .၊ သူငယ်ချင်းတွေကိုလည်း အပြစ်မပြောသာ၊ ဒီလောက်ဝိုင်းလုပ်ပေးကြတာပင် ကျေးဇူးကြီးလွန်းနေပါပြီ။ ထိုစဉ်မှာပဲ လင်းနေဖုန်းမှာ အသံမြည်လာသည်၊ ကြည့်လိုက်တော့ ဆု၊ မျက်ခုံးပင့်မိသွားသလို ရင်လည်းခုန်သွားသည်။

အကြောင်းမရှိဘဲ သူ့ဆီဆုဖုန်းမဆက်တတ်၊ ဆုနှင်းသဘင် ဖုန်းမှန်းသိတော့ သူငယ်ချင်းတွေပါ အသံတိတ်သွားသည်။

“ဟယ်လို ဆု”

“ကိုလင်းနေ မနက်ဖြန်အားလား. . .”

“ဟင်. . အားပါတယ်. . .”

ထွေထွေထူးထူး စဉ်းစားနေရန်မလို။ ဆုအတွက်ဆို မအား



www.burmeseclassic.com

www.burmeseclassic.com



လည်း အားရမည်မှာ သူ့တာဝန်။ ဒါပေမဲ့ ထိုတာဝန်ကို သူမထမ်းဆောင်ဖြစ်ခဲ့တာ ကြာလှပါပြီလေ။

“အားရင်. . ကျွန်မတို့သင်တန်းနားက ကော်ဖီဆိုင်ကို မနက်ဖြန်ညနေ လေးနာရီလောက်လာခဲ့ဖို့ အဆင်ပြေမလား. . .”

“ပြေပါတယ်. . .”

“ကျွန်မ အရေးကြီးပြောစရာတစ်ခု ရှိလို့ပါ”

“ဟုတ်. . . ကျွန်တော် ဆက်ဆက်လာခဲ့ပါမယ်. . .”

“ကျေးဇူး. . .”

ဖုန်းချသွားသည်။ လင်းနေ ဆုနဲ့အမှတ်မထင် စကားပြောလိုက်ရလို့ ဝမ်းသာရမည်ထက် စိုးရိမ်သွားမိသည်။ အရေးကြီး ပြောစရာက ဘာများလဲ။ ဒါမျိုးတစ်ခါမှ ဆုမပြောဖူးတာတော့ သေချာသည်။

“ဆုက ချိန်းတာလား”

“အေး. .”

“ဘာကိစ္စတဲ့လဲ”

“မသိဘူး. . . အရေးကြီးပြောစရာရှိလို့တဲ့”

အားလုံး ငြိမ်သွားကြသည်။

“အဲဒါမှ ပြသနာပဲ. . .”

“ဘာဖြစ်လို့လဲ. . .”

“ငါ မနက်ဖြန် ဆုကို ဘယ်လိုသွားတွေ့ရမလဲ”

အားလုံးထပ်စဉ်းစားသွားသည်။ ဆွေဦးက. . .

“ဒီလိုလုပ်ကွာ. . . ချိန်းထားတာထက်စောပြီး တစ်နာရီလောက် ကြိုသွားလိုက်၊ ပြီးရင် မင်းဝတ်သွားမယ့် မိုးကာတွေ၊ ထီး

www.burmeseclassic.com

www.burmeseclassic.com



တွေကို ဆုမမြင်နိုင်မယ့်နေရာမှာဖွက်၊ ဆုဆိုင်ထဲရောက်ပြီဆိုတာနဲ့ မင်းဘယ်မှမသွားနဲ့တော့. . စကားပြောဆိုပြီးရင်လည်း ဆုတို အရင်ပြန်ခိုင်း၊ သူပြန်ပြီးတော်တော်ကြာမှ မင်းပြန်. . ဒါပဲလုပ်စရာရှိတယ်. . .”


ဒါကပဲ အသင့်တော်ဆုံးဖြစ်ပါတော့မည်၊ သူဘာများ ထပ်လုပ်နိုင်ဦးမှာလဲ၊ ကံကြမ္မာစေစားရာအတိုင်းပဲပေါ့. . .။



www.burmeseclassic.com

www.burmeseclassic.com





# XVI

ခေ့ဒွ ဦးပြောသည့်အတိုင်း ချိန်းထားသောနေရာသို့
တစ်နာရီကြိုရောက်အောင် သွားလိုက်သည်။ ဆုတ်ဖွဲ့သင်တန်း မဆင်း
သေး၊ မိုးရေတရွှဲရွှဲဖြင့် ဝင်လာသောသူ့ကို ဆိုင်ထဲမှလူများ
အထူးဆန်းသဖွယ် ကြည့်နေသည်။ ဆိုင်လေးက ခြံကျယ်ကြီးထဲတွင်
ထီးမိုးလေးများဖြင့် ဖွင့်ထားရာ အစွန်ဆုံးထီးမိုးလေးအောက်တွင်
နေရာယူလိုက်သည်။ ပြီးတော့ ကောင်တာကိုသွားပြီး မိုးကာနှင့်
ကို ခဏသိမ်းပေးဖို့ပြောတော့ မန်နေဂျာက အူကြောင်ကြောင်
ဖြင့် ယူထားပေးသည်။ သူ့ကိုလည်း သဘာဝမဆန်သော
တစ်ခုဖြင့်ကြည့်သည်။

အခြေနေမဟန်ပါက ဆိုင်ပြင်သို့ အချိန်မရွေးဆွဲထုတ်

www.burmeseclassic.com



အနေထားမျိုး။ ဘာမှခံစားမနေတော့၊ ဒါမျိုးတွေက သူ့အတွက် ရိုးနေခဲ့ပြီ။ ဆု သူ့ကိုဘာပြောမလို့လဲသာ အရေးကြီးနေသည်လေ။

မှာထားသောကော်ဖီ မအေးခင်မှာပဲ ဆိုင်ရှေ့ကို တစ်လှမ်းချင်း လျှောက်လာသည့်ဆုကို တွေ့လိုက်ရသည်။ မိုးပြာရောင် ဝမ်းဆက်လေးနှင့် အသေလှနေသော ဆု၊ ဘယ်ကမ္ဘာရောက်ရောက် ရိုးသွားမှာ မဟုတ်သည့်ခံစားမှုတစ်ခုက ရင်တွင်းကို တလိပ်လိပ် တက်လာသည်။ ချစ်လိုက်တာလေ. . .

ဆိုင်တွင်းရောက်တော့ သူမက အရင်လှမ်းပြုံးပြသည်။ ချက်ချင်းပဲ သိလိုက်သည်။ ထိုအပြုံးသည် မပီပြင်ပါ. .၊ ခုံမှာ ဝင်ထိုင်ပြီးပြီးချင်း ပြောသည့်စကားက. . .

"ကိုလင်းနေ ပိန်သွားတယ်နော်. . ."

"ဟုတ်လား. . ."

"အင်း. . . မျက်နှာတော်တော်ချောင်ကျသွားတယ်. ."

"နေမကောင်းတာ ရက်ဆက်သွားလို့ထင်ပါတယ်"

ဘာပဲဖြစ်ဖြစ် ကြည်နူးရပါသည်။ ကိုယ်ချစ်တဲ့သူက ကိုယ့်မျက်နှာကို စေ့စေ့ကြည့်ပြီး ချောင်ကျသွားတယ်ပြောတော့. . .

"ခုရော. . . ကောင်းသွားပြီလား"

"ကောင်းသွားပါပြီ. . ."

ဆုက ခေါင်းလေးကို မသိမသာညိတ်၏။ နေကောင်းပြီးတာတောင် သူမကိုတစ်ခေါက်မှ လာမကြိုဖြစ်သော ကိုယ့်အပြစ် ကိုယ်သိကာ သူဘာမှဆက်မပြောရဲ. . .။

"ဆုကော်ဖီပဲ သောက်မှာမလား"

"အင်း. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဆုသောက်နေကျ cappuccino တစ်ခွက်ကို သူမှာပေးလိုက်သည်။ ဆုက တိတ်ဆိတ်လျှက်ရှိနေသည်။ လင်းနေ ပိုရင်ခုန်ရပြီ၊ မည်မျှအရေးကြီးသည့် အကြောင်းအရာမလို့ ဆု ဤမျှထိ တိတ်ဆိတ်တည်ငြိမ်နေရတာလဲ။

ကော်ဖီရောက်လာတော့လည်း သူမတိတ်ဆိတ်စွာပင် တစ်ငုံချင်းငုံကာ သောက်သည်။ တိတ်ဆိတ်မှုကို သူ မနှစ်မြို့၊ အထူးသဖြင့် ဆုဘက်က ဤမျှလောက်တိတ်ဆိတ်နေချင်းကို ပိုလို့မနှစ်မြို့။

မွှဲလေးရယ်. . . ရင်ခုန်လိုက်တာကွာ။

"ကိုလင်းနေကို အရေးကြီးတဲ့စကားတစ်ခု ကျွန်မပြောစရာရှိတယ်. . ."

"ဟုတ်ကဲ့. . ပြောပါ"

သူစိတ်လှုပ်ရှားစွာ စောင့်စားနေလိုက်သည်။ ဆုက လေးပင် ငြင်သာသော သက်ပြင်းတစ်ခုနဲ့အတူ. . .

"ကျွန်မကို အိမ်က အိမ်ထောင်ပြုဖို့ ပြောနေပြီ. . ."

"ဟာ. . .

လင်းနေ ဝုန်းခနဲ မတ်တပ်ထရပ်လိုက်သည်။ သူမ စကားကြောင့် လင်းနေ ထိတ်လန့်ပေါက်ကွဲသွားသည်ဟု ထင်စရာရှိသည်။ ဒါပေမဲ့. . မဟုတ်. . ။

လင်းနေ မျက်လုံးတွေက ဆုနှင်းသဘင်ထံမှာမရှိ၊ ရှိနေတာက ဆိုင်ပြင်ပလက်ဖောင်းပေါ်၊ လမ်း၏ဟိုဘက် ပလက်ဖောင်းပေါ်မှာ လွယ်အိတ်စုတ်ကြီးကိုလွယ်၊ တောင်းဝှေးကြီးကို ကိုင်ထားသော ဘိုးတော်အဖိုးကြီး။ ရှင်းရှင်းပြောရပါက သူ့ကို ဒုက္ခတွေ ဟိသိကြီး ပေးခဲ့သော ပြည်တော်ဝင် ဂေါက်သီးကြီး. . . ။



www.burmeseclassic.com

www.burmeseclassic.com



"ဆု. . ခဏ. . ခဏလေးနော်. ."

ဆိုင်ပြင်သို့ တဟုန်ထိုးပြေးထွက်ခဲ့ပါတော့၏။

သူဆိုင်ပြင်ရောက်သည်နှင့် မိုးတွေက တဖျောဖျောရွာလာတော့သည်။ ဟိုဘက် ပလက်ဖောင်းပေါ်မှ အဖိုးကြီးက တရွေ့ရွေ့ဖြင့် လမ်းချိုးတစ်ခုတည်းချိုးဝင်သွားသည်ကို မြင်လိုက်ရသည်။ လမ်းဖြတ်ကူးဖို့ပြင်တော့ မီးပွိုင့်မှလွှတ်လိုက်သော ကားတစ်တန်းကြီးနှင့် ဆုံသည်။

"ကျွတ်. . ."

အဖိုးကြီးက မြင်ကွင်းမှပျောက်သွားပြီ၊ ကားတန်းကိုလှမ်းကြည့်တော့ နောက်မှာအရှည်ကြီး ကျန်နေသေးသည်။ မတတ်နိုင်တော့ လက်ကိုမိုးပေါ်ထောင်ထားရင်း ကားနှစ်စီးအဟကို ဖြတ်ပြေးလိုက်သည်။ ဟွန်းသံ၊ ဘရိတ်ဖမ်းသံ၊ ဆဲသံတွေ ဆူညံသွားသည်။ သူဘာမှမသိတော့. . အာရုံမှာရှိနေသည်က ဘိုးတော်အဖိုးကြီး။

လမ်းတစ်ဖက်ကိုရောက်တော့ တော်တော်ဝေးဝေးမှာ တောင်ဝှေးကို သေနတ်လိုကိုင်ရင်း စစ်ထွက်နေသလိုပုံစံဖြင့် ကုတ်ချောင်းချောင်းသွားနေသည့်အဖိုးကြီးကို မြင်လိုက်ရ၏။

"ဟေ့လူကြီး. . ."

သူ လှမ်းအော်လိုက်သည်။ အော်သံကျယ်ကြီးကြောင့် အဖိုးကြီးက သူ့ကိုလှည့်ကြည့်သည်။ ပြီးတော့ ပြေးလာသော သူ့အားစက္ကန့်ပိုင်းလောက် ငြိမ်ကာကြည့်နေ၏။ ထို့နောက်မှာတော့ ဆတ်ခနဲလှည့်ကာ ပြေးပါလေတော့သည်။

"ဟာ. . ."

"ဟေ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"မပြေးနဲ့. . ."

မပြေးနဲ့ဆိုမှ လှစ်လှစ်နေအောင်ကို ပြေးတော့သည်။ တအားမြန်သည်၊ လုံးဝထင်မထား၊ မျက်စိရှေ့မှာတင် ပေါင်နေသော ခွေးတစ်ကောင်ကိုခုန်ကျော်ကာ လမ်းချိုးတစ်ခုထဲ ပြေးဝင်သွားသည်။ သူ့အလှည့်မှာတော့ ခုန်မကျော်နိုင်တော့ပါ။ ရှောင်မရသည့်အဆုံး အတင်းဝင်တိုးလာလိုက်သည်။ သူက အဖိုးကြီးကို လိုက်သည်။ သူ့ကို ခွေးကလိုက်သည်။

လမ်းကြားလေးက တဝုန်းဝုန်းရှာနေသော မိုးရေအောက်မှာ ခွေးသံလူသံတွေနဲ့ ဆူညံပွက်လောရိုက်သွား၏။ ဒါပေမဲ့. . .

လမ်းကြားအဆုံးမှာ အဖိုးကြီးကိုမတွေ့ရတော့. . .

ပျောက်ချင်းမလှ ပျောက်သွားခဲ့ပြီ။

"တောက်. ."

ပတ်ဝန်းကျင်ကို သည်းကြီးမည်းကြီး လိုက်ရှာကြည့်သော်လည်း မတွေ့တော့ပါ။

ဒါပေမဲ့ သူမသိသောကိစ္စတစ်ခု ကော်ဖီဆိုင်မှာ ဖြစ်ကျန်ခဲ့တယ်ဆိုတာကိုတော့. . .



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်တွေကျလာတည်းက သူမစိတ်မှာ ကမ္ဘာပျက်သွားခဲ့တာပါ။ မိုးစက်တွေ၊ ကြောက်မက်ဖွယ်မိုးစက်တွေက ထီးအမိုးပေါ်ကို သည်းသည်းထန်ထန် ရွာချနေသည်။ ရေမှုန်ရေမွှားတွေက ထီးမှတဆင့် သူမခန္ဓာကိုယ်ပေါ်ကို. . .

"ကြောက်လိုက်တာ. . ဘာလုပ်ရမလဲ. ."

ထွက်ပြေးရမည်လား၊ ဆိုင်ထဲကလူတွေကို အော်ဟစ်အကူညီတောင်းရမည်လား၊ ဆိုင်တွင်းနဲ့ သူမရှိနေရာ ထီးအမိုးကအတန်ငယ်လှမ်းသည်မို့ အော်လည်းကြားရမည်မဟုတ်၊ ထွက်ပြေးပါက ခန္ဓာကိုယ်တစ်ခုလုံး အဖုအပိန့်တွေ ထွက်လာတော့မည်။

"ရက်စက်လိုက်တာ လင်းနေရယ်၊ ရှင်ဘယ်ကိုသွားတာလဲ၊ မိုးရွာတာကို ကြောက်မှန်းလည်းသိရဲ့သားနဲ့၊ ရေမှုန်ရေမွှားတွေကအမိုးမှတဆင့် သူမကိုလာစင်သည်၊ ထိတ်လန့်တကြား နောက်ကိုဆုတ်လိုက်သည်။ အရှေ့မှလွတ်သွားသော်လည်း အနောက်မှ



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်တွေက လေအဝှေ့မှာ သူမရှိရာကို ရောက်လာ၏။

"အား. . ."

နားထဲမှာ အဖွားရဲ့ရယ်သံကြီးကိုတောင် ကြားလာရသလို။

"လုပ်ပါဦး. . အဖေရေ သမီးကိုကယ်ပါဦး. . "

သူမ အော်နေမိ၏။ ဒါပေမဲ့ သူမအော်သံကို မည်သူမျှ မကြား. . .

နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်ကာ လက်ဖဝါးတွေ အေးခဲလာမိသည်။ ရင်တွင်းမှာ မွန်းကြပ်လာ၏။ ငယ်ငယ်ကလို အားကိုးရမဲ့သော ဘဝက ခဏချင်းပဲ သူမစိတ်ဝိဉာဉ်ကို စိုးမိုးလိုက်တော့၏။ ထိုခဏမှာပဲ ရွာနေသောမိုးက အနည်းငယ်စဲလာသည်။

ပြီးတော့. . .

ပြီးတော့. . .

ရွာချနေသောမိုးစက်တွေ ကမ္ဘာမြေပေါ် ကျရောက်ဖို့ စက္ကန့်ပိုင်းလောက် တုန့်ဆိုင်းသွားစဉ်မှာပဲ. . .

အရူးတစ်ယောက်လို သူမဆိုင်တွင်းမှ ပြေးထွက်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လင်းနေ နှီးစပ်ရာရေသန့်ဘူးခွံတစ်ခုကို ပိတ်ကန်ဆိုက်သည်။

"တောက်. . ."

ဟိုအဖိုးကြီးကို လုံးဝရှာမရတော့၊ နှီးစပ်ရာများကိုလည်း သမ်းကြိုလမ်းကြားမကျန် ရှာပြီးခဲ့ပြီ၊ ရင်ထဲမှာ လုံးဝမကျေနပ်၊ ခံပြင်းတယ်ဆိုလျှင် ပိုမှန်ပါလိမ့်မည်။ ကိုယ့်ကိုကိုယ်လည်း ဒေါသထွက်သည်။ ဒီသေခါနီးအဖိုးကြီးလောက်ကိုပင် မိအောင်မဖမ်းနိုင်. .၊ နောက်တစ်ခါ တွေ့ရင်တော့လား. . .

စိတ်တိုတိုဖြင့် ကျိန်ဆဲရင်းကော်ဖီဆိုင်ဘက် ပြန်လျှောက်သွားခဲ့တော့. . .

"ဟင်. . ."

ဆိုင်တွင်းမှာ သူ၏ချစ်လှစွာသောမိန်းကလေး ရှိမနေ



www.burmeseclassic.com

တော့ပါ။

ဒီတော့မှ သတိရသည်. . ဆု သူ့ကိုဘာပြောလိုက်တာပါ
လိမ့်. . . ။



www.burmeseclassic.com

www.burmeseclassic.com



ညရောက်တော့. .

ညနေကကိစ္စကို ပြန်တွေးပြီး တောက်တခတ်ခတ်၊ အံတကြိတ်ကြိတ် ရှိနေစဉ်မှာပဲ ထူးထူးခြားခြား လွင်ဇာနွယ်ဆီက ဖုန်းဝင်လာသည်။

“လင်နေ. . လား”

“အေး. . ဟုတ်တယ်၊ ပြော. . လွင်ဇာနွယ်. . ”

“နင်နဲ့ဆု. . ညနေက ဘာဖြစ်ကြတာလဲ”

အပြစ်တွေ တသီတတန်းနှင့်မို့ သူ့မှာ ဖြေစရာစကားမရှိ၊ အချိန်အတော်ကြာအောင် ဆွံ့အသွားသည်။

“နင်တို့ ရန်ဖြစ်ကြတာလား”

သူ့မှာအဖြေမရှိ။

“နင်တို့နှစ်ယောက်နဲ့တော့ စိတ်ညစ်ပါတယ်ဟယ်၊ ခု. . ဆု ဘာလုပ်လိုက်ပြီထင်လဲ. . ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဆု. . ဆုဘာလုပ်လိုက်လို့လဲ"

သူ ပျာယာခတ်သွားသည်။ ဒါပေမဲ့ လွင်ဇာနွယ်ပြန်ဖြေလိုက်သော စကားတစ်ခွန်းသည်က. . .

"ဆု. . သူ့အမေသဘောတူတဲ့လူနဲ့ စေ့စပ်ဖို့ လက်ခံလိုက်ပြီ. . ."



www.burmeseclassic.com

www.burmeseclassic.com



အခ ချိန်တန်လည်း သေမှာပါမိုးရယ်. . .
သေမယ့်အတူတူ လူကို အရင်မသတ်ဘဲ
ဘာလို့ နှလုံးသားကို သတ်ပစ်လိုက်ရတာလဲ။






www.burmeseclassic.com

www.burmeseclassic.com





# XVII

နှင်း ဆီပွင့်ဖတ်လေးတွေကို ခြွေချနေမိသည်။

"သွားမယ်. . မသွားဘူး. . "

ပွင့်ဖတ်တစ်ခုက မသွားဘူး၊ ပွင့်ဖတ်တစ်ခုက သွားမယ် အဲ့ဒီလို သဘောထားပြီး ပွင့်ဖတ်လေးများ ကို ခြွေချနေခြင်းဖြစ် ဆွေဦးက အသက်မဲ့သလိုဖြစ်နေသည့် သူ့ပုံကိုကြည့်ပြီး စိတ်ည နေသည်။

"သွားမယ်၊ မသွားဘူး၊ သွားမယ်၊ မသွားဘူး၊ သွား မသွားဘူး၊ သွားမယ်၊ မသွားဘူး၊ သွားမယ်၊ မသွားဘူး၊ သွားမ မသွားဘူး၊ သွားမယ်၊ မသွားဘူး. . . "

ပွင့်ဖတ်ကုန်တော့ မသွားဘူးနှင့် ဆုံးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုရဲ့စေ့စပ်ပွဲကိုသွားရန် သင့်မသင့် ကံတရားကို သူ အကူညီတောင်းနေတာပါ။

ပွင့်ဖတ်ကုန်သွားသည့် နှင်းဆီကို သူလွှင့်ပစ်လိုက်သည်။ ကံဇာတ်ဆရာက မသွားရန် သတ်မှတ်ပေးသည့်တိုင်. . .

"ငါ သွားမယ်ကွာ"

"ဟင်. . ."

"ဆုစေ့စပ်ပွဲကို သွားမယ်"

"အဲ့ဒါများ နှင်းဆီပန်းကို ခြွေနေသေးတယ်. . ."

"ငါ နောက်ဆုံးအကြိမ်အဖြစ်တော့ ဆုကို တွေ့ချင်သေးတယ်"

"ငါတို့နားလည်ပါတယ်၊ တွေ့ချင်သေးတယ်ဆိုလည်း သွားတွေ့တာပေါ့ကွာ၊ ဒါပေမဲ့ ပွဲမှာတော့ ရှုပ်မပျက်စေနဲ့၊ တစ်ခုခုဆို ဆုအတွက်လည်း မကောင်းဘူး၊ ဟိုတစ်ယောက်အတွက်လည်း မကောင်းဘူး. . ."


"အေးပါ. . ငါဆုကို တွေ့ချင်ယုံသက်သက်ပါ"



www.burmeseclassic.com

www.burmeseclassic.com





# XVIII

ဟိုတယ်တစ်ခုရဲ့ရှေ့ကို ကားလေးတစ်စီး ထိုးဆိုက်လာသည်။ ဟိုတယ်မြက်ခင်းပြင်မှာ စေ့စပ်ပွဲလေးတစ်ခု အသက်ဝင်ကျင်းပလျှက်ရှိနေပါသည်။ ကားရပ်ပြီးနောက်မှာ သူငယ်ချင်းများဆင်းကြ၏။ သူကတော့ ကားမောင်းသူနေရာမှမဆင်း. .၊ သူဆင်းလို့လည်း မဖြစ်ဘူးလေ။

"ဟော့ကောင်. . နေခဲ့လို့ ဖြစ်တယ်နော်"

"ဖြစ်ပါတယ်ကွာ. . မင်းတို့ပဲသွားကြပါ၊ နှယ်ဇာလွင်တို့မေးရင် ငါမပါဘူးလို့သာပြောလိုက်၊ ငါ ဒီကနေပဲ ဆုကိုကြည့်နေလိုက်တော့မယ်"

"ဟူး"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုကြည့်ပြီး စိတ်မသက်သာသလို သူငယ်ချင်းများ သတ်ပြင်းချကြသည်။ သွားရမှာစိတ်မချသလို ဖြစ်နေသည်မို့ အတင်းကို သွားခိုင်းလိုက်ရပါသည်။

ပွဲကစနေပြီလေ၊ သူငယ်ချင်းတွေထွက်သွားပြီးတော့ မြတ်ခင်းပြင်ရဲ့ . . ဟိုး . . အရှေ့မှာ အဖြူရောင်ဂါဝန်လေးဖြင့် လှနေသောဆုကို သူကြေကွဲစွာ ငေးနေမိတော့သည်။

ဘယ်လိုဘဝမျိုးများလဲကွယ်၊ အတော်လှမ်းသည်မို့ ဂါဝန်ဖြူဖြူလေးကလွဲပြီး ဆုကိုသေချာမမြင်ရ၊ ပုံစံကြည့်ရတာပျော်နေပုံတော့ရသည်။ နံဘေးမှ သတို့သားဖြစ်ဟန်တူသူကလည်း ဆုလက်လေးကိုဆွဲပြီး လူကြီးမိဘတို့ရဲ့ရှေ့မှာ ဂုဏ်ယူဝံ့ကြွားနေသည်။

သူ့မှာတော့ ကားတွင်းမှာထိုင်ရင်း ခေါင်းငိုက်စိုက်ကျနေမိတော့၏။ တကယ်တော့လည်း ဆုနဲ့သူက သမီးရည်းစားတွေမှ မဟုတ်ခဲ့တာလေ၊ ဆုမှာလည်း နှစ်သက်ရာလူကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် အပြည့်အဝရှိနေတာပဲ၊ ဒါပေမဲ့ ကိုယ်ကိုယ်တိုင်က နက်ရှိုင်းစွာချစ်မိနေတော့ . . .

သူ့ဆုကို တရားဝင်စွန့်လွှတ်ခဲ့ရပါပြီ၊ ဒီပွဲလေးပြီးသွားလျှင် သူမဟုတ်သော အခြားတစ်ယောက်က လူကြီးမိဘတွေရဲ့ သဘောတူကြည်ဖြူမှုဖြင့် ဆုနားမှာ နေခွင့်ရတော့မည်။ နောက်တစ်ပွဲဆို ဆုကို တရားဝင်ပိုင်ဆိုင်သွားတော့မည်။

ဘာပဲဖြစ်ဖြစ်ဆုရယ် . . နောက်ဆုံးအနေနဲ့တော့ ဆုရဲ့ မျက်နှာလေးကို မြင်ချင်ပါသေးတယ်၊ ဆုရဲ့ မဲ့နက်လေးကိုလည်း တစ်ဘဝလုံးစာအဖြစ် တစ်ခါလောက်တော့ ကြည့်သွားချင်ပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပဲ ဆုတို့စုံတွဲက ညော့်ပရိသတ်များကို ညော့်ခံရင်း သူနှင့်နီးသော မျက်ခင်းပြင်နေရာတစ်ခုသို့ ရောက်လာသည်။ လင်းနေ ဘယ်ကဘယ်လို ကားပေါ်ကဆင်းမိသွားသလဲ မသိလိုက်။ အသက်မဲ့သောလူတစ်ယောက်လို ဆုကို ရှေးရှုရင်း ဆုရှိရာသို့ တစ်လှမ်းချင်းတိုးသွားမိသည်။ ပြီးတော့ အလှပန်းပင်လေးတစ်ခုဘေးမှာ ကွယ်ရင်း ဆုမျက်နှာလေးကို တမေ့တမော ငေးမိသွားပါသည်။

သူအသိမဲ့သွားသောအခိုက်အတန့်သည် ခဏမျှ ခဏလေးပဲဖြစ်၏။ ဒါပေမဲ့. . .

ချက်ချင်းဆိုသလို စေ့စပ်ပွဲလေးရဲ့ ကောင်းကင်မှာ တိမ်ညိုတွေ ရစ်သိုင်းလာသည်။ ထို့နောက်မှာ. . .

ဝုန်းခနဲ ရွာချလိုက်သောမိုးကြောင့်. . .

"ဟာ. . ."

"အမေ့. . ."

"မိုးတွေ လုပ်ပါဦး. . ."

မြက်ခင်းပြင်ပေါ်မှာ အကုန်ပျာယာခတ်သွားသည်။ မိုးလွတ်ရာကိုပြေးသူကပြေး၊ ထီးယူသူကယူ၊ ဒါပေမဲ့ ထိုအရာတွေအားလုံးရဲ့အလယ်မှာ မိုးရေစက်တွေကို ကြောက်လန့်သောမိန်းကလေးတစ်ယောက်သည်ကား. . .

တကိုယ်လုံး တဆတ်ဆတ်တုန်လျှက် မျက်လုံးတို့ပြူးကျယ်ထိတ်လန့်ကာ. . .

ဖေးမတွဲကူသူများကြား အော်ဟစ်ရုန်းကန်နေပါတော့သည်။

လင်းနေ ဆုကိုကြည့်ပြီး ကြောင်အကာ ဘာလုပ်ရမှန်းမသိ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေစဉ်မှာပဲ. . သော်ကြီးတို့သုံးဦး အနားရောက်လာသည်။ ထို့နောက် သူ့ကိုကားပေါ်ဆွဲတင်၍ ဟိုတယ်တွင်းမှ ထွက်ခဲ့လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"လင်း နေ. . ဒါကတော့ မင်း လူကြီးလူကောင်းမဆန်တာပဲ. . . ဒီနည်းမျိုးနဲ့ စေ့စပ်ပွဲကိုဖျက်ရလား. . ."

ဆွေဦးက လုံးဝအပြစ်တင်သည်။ ခန့်တည်က. . .

"ဆု ကိုယ်တိုင်လည်း မိုးမိမခံနိုင်တာကို သိလျှက်များတောင်ကွာ. . . မင်းမို့လုပ်ရက်တယ်၊ မိုးရေအောက်မှာ အရှူးမလေးတစ်ယောက်လိုပဲ. . ဘယ်လောက်သနားဖို့ကောင်းလဲ"

"မဟုတ်ဘူး. . ငါ တမင်လုပ်တာ မဟုတ်ဘူးကွ. . ."

"တမင်လုပ်တာမဟုတ်ရင် ဘာလဲကွ၊ မင်းဟာက. . ဟိုမှာ စေ့စပ်ပွဲက ပျက်သွားပြီ. . မင်းဘယ်လိုတာဝန်ယူ ဖြေရှင်းပေးမလဲ"

"ငါ. . . မသိတော့ဘူးကွာ. . ."

သူစိတ်ညစ်ညစ်ဖြင့်သာ ပြောမိလိုက်တော့သည်။ ဘာကယ်လည်း ဘာလုပ်ရမှန်းကို မသိတော့ပါ။ ထိုစဉ်မှာပဲ ကားမောင်းနေ

www.burmeseclassic.com

www.burmeseclassic.com



သော သော်ကြီးမှာ ဘရိတ်ဖိနင်းလိုက်မှုကြောင့် ကားတစ်စီးလုံး ယိမ်းထိုးသွားသည်။

"သော်ကြီး. . ဘာဖြစ်လို့လဲ"

"ဟိုသစ်ပင်အောက်မှာ ဘိုးတော်ကြီးတစ်ယောက်"

"ဟင်. ."

ငိုထားသောလင်းနေ ဦးခေါင်း ဆတ်ခနဲထောင်သွားတော့၏။

"ဘယ်မှာလဲ. . ."

"ဟို. . သစ်ပင်အောက်မှာ"

သော်ကြီး ညွှန်ပြရာကြည့်လိုက်မိတော့ လင်းနေမျက်လုံးတို့ ပြူးကျယ်သွားရသည်။ တွေ့ပါပြီ။ ပြဿနာတွေကို မီးမွှေးသယ်ဆောင်လာသည့်အဖိုးကြီး၊ ညောင်ပင်ကြီးတစ်ပင်အောက်မှာ တောင်ဝှေးတစ်ချောင်းနဲ့ လည်ပင်းမှာပုတီးကုံးကြီးဆွဲလို့ ကြည့်ရင်းနဲ့ လင်းနေမေးကြောကြီးများ ထောင်ထလာသည်။

"သူပဲ. . ."

". . . . . . . . . . . . . . ."

"ငါ့ကို ဒုက္ခတွေဆက်တိုက်ပေးနေတဲ့ အဖိုးကြီးက သူပဲ. ." ပြောပြောဆိုဆို လင်းနေကားပေါ်မှ ခုန်ဆင်းလိုက်သည်။ သူ့ကောင်တွေလည်း တိုင်ပင်ထားသည့်အလား ပြေးဆင်းသည်။ သူတို့ကိုမြင်သည်နှင့် အဖိုးကြီးမှာ ထပြေးတော့၏။

"မပြေးနဲ့. . ."

"ပြေးတယ်. . ."

"မပြေးနဲ့လို့ ပြောနေတယ်နော်. . ."

အဖိုးကြီးကပြေးရင်းနှင့် နောက်လှည့်အော်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ဘယ်ဂိုဏ်းကကောင်တွေလဲ. . "

"ခင်ဗျားကို ဖမ်းမဲ့ဂိုဏ်းက. . . "

ဒီတစ်ခါတော့ လင်းနေဘယ်လိုမှ အလွတ်မခံတော့၊ အဖိုးကြီးကိုရှေ့မှပမ်းတက်ကာ ပိတ်တားလိုက်သည်။ နောက်မှ သော်ကြီးတို့ သုံးယောက်လည်းမှီလာရာ အဖိုးကြီးကို ဝိုင်းပြီးသားဖြစ်သွားတော့၏။

ထိုခဏမှာပဲ မိုးတွေရွာချလာလေပြီ။ အဖိုးကြီးက တောင်ဝှေးကြီးနှင့် သူတို့သုံးကောင်ကို တစ်လှည့်စီချိန်ပြီး. . .

"ငါပစ်လိုက်ရမလား. . "

သော်ကြီးတို့ နောက်တွန့်သွားသည်။ လင်းနေ ရှေ့တစ်လှမ်းတိုးရင်း. . .

"သူ့တောင်ဝှေးက ဘာမှလုပ်မရဘူး၊ တစ်၊ နှစ်၊ သုံးဆိုတာနဲ့ ဝိုင်းဖမ်းကြမယ်"

သူတို့တွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။ ပြီးတော့. . .

"တစ်. . . "

"နှစ်. . . "

"သုံး. . . "


လေးယောက်လုံး ဝုန်းခနဲခုန်ဝင်ကာ အဖိုးကြီးကို ဆွဲမိဆွဲရာ ဝိုင်းဆွဲလိုက်သည်။ တောက်လျှောက်စွမ်းလာသော အဖိုးကြီး လှုပ်ချိန်ပင်မရခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com





# XIX

အခဲ ဖိုးကြီးကို အဝတ်လဲပေးထားသည်။ သူ့အဝတ်အစားတွေကိုတော့ အဝတ်လျှော်စက်ထဲထည့်ကာ လျှော်ပေးထား၏။ ရှပ်အင်္ကျီအကွက်၊ ပုဆိုးကွက်စိပ်ဖြင့် အဖိုးကြီးပုံစံက သူငယ်ပြန်နေသူလိုလို၊ သူငယ်နာမစင်သေးသူလိုလို၊ ပြီးတော့ သူ့ကို မိုင်လိုတစ်ခွက်လည်း ဖျော်တိုက်ထားရသေးသည်။ မိုင်လိုတွေကလည်း နှုတ်ခမ်းမွှေးတွေမှာ ပေပွလို့. . ။

"ငါ့အင်္ကျီတွေကော. . "

"အဝတ်လျှော်စက်နဲ့ လျှော်ထားတယ်"

"အဝတ်လျှော်စက်က ဘယ်ဂိုဏ်းကလဲ"

"အဝတ်လျှော်စက်က လူမဟုတ်ဘူး၊ စက်. . စက်. . "

"အဲ့ဒီစက်က ဘယ်ဂိုဏ်းကလဲ. . "



www.burmeseclassic.com

www.burmeseclassic.com


သော်ကြီးတို့ ပုလိပ်စစ်စစ်မယ်မှမကြံသေး အဖိုးကြီးက ပြန်ရစ်နေသဖြင့် ခေါင်းကုတ်ကုန်သည်။

ပုံစံကြည့်ပြီး နားလည်ရလည်း ခက်နေကြသည်။ ရူးသည်ဟု ပြောရအောင်လည်းခက်၊ မရူးဘူးဟုပြောရအောင်လည်းခက်၊ သာမာန်မဟုတ်တာတော့ သေချာသည်။

လင်းနေ စိတ်မရှည်တော့ဘဲ အဖိုးကြီးရှေ့ဝင်ထိုင်ကာ. .

"အဖိုး. . . ကျွန်တော့်ကို မှတ်မိလား. ."

အဖိုးကြီးက သေချာကြည့်သည်။ ပြီးတော့ ခွိုးခနဲ ရယ်သည်။

"အဖိုး ကျွန်တော်ကားပေါ်မှာ လိုက်စီးဖူးတယ်လေ. ."

"သိသားပဲ. . မင်းကိုငါ လားမားကြီးရဲ့ ငါးရုပ်လေးတောင် ပေးခဲ့သေးတယ်. . အခု ငါးလေးမရှိတော့ဘူးမလား. . ."

လင်းနေ အံ့သြသွားသည်။

"အဖိုးဘယ်လိုလုပ်သိတာလဲ. . ."

"မသိဘူး. . မရှိတော့ဘူးဆိုတာပဲသိတယ်"

အဖိုးကြီးစကားကြောင့် သူတို့ အူကြောင်ကြောင်ဖြစ်သွားရ၏။

"ကျွန်တော် အခုဒုက္ခရောက်နေတယ်အဖိုး၊ ကျွန်တော် ဘယ်သွားသွား မိုးတွေ နောက်ကလိုက် ရွာနေတယ်၊ ကျွန်တော် ဘယ်လိုလုပ်ရမလဲ. . ကျွန်တော့်ကိုကယ်ပါဦး. ."

"မင်းအပြစ်နဲ့မင်းပဲ ငါကယ်လို့မရဘူး. . ."

"အဲဒါဆို ကျွန်တော်သွားတဲ့နောက် မိုးတွေတစ်လောကလုံး လိုက်ရွာနေတော့မှာပေါ့. . ."


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မရွှာစေချင်ရင် ငါးရုပ်ကို ပြန်ရှာပြီးတောင်းပန် ဒါပဲရှိတယ်. . ."

"ကျွန်တော်ရှာပြီးပြီ၊ ဘယ်လိုမှ ရှာမတွေ့တော့ဘူး၊ တခြားနည်းမရှိဘူးလား. ."

"မရှိဘူး၊ မင်းဘာသာ ရှေးဟောင်းပစ္စည်းကို မလေးစားလုပ်လို့ဖြစ်တာ. . ငါလည်းမတတ်နိုင်ဘူး၊ ဂမ္ဘီရပစ္စည်းတွေ ခိုက်ပြီဆိုရင် ဘာနဲ့ယတြာချေချေမရဘူး၊ ခုမင်းကို နတ်ငါးရုပ်က အပြစ်ပေးနေတာပဲ. ."

ထိုစကားပြောလိုက်ချိန် အပြင်မှာ ဂျိမ်းခနဲ မိုးတစ်ချက်ချိန်းသွားသေးသည်။

လင်းနေ မှန်ပြတင်းကနေကြည့်လိုက်တော့ ကောင်းကင်မှာ တိမ်မည်းများ ရွေ့လျားစုဝေးလာတာကို မြင်ရသည်။ ကြက်သီးထဖွယ်ပါ။ ဆွေဦးနှင့် ခန့်တည်ပင်မျက်နှာပျက်ကာ အဖိုးကြီးကိုကြောက်လန့်တကြားကြည့်နေကြ၏။

"အဖိုးက အဲ့ဒီအရုပ်ကို ဘယ်ကရတာလဲ"

"ငါ့ဆရာပေးတာ"

"အဖိုးရဲ့ဆရာကို တောင်းပန်ရင်ရော မရဘူးလား"

"ဘယ်လိုလုပ်ရမှာလဲကွ၊ ငါ့ဆရာက တိဘက်ပြည်က လားမားကြီးပါဆိုမှ. ."

စိတ်သာညစ်မိတော့၏။ ဆက်ပြောသေးသည်၊

"ခု. . သူ ရှမ်ဘဲလားရောက်နေတယ်၊ အဲမှာ တော်တော်ကြာလိမ့်မယ်၊ အဓိဋ္ဌာန်ဝင်နေတာ. . နောက်နှစ်(၁၀၀)လောက်နေမှ ငါနဲ့ထပ်တွေ့ဖြစ်မှာ. . ."



www.burmeseclassic.com

www.burmeseclassic.com


"သေသာ သေလိုက်ပါတော့ဆရာသမားရယ်"

လေးယောက်သား တစ်ယောက်မျက်နှာတစ်ယောက်သာ ကြည့်မိလိုက်တော့သည်။ *အဖိုးကြီးကို ပြန်ဖမ်းမိပေမယ့် သူ့ပြဿနာ* ဖြေရှင်းလို့မရသဖြင့် စိတ်မာတ်က ပိုကျလာသည်။ ဖြေရှင်းဖို့နည်းလ တကယ်ပင် မရှိတော့ဘူးလား။

"ငါ ထမင်းဆာတယ်"

သော်ကြီးက စိတ်မရှည်သလို ဝင်ပြောသည်။

"အင်း. . ကျွေးမယ်၊ ပြီးရင် အိပ်တော့. . ."

"အေး. . အိပ်မယ်. ."

အဖိုးကြီးက လေးယောက်စာချက်ထားသည့် ထမင်းပေါင်း အိုးကို တစ်ယောက်တည်းကုန်အောင် စားသွားသည်။ ပြီးတော့ လင်းနေ ကုတင်ပေါ် စန့်စန့်ကြီးတက်ကာ အိပ်ပါလေတော့၏။


www.burmeseclassic.com

www.burmeseclassic.com



မနက်လင်းတော့ အဖိုးကြီးကို မတွေ့ရတော့ချေ။

ဒါပေမဲ့ ဘုရားစင်ပေါ်မှာ လက်ရေး ညှံ့ညှံ့နှင့် စာတစ်စောင်ကိုတွေ့ရသည်။

ဘာသာရေးကို လေးလေးနက်နက် လုပ်ဆောင်ပါ၊ အချိန်တန်ရင် အားလုံးပြီးသွားလိမ့်မယ်. . .


ရင်မှာမောသွား၏။

ဒါ ဖြေရှင်းနည်းအစစ်အမှန်ပဲလား. . .



www.burmeseclassic.com

www.burmeseclassic.com

# XX

သူ ဆုဆိုဖုန်းဆက်မိသေး၏။ သူ့ဖုန်းကိုမကိုင်၊ စိတ်နာသွားပြီထင်သည်။ နာမည်ဆိုလည်း နာလောက်ပါသည်လေ၊ စေ့စပ်ပွဲ ရက်ရွှေ့သွားသည်ဟုတော့ သတင်းသဲ့သဲ့ကြားရ၏။ ဆွေဦးတို့ဆီ တော့ လာမည့်သင်္ကြန်မတိုင်ခင် ပြန်လုပ်ဖြစ်လိမ့်မည်ဟု လွင်ဇာနွယ် တို့ထံမှ ကြားသိရကြောင်းပြောသည်။

သူ့ဘာတတ်နိုင်မည်နည်း၊ ချစ်ရသူရဲ့ဘဝကို ကိုယ်မှ သာ ယာအောင် မဖန်တီးပေးနိုင်တာ၊ ဖန်တီးပေးနိုင်သူဆီမှာ ပျော်ပါစေ လို့သာ ဆုတောင်းပေးရုံပေါ့။ ဒီရက်ပိုင်း သူ ဘုရားတရားသာ အာ ထား လုပ်မိသည်။ ကောင်းမှုကုသိုလ်တွေ ပြုသည်၊ အလှူဒါန လုပ် သည်။ သူ့ပဲ ကုသိုလ်ထူးသည်လားမသိ၊ သဘာဝပတ်ဝန်းကျင် ထိန်း သိမ်းခြင်း ညှိဖျင်းမှု၏ အကျိုးဆက်အဖြစ် မြန်မာနိုင်ငံ အထက်ပိုင်း


www.burmeseclassic.com

www.burmeseclassic.com



ဒေသများတွင် ယခုနှစ်လည်း မိုးခေါင်ရေရှားသံတွေ ဆူဆူညံလာသည်။

ထို့အတွက် မိုးခေါင်သောဒေသများသို့ တစ်ဦးတည်း ခရီးထွက်သည်။ ပြီးတော့ ထိုဒေသတွေ မိုးရွာအောင် သူ တိတ်တိတ်လေးလုပ်ပေးခဲ့ပါသည်။ ဒေသခံတွေ ပျော်နေတာမြင်ရတော့ သူ့စိတ်ထဲမှာ ပီတိဖြစ်ရသည်။ ဒီလိုဆိုတော့လည်း သူ့အစွမ်းက မဆိုး၊ ကိုယ့်အတွက်မဟုတ်သော်လည်း တခြားသူတွေအတွက်တော့ အသုံးဝင်သား။ သူ မိုးရွာခြင်းကိုလည်း ကောင်းမွန်စွာ အသုံးချနေခဲ့သည်။

သောက်သုံးရေ ရှားပါးခြင်းအတွက် သော်ကြီးတို့နှင့် ရေအလှူလိုက်ရင်း မိုးခေါင်သော ရွာများကို ပြန်လည်စိုစွတ်စေခဲ့ပါသည်။ သူ့ကြောင့်ဆိုတာကိုတော့ မည်သူမှမသိအောင် တတ်နိုင်သမျှ လျှို့ဝှက်ထားခဲ့သည်။ လူမသိစေဘဲ လျှို့ဝှက်ခဲ့ပါသည်။

ငါးရုပ်ကတော့ ဘယ်ဆီဘယ်ဝယ်ရောက်နေသည် မသိတော့ပါ။ မကျေနပ်ပေမယ့် သူ နေတတ်နေပါပြီ။

ဆုကို သတိရမိတာကလွဲရင်ပေါ့. . .။



www.burmeseclassic.com

www.burmeseclassic.com


ဒီလိုနှင့်. . .

. . . . . . . . . . . . . . . .


. . . . . . . . . . . . . . . . . .

သက်ြန်ကာလပင် ရောက်လုနီးခဲ့ပြီ၊


www.burmeseclassic.com

www.burmeseclassic.com





# XXI

ဆု နှင့်ပတ်သက်သော ကိစ္စများကို တတ်နိုင်သလောက် ကြိုးစားမေ့ရင်း ပုံမှန်အခြေနေတစ်ခု ပြန်ရောက်အောင် သူ ကြိုးစားနေရသည်။ ကားကိုလည်း ပုံမှန်ပြန်ဆွဲနေပြီ။ တစ်ခါတစ်ခါတော့ ဆုတက်ခဲ့ဖူးသော သင်တန်းလေးရှိရာသို့ အမှတ်မထင် ရောက်ရောက်သွားမိခဲ့သည်။ ဒါပေမဲ့ ဆုကိုမတွေ့ရတော့ပါ။

သင်တန်းပြီးဆုံးသွားပြီထင်ရဲ့ (သို့) မတက်တော့တာလည်း ဖြစ်နိုင်သည်။

တစ်ရက်တော့ ညှော့သည်လိုက်ပို့ရင်း လမ်းကြားလေးတစ်ခုသို့ရောက်ခဲ့သည်။ အသက်ငါးနှစ်အရွယ် ကလေးမလေးတစ်ယောက် ပိတောက်ပင်ကြီးကို စိတ်ပျက်လက်ပျက်ဖြင့် မော့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ သူကားကိုရပ်ပြီး မေးလိုက်သည်။

"ဘာဖြစ်လို့လဲသမီးလေး"

"သကြိန်ရောက်တော့မယ်လေ ပိတောက်ပန်းလိုချင်လို့"

"ပိတောက်ပန်းက မိုးရွာမှပွင့်မှာ သမီးလေးရဲ့"

"ဟင်. . ဟုတ်လား. . အဲလိုဆို မိုးမှမရွာတော့ ပန်းလည်း ပွင့်မှာမဟုတ်တော့ဘူးပေါ့. . "

သူပြုံးလိုက်သည်။

"ရွာချင်ရွာမှာပေါ့ သမီးရဲ့"

"တော်ပါပြီ၊ ဒီလောက်နေပူနေတာ အိမ်နောက်ဖေးမှာပဲ ကိုကိုနဲ့ ငါးသွားဖမ်းတော့မယ်"

ကလေးမလေး ထွက်သွားသည်။ ခြောက်သွေ့ပွယောင်းနေသော ပိတောက်ပင်ကြီးကိုကြည့်ကာ ကားပြတင်းမှ အပြင်ကို လက်တစ်ဖက်ထုတ်လိုက်သည်။

မကြာပါ။ ကောင်းကင်ကြီး ညို့မှိုင်းလာလေသည်။ ပြီးတော့ ပိတောက်ပင်ပေါ်သို့ မိုးစက်များ တဖျောက်ဖျောက်ကျလာတော့၏။ အချိန်အတော်ကြာအောင် ရွာစေပြီးမှ လင်းနေ ထိုနေရာမှ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက် ဖေးရေမြောင်းလေးတစ်ခုတွင်းမှာ ကလေးနှစ်ဦး ငါးအပျော်ဖမ်းနေကြ၏။ ငါးများချိတ်နှင့်မဟုတ်ဘဲ ရေတွင်းဆင်းကာ လက်ခုပ်ဖြင့် ရမိရရာ လိုက်ဖမ်းနေကြခြင်းဖြစ်၏။ သူတို့အိမ်ရှေ့ဘက်ဆီမှာ အချိန်အတော်ကြာအောင် မိုးရွာသွားသည်ဆိုတာကို မောင်နှမနှစ်ဦး မသိကြ။ ဒါပေမဲ့ မြောင်းတွင်းမှ ငါးလေးတွေကတော့ မိုးနံ့ကိုရသည်ထင်သည်။ မြောင်းဘေးကို လွန့်လူးတိုးဝှေ့နေကြ၏။

ထိုစဉ်မှာပဲကောင်မလေးမှာ ငါးလေးတစ်ကောင်ကို လက်ခုပ်ဖြင့် ကမ်းပေါ်ပက်တင်လိုက်သည်။

"ကိုကို ညီမလေးတစ်ကောင်မိပြီ"

"..............."

"ဟယ်. . ငါးလေးကအစိမ်းလေးတော့. . ."

မောင်နှမနှစ်ဦး ကမ်းပေါ်မှာ ဖျတ်ဖျတ်လူးနေသည့် အစိမ်း



www.burmeseclassic.com

www.burmeseclassic.com



ရောင်ငါးလေးကို အထူးဆန်းသဖွယ် ကြည့်နေကြပါသည်။

"ကိုကို. . ညီမလေးတို့ ဒီငါးကို ဟိုဘက်အိမ်က ဘုရားမှာ ငါးရောင်းတဲ့ ဦးလေးကြီးကို သွားပေးလိုက်မယ်"

"အေး. . သွားပေးမယ်၊ လာ. . ."


ကောင်လေးက ငါးကို ခက်ခက်ခဲခဲ ဖမ်းယူသည်။ ထိုစဉ် ငါးလေးက ပုစီပေါင်းတစ်ခုကို ပါးစပ်မှ မှုတ်ထုတ်လိုက်၏။

ထိုအရာလေးသည် ကောင်းကင်သို့ တရိပ်ရိပ်တက်ကာ တိမ်ပွင့်လေးတစ်ပွင့်အဖြစ် အလိုလိုဖြစ်ထွန်းသွားသည် ဆိုတာကို တော့ မည်သူမျှမမြင်လိုက်. .။



www.burmeseclassic.com

www.burmeseclassic.com

# XXII

သင်္ကြန်မိုး မရွာခဲ့ပါ. .။ ဒါပေမဲ့ သူရွာပေးခဲ့သော ပိတောက်ပင်မှတော့ ပန်း ပွင့်ကောင်းပွင့်ပါလိမ့်မည်။ သင်္ကြန်မှာ မည်သူတွေပျော်ပြီး မည်သူတွေချော်ခဲ့သလဲ သူမသိ။ အမျိုးသား ဘယ်နှစ်ယောက် ဆေးရုံရောက်၍ အမျိုးသမီးဘယ်နှစ်ယောက် ဘဝပျက်ခဲ့လည်း သူမသိ။ မည်သူတွေစီးပွားဖြစ်၍ မည်သူတွေ ချွတ်ချုံကျသွားလည်း သူမသိခဲ့ပါ။

သင်္ကြန်တစ်တွင်းလုံး အိမ်တွင်းအောင်းကာ ဥပုသ်စောင့်နေခဲ့သည်လေ။

ယနေ့ နှစ်ဆန်းတစ်ရက်နေ့. . .၊ သူ စောစောထ၍ ရေမိုးချိုးအဝတ်စားလဲပြီး ဗိုလ်တထောင်ဘုရားဘက် ထွက်ခဲ့လိုက်သည်။ နှစ်သစ်မှာ ကောင်းမှုကုသိုလ်ဖြင့် စတင်ချင်သည်။ ဘုရား


www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ သူ့လို ကောင်းမှုကုသိုလ်ပြုသူ အများအပြားကို တွေ့ရသည်။ လင်းနေ စောင်းတန်းတွင်ထိုင်ကာ ရွှေရောင်ဝင်းအိနေသည့် စေတီတော်ကြီးကို တဝကြီး အရင်ကြည့်နေလိုက်သည်။ ခဏတွင်းမှာပင် ပူလောင်သောကများ ငြိမ်းချမ်းသွားသလို ခံစားလိုက်ရ၏။

သူများတွေလို ရင်ပြင်တော်ပေါ်ထွက်မရသည်မို့ စောင်းတန်းမှပင်ထိုင်ကာ ဘုရားရှိခိုး ပုတီးစိတ်ရပါသည်။ စိတ်ကြိုက်ပူဇော်လို့ပြီးစဉ်မှာ ငါးလွှတ်ရန် ငါးကန်ဘက် ထွက်ခဲ့လိုက်သည်။

"ဘယ်နှစ်ကောင်ယူမလဲ အစ်ကို"

"(၂၅)ကောင်. . ."

ငါးရောင်းသူက ဒန်ဇလုံကြီးတွင်းမှ ငါးလေးများကို ရေတွက်ကာ အိတ်တွင်းထည့်ပေးသည်။ ထိုအချိန်မှာပဲ မိုးဖွဲလေးများ တဖျောက်ဖျောက်ကျလာ၏။

"ဟာ. . . မိုးတွေရွာလာပြီ"

ငါးရောင်းသူက စိတ်ညစ်ညူးသလို အော်သည်။ လင်းနေကြောင့် ရွာသည်ဆိုတာကိုတော့ မသိရှာ။ မိုးရေထဲမှာပင် ငါးအိတ်လေးကိုကိုင်ရင်း လင်းနေ ကန်ရှိရာကိုသွားလိုက်၏။ ရေကန်စပ်မှာထိုင်ပြီးတော့ ငါးအိတ်လေးကိုကြည့်ရင်း ဘာရယ်မဟုတ် ဆုကိုသတိရမိသည်။ ဒီလိုငါးအိတ်လေးနဲ့ သူနဲ့ဆု ဆုံခဲ့တာလေ။

ခုတော့. . .

သက်ပြင်းကိုချရင်း ခေါင်းကိုခါလိုက်သည်။

သတိမရကောင်းတော့ပါဘူးလေ. . .

ထို့နောက်မှာတော့. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘဝအဆက်ဆက်မှ ယနေ့ယခုအချိန်အထိ. . သီလ၊ သမာဓိ၊ ပညာကြီးမားသူတို့အားလည်းကောင်း. . . သီလ၊ သမာဓိ၊ ပညာကြီးမားသော အရာဝတ္ထုများအပေါ်တွင်လည်းကောင်း ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် မလေးစား၊ စော်ကားမှုများ ပြုခဲ့သည်ရှိသော် တောင်းပန်အပ်ပါသည်၊ တောင်းပန်အပ်ပါသည်၊ တောင်းပန်အပ်ပါသည်ခင်ဗျား. . ဝဋ်ကြွေးများရှိပါကလည်း ဤဘဝ ဤမျှနှင့်သာ ကျေပါစေ. . ."

ထိုသို့ရွတ်ဆိုပြီးနောက် လင်းနေ ငါးအိတ်လေးထဲမှ ငါးများကို ရေနှင့်အတူလျှော၍ လွှတ်ပေးလိုက်ပါသည်။ မိုးစက်များနှင့်အတူ ငါးကလေးများက ကျဉ်းမြောင်းသော အိတ်လေးထဲမှတဆင့် ကျယ်ဝန်းသော ကန်ကြီးထဲသို့ လျှောကျကုန်လေသည်။

ဒါပေမဲ့ ထိုအထဲတွင် စိမ်းဖန့်ဖန့် ငါးလေးတစ်ကောင် ပါသွားသည်ဆိုတာကိုတော့ သူမသိလိုက်. .၊ ထိုငါးလေးမှာ တစ်ချိန်တစ်ခါက လမ်းဘေးရေမြောင်းထဲသို့ သူလွှင့်ပစ်ခဲ့မိသော ကျောက်ငါးရုပ်လေး ဖြစ်သည်ဆိုလျှင်. . .

ငါးလေးသည် ကန်ထဲရောက်ပြီးနောက် ကန်မျက်နှာပြင်ပေါ်သို့ ပြန်တက်လာသည်။ ပြီးတော့ လင်းနေကိုသေချာကြည့်သည်။ ရေပြင်ထက်တွင်ခေါင်းလေးဖော်ကာ အချိန်တစ်ခုကြာအောင် ကြည့်ပြီးနောက် ပါးစပ်မှ ပူစီပေါင်းလေးတစ်လုံးကို မှုတ်ထုတ်လိုက်သည်။

ထို့နောက်မှာတော့ ရေပြင်တွင်းသို့ ခေါင်းတိုးဝင်ရင်း ပျောက်ကွယ်သွားပါလေတော့၏။

လင်းနေ မတ်တပ်ရပ်၍ စိုနေသောလုံချည်ကို ပြင်ဝတ်

www.burmeseclassic.com


သည်။ ကန်တွင်းမှာကူးခတ်နေသော ငါးလေးများ၊ လိပ်လေးများကို ပြုံးကြည့်ရင်း လှည့်ထွက်ခဲ့လိုက်တော့သည်။ ကားဆီလျှောက်သော လမ်းတွင် ထူးဆန်းတာတစ်ခုကို သူသတိထားမိလိုက်၏။

"ဟင်. . ."

မိုး. . . မိုးမရွာတော့ချေ၊ ခဏတော့ သူ ကြက်သေသေ သွားသည်။ သူ ခေါင်းပေါ်တွင် အမိုးအကာရှိမနေပါ၊ ဟုတ်မှဟုတ်ရဲ့ လား၊ သေချာအောင်မော့ကြည့်သည်၊ မရှိ။

မိုးလည်းမရွာ၊

ထပ်သေချာအောင် လက်ကိုဆန့်တန်းရင်း မိုးရစက်ကို ခံကြည့်သည်။ သေချာလေပြီ၊ မှားရန်မရှိတော့. . .။


"ဟေး. ."ခနဲ ထအော်တော့ အကုန်လုံးက သူ့ကိုဝိုင်း ကြည့်သည်။ ဂရုစိုက်မနေအားတော့. . .

ဘုရားဆီပြန်ပြေးကာ. . အကြိမ်ပေါင်း ရာထောင်မက အောင် ကုန်းကုန်းကန်တော့မိပါတော့၏။


www.burmeseclassic.com

www.burmeseclassic.com





# XXIII

ဘုရားမှာ ငှက်လွှတ်ပြီးနောက် ဆုနှင်းသဘင် ကားကို ကိုယ်တိုင်မောင်းထွက်ခဲ့သည်။ အရင်လို ကြောက်သည်ကိုအကြောင်းပြပြီး မမောင်းလို့မရတော့၊ အဖေက အသက်ကြီးပြီဖြစ်သဖြင့် ကားမမောင်းတော့ကြောင်း တရားဝင်ကြေငြာလိုက်ပါပြီ။ ထို့အတွက် အိမ်၏သွားရေးလာရေး၊ မေမေ့ကိုစျေးပို့ရေးကိစ္စမှာ သူမတာဝန်ဖြစ်ခဲ့ပြီ. . .။

ဘုရားမှထွက်ပြီး မကြာမီမှာပဲ သူမကားရှေ့သို့ ဝုန်းခနဲ အဖိုးကြီးတစ်ယောက် ရောက်လာသည်၊ အလျှင်အမြန် ဘရိတ်အုပ်လိုက်၍ ဘာမှမဖြစ်၊ ချေးအထပ်ထပ်ဆွဲနေသော အဖြူရောင်ဝတ်စုံကို ဝတ်ထားသည်။ ဆံပင်နှင့်မုတ်ဆိတ်မွေးများမှာ စုတ်ဖွာပြီး လည်



www.burmeseclassic.com

www.burmeseclassic.com


ပင်းမှာ ပုတီးကြီးတစ်ကုံးကိုဆွဲထား၏။ အလွန်တရာကြီးမားသော လွယ်အိတ်ကြီးနှင့် တောင်ဝှေးတစ်ချောင်းလည်းပါသည်။

အဖိုးကြီးက ဆတ်ခနဲ အနားရောက်လာပြီး ကားတံခါး ဖွင့်ကာ ဝင်ထိုင်သည်။

"ဟယ်. . ဘုရားရေ. . . "

ဒီတော့မှ ကားလော့မချရသေးမှန်း သတိရသည်။ ဒါပေမဲ့ နောက်ကျသွားခဲ့ပါပြီ. . . ။

"မောင်း. . မောင်း. . မြန်မြန်မောင်း. . "

"ရှင်. . . "

"မောင်းလေ. . ပစ်လိုက်ရမလား. . "

အဖိုးကြီးက တောင်ဝှေးကို သေနတ်လိုလုပ်ပြီး သူမကိုလှည့် ချိန်သည်။ ဆုနှင်းသဘင် လန့်ဖျပ်ကာ ကားကိုမောင်းထွက်လိုက်ရ သည်။

"ဘယ်. . ဘယ်ကိုမောင်းရမှာလဲ"

"အဝတ်လျှော်စက် ရှိတဲ့အိမ်ကိုမောင်း"

"ရှင်. . အဝတ်လျှော်စက်ရှိတဲ့အိမ်က အများကြီးကို. . "

"အများကြီးဆို ငါလမ်းပြောပြမယ် ငါပြောတဲ့အတိုင်းသာ မောင်း. . . "

"ဟုတ်. . ဟုတ်. . . "

ဘာဘာညာညာ စဉ်းစားမနေနိုင်တော့. . . အဖိုးကြီးပြော သည့်အတိုင်းသာ မောင်းရတော့သည်။ လမ်းတွင်အဖိုးကြီးက ဘူးသီးခြောက်ရေဘူးကြီးကိုဖွင့်ပြီး သူမကိုတိုက်သည်။ သူမက ငြင်းတော့ သူ့ဖာသာသောက်ကာ ပြန်သိမ်းသွား၏။ အတော်ကြီးကြာ


www.burmeseclassic.com

www.burmeseclassic.com



အောင် မောင်းပြီးနောက်မှာ. . .

"ဟိုရှေ့ကလမ်းကို ချိုးလိုက်. ."

ပတ်ဝန်းကျင်ကိုကြည့်ပြီး သူမနှင့်အစိမ်းသက်သက်မဟုတ်ကြောင်း ခံစားလိုက်ရသည်။ သေချာကြည့်တော့ လင်းနေတို့ရပ်ကွက်ဖြစ်နေသည်။ ဘာပဲဖြစ်ဖြစ် သူမအားတက်သွားရပါသည်။

"ရောက်ပြီ. . ရောက်ပြီ. . ဒီအိမ်ပဲ. ."

ဘုရားရေ. . ဆိုက်ဆိုက်မြိုက်မြိုက်၊ ဒါ လင်းနေအိမ်ပဲ. .။

ဒါပေမဲ့ အိမ်မှာ သော့ပိတ်ထားသည်။

သူမ အံ့သြနေစဉ်မှာပဲ အဖိုးကြီးက. . .

"ရော့. . ကလေးမ၊ ကားခ. ."

အဖိုးကြီးက သူမလက်တွင်းသို့ အရာတစ်ခုထည့်ပေး၏။

ပိုက်ဆံမဟုတ်. . .

ကြေးဝါဖြင့်ပြုလုပ်ထားသော လက်နှစ်လုံးအရွယ်ခန့် ငှက်ရုပ်လေးတစ်ရုပ်။ အဖိုးကြီးက ကားပေါ်မှ ပြေးဆင်းသွားသည်။ ထိုစဉ်မှာပဲ သူမကားနဘေးသို့ ကားတစ်စီးထိုးဆိုက်လာသည်။

လင်းနေကား. . .

လင်းနေ ဆုကိုတွေ့လိုက်စဉ်မှာ ကိုယ့်မျက်လုံးကိုယ်မယုံနိုင်၊ ကားပေါ်မှ ကမန်းကတန်းပြေးဆင်းရင်း. . .

"ဆု. . ဆုကျွန်တော့်အိမ်ကို"

"ရှင့်အဖိုးကို လိုက်ပို့တာ. . ."

"ဘယ်မှာလဲ. . ကျွန်တော့်အဖိုး"

"ဟိုမှာလေ. ."

"ဟော့ကောင်. . မင်းကဘာလို့ အိမ်ကိုသော့ခတ်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ. . ပေး. . အိမ်သော့. .”

အမှတ်မထင် ပြန်တွေ့ရသော အဖိုးကြီးကြောင့် လင်းနေ ထိတ်လန့်သွားသည်။ အခုမှ မိုးရွာခြင်းမှ ကင်းလွတ်လာတာကို ခု ထပ်တွေ့တော့. . .

“အိမ်သော့က. . ဘာလုပ်ဖို့တုန်း”

“ဟိုတစ်ခါ မင်းအိမ်မှာလာအိပ်တဲ့ညက ငါ့ဂမ္ဘီရ ပုတီး တစ်ကုံး မေ့ကျန်ခဲ့တယ်. . အဲဒါလာပြန်ယူတာ”

ဒီတော့မှ လင်းနေစိတ်အေးသွားသည်။ အိမ်သော့ကို ပြီးပြီး ရောထုတ်ပေးလိုက်တော့ အဖိုးကြီးက အိမ်တံခါးဆီပြေးသွား၏။ ဆုကိုငဲ့ကြည့်တော့ ဆုက သူ့ကိုငေးကြည့်နေသည်။

“ဆု ကိုယ်တိုင်မောင်းလာတယ်နော်”

“ဟုတ်တယ်လေ. . အရင်လို မောင်းပို့ပေးမယ့်လူမှ မရှိ တော့တာ”

ရင်တွင်းမှာ လှပ်ခနဲ တစ်ချက်ဖြစ်သွား၏။ ဘာသဘောလဲ ဆုဘာကိုဆိုလိုတာလဲ၊ နားလည်ချင်သဖြင့် သူ အရဲကိုးကာမေးလိုက် သည်။

“ဆုတို့မင်္ဂလာဆောင် ဘယ်တော့လဲဟင်. . မင်္ဂလာဆောင် ကျရင် ကျွန်တော့်ကို ဖိတ်ဦးမှာလား. .”

“ဘယ်သူ့မင်္ဂလာဆောင်လဲ”

“ဆု မင်္ဂလာဆောင်လေ”

“မဆောင်တော့ဘူး. . ရှုပ်လို့”

“ဟင်. .”

“ဆုနဲ့စေ့စပ်ထားတဲ့ ဟိုတစ်ယောက်ကလေ”



www.burmeseclassic.com

www.burmeseclassic.com



"မရှိတော့ဘူး . . သကြာန်မတိုင်ခင်တည်းက မိန်းမခိုးပြေးသွားပြီ"

"ဟာ . . . "

ရင်တွင်းမှာ ဘာတွေဖြစ်လို့ ဖြစ်သွားမှန်းပင် မသိလိုက်တော့ပါ။ အားရပါးရ ပျော်ရမယ်မကျန်သေး . . .

"ကဲ . . သွားပြီးဟေ့ . ."

အဖိုးကြီးက လှမ်းအော်သည်။ ပြီးတော့ ဆုကို စူးစူးရဲရဲ တစ်ချက်ကြည့်ကာ ပြေးထွက်သွားတော့၏။

လင်းနေစိတ်မှာ ထိတ်ခနဲ တစ်ချက်ဖြစ်သွားသည်။

ဒီအကြည့် . . ဒီအကြည့်ရဲ့ အဓိပ္ပါယ်က . . .

"ဆု . . ဆုကိုသူ တစ်ခုခုပေးသွားသေးလား . . "

"အင်း . . ဒီငှက်ရုပ်လေး ပေးသွားတယ်"

"ဟာ . . ပေးပေး . . "

ဆုလက်တွင်းမှ ငှက်ရုပ်လေးကို ဆတ်ခနဲ ဆွဲယူရင်း . . .

"ဟေ့ . . လူကြီး . . နေဦး . . "

"နေဘူး . . . "

လင်းနေ နောက်မှအတင်းပြေးလိုက်သည်။ လင်းနေ လိုက်လာမှန်းသိ၍ အဖိုးကြီးက ပိုပြေးသည်။

"ဒီမှာ ခင်ဗျားအရုပ် ခင်ဗျားပြန်ယူသွား"

"ယူဘူး . . . "

ဘာမှနားမလည်သည့် ဆုနှင်းသဘင်မှာ . . .

"ကိုလင်းနေ . . ကိုလင်းနေ . . နေဦးလေ . . "

လင်းနေ ဘာမှမကြားတော့၊ သူ့ အာရုံမှာ အဖိုးကြီးသာရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့၏။

အဖိုးကြီးမှာ ရှေ့ကပြေးနေသည်။

သူက နောက်မှလိုက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍များ သင်တို့ရှေ့မှာ အထက်ပါလူနှစ်ဦးကို တွေ့ခဲ့ပါလျှင်. . . ရှေ့မှအဖိုးကြီးကို ဝိုင်းဖမ်းပေးကြပါဗျာ. . .။
သူတို့အစား ကျွန်တော်မောလွန်းလို့ပါ။

သိုးဆောင်း

မြန်မာစံတော်ချိန် နံနက်နှစ်နာရီ
ငါးဆယ့်နှစ်မိနစ် ရှိပါပြီခင်ဗျာ...



www.burmeseclassic.com